www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဂျူး

# မကျွတ်

# မလွတ်

## အခန်း ၁၃

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် – ၅၀၁၃၃၉၆၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၆၅၀၁၂၁၀
၂၀၁၀–ခုနှစ်၊ ဒီဇင်ဘာလ။

ထုတ်ဝေသူ – ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ်(၂)၊ ချုန်း(၁)လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်

မျက်နှာဖုံးနှင့် – ဦးကျော်စိန်(ကျောက်စိမ်းပုံနှိပ်တိုက်)
အတွင်းပုံနှိပ်သူ (၁၇၁)၊ ၃လမ်း။ ကျောက်တံတားမြို့နယ်။

အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၀၀ကျပ်


BURMESE CLASSIC .com


ပုဏ္ဏက ၈၉၅.၈၃
မကျွတ်မလွတ်အခန်း(၁၃)/ပုဏ္ဏက၊ ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၁၀ ။
၁၄၀–စာ ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
( ၁ ) မကျွတ်မလွတ်အခန်း(၁၃)




## အခန်း-(၁)

သည်ရက်ထဲ၌ မည်သို့ဖြစ်မှန်းမသိ၊ စိတ်တွေက လေးလံလွန်းလှသည်၊ အထူးသဖြင့် ညဘက်တွင် ပို၍ဆိုးသည်။ ဌာနဆိုင်ရာမှ အရာရှိဖြစ်သူ ဇင်မင်းအောင်သည် သည်မြို့သို့ရောက်ခဲ့သည်မှာ သုံးနှစ်ပြည့်ခဲ့ပြီ ဖြစ်သည်၊ သူ့ဇာတိက သည်မြို့မဟုတ်၊ ရန်ကုန်မြို့၏ တစ်ဘက်ကမ်းတွင်ရှိသည့် သန်လျင်မြို့မှ ဖြစ်သည်၊

ဇာတိမြို့မှ တာဝန်ကျရာမြို့များသို့ လှည့်လည်တာဝန်ထမ်းဆောင်နေခဲ့ရသည်။ ယခုဆိုလျှင် သူ့အသက်လည်း သုံးဆယ့်ငါးနှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်သည်။ သူ့တစ်သက်နှင့်တစ်ကိုယ် ယခုကဲ့သို့ စိတ်လေးလံခြင်း မဖြစ်ခဲ့ဖူးပေ။ သူသည် ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး စိတ်ကလည်း မာလှသည်။

ထို့အပြင် ဇင်မင်းအောင်သည် သရဲတစ္ဆေရှိသည်ကို လုံးဝလက်ခံခဲ့သူမဟုတ်ပေ၊ သူသည် အရာရှိများနေရန်ပေးထားသည့် တစ်ထပ်တိုက်လေးထဲရှိ ဧည့်ခန်းထဲတွင်ထိုင်ရင်း စဉ်းစားနေရာမှ ပြတင်းပေါက်ဆီသို့ လျှောက်သွားလိုက်သည်။ အချိန်က ညဆယ်နာရီထိုးခါနီးနေပြီ၊

ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းတွင် ဘာ

www.burmeseclassic.com

www.burmeseclassic.com


ပင်တန်းကလေးကို တွေ့မြင်နေရသည်။

သူကြည့်နေစဉ်မှာပင် ခပ်ဝေးဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သည့် ခွေးအူသံများကို ကြားလိုက်ရသည်။

ဇင်မင်းအောင် စိတ်များပို၍ လေးလံသွားသည်။ သူ့နားထဲဟွင်လည်း တလေးဘဝက လူကြီးသူမများပြောခဲ့သည့် စကားတို့ကို ပြန်လည်ကြားယောင်လာသည်။

"ခွေးအူတယ်ဆိုတာ ကောင်းတဲ့နိမိတ်မဟုတ်ဘူး၊ ရပ်ကွက်ထဲကို မကောင်းဆိုးဝါး၊ သရဲ၊ တစ္ဆေတွေဝင်လာလို့ မြင်ပြီးအူတာပဲ။ ခွေးတွေက သရဲတစ္ဆေတွေကို မြင်ရတယ်ကွယ့်"

လူကြီးများစကားသံကို ပြန်လည်ကြားယောင်နေရာမှ ဇင်မင်းအောင် စိတ်ထဲတွင် ကြောက်ရွံ့မှုများပါ ကြီးစိုးလာသည်။

"ခွေးအူတာနဲ့ ငါဘာဖြစ်လို့ ကြောက်ရမှာလဲ။ အလကား သရဲတစ္ဆေဆိုတာ ရှိတာမဟုတ်ဘူး။ စိတ်ကူးယဉ်ပြီးပြောကြတာ။ ငါဘာဖြစ်လို့ လက်ခံရမှာလဲ"

ထိုကဲ့သို့ စိတ်ထဲမှာ ပြောဆိုကာ အားတင်းထားသော်လည်း အကြောက်ကျယ်တုန်လှုပ်နေသလို ကြက်သီးမွေးညင်းများပင် ထလာတော့သည်။ ထိုစဉ် အစိမ်းရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ဆံပင်ဖားလျားချထားသည့် သဏ္ဌာန်ကို မြင်လိုက်ရသည်။ သူ့နှုတ်မှလည်း အလန့်တကြားဝေါ စကားတချို့ ပွင့်အံထွက်ကျသွားတော့သည်။

"ဟင်. . . ဒီ. . . ဒီအမျိုးသမီးဟာ ဒါ ဟိုတစ်ညက ယမ်းချိုင်းနားမှာ တွေ့ခဲ့ရတဲ့ အမျိုးသမီးများလား မသိဘူး၊ ဟုတ်တယ်၊ ဖြစ်နိုင်တယ်။ ဆက်နေတဲ့ အခု မမြင်ရသလို အဲ့ဒီတုန်းကလည်း မမြင်ခဲ့ရဘူး။ ဒါပေမယ့် ရုပ်နေတာ တော့ ဒီအတိုင်းပဲ"

သူ့စိတ်ထဲက တုန်လှုပ်မှုနှင့်အတူ တွေးတောနေစဉ်မှာပင် ဆံပင်ဖားလျားချကာ ကျောခိုင်းရပ်နေသည့် အမျိုးသမီးက တရွေ့ရွေ့လျှောက်သွားနေသည်။ ခြေခိုးခြေ့များပမာ လွင့်မျောနေခြင်း ဖြစ်သည်။ လူလမ်းလျှောက်ပုံနှင့် လုံးဝ တူနေ၏။ ဇင်မင်းအောင်တစ်ယောက် လေးလံထိုင်းမှိုင်းစွာဖြင့် ဆိုဖာပေါ်တွင် ထိုင်ချလိုက်ပြန်သည်။ သူ့အတွေးများထဲသို့ တွေ့လိုက်ရသည့် အမျိုးသမီးက ဝင်ရောက်စိုးမိုးလာပြန်သည်။

"ငါ့စိတ်တွေ လေးလံနေလို့ အမြင်မှားတာများလား။ မဟုတ်သေးပါဘူး။ ငါသေသေချာချာ မြင်လိုက်ရတာပါ။ ပြီးတော့ ဒီတစ်ခါတည်းတင် မကဘူး။ နှစ်ခါတောင်မှ မြင်ခဲ့ရတာဆိုတော့ ဘယ်လိုမှ မလွဲနိုင်ဘူး။ ပြီးတော့. . . ပြီးတော့ ငါ ဟိုတစ်ပတ်လောက်က တွေ့ခဲ့ရတဲ့. . ."

ဇင်မင်းအောင် ထိုင်ရင်းစဉ်းစားနေဆဲမှာပင် သူ့အိမ်ရှေ့ဆီမှ လျှောက်လာသည့် ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရသည့်အတွက် ခေါင်းနပန်းကြီးသွားသည်။ ထိုစဉ် သူ့အိမ်ရှေ့ခြံစည်းရိုးနားမှ ဆွဲဆွဲငင်ငင်အူဟစ်ကာ ထိုးဟောင်နေသည့် ခွေးတစ်ကောင်၏အသံကိုလည်း ကြားလိုက်ရပြန်သည်။

"ဟင်. . . ဒါ. . . ဒါ ကျွားဘိုရဲ့ ဟောင်သံပါလား"

ထိတ်လန့်မှုနဲ့အတူ သိချင်စိတ်ပြင်းပြလာသည့်အတွက် ဇင်မင်းအောင်တစ်ယောက် သက်နိုပ်မာတဲမီးကိုယူပြီး တံခါးဖွင့်ကာ ခြံထဲသို့ ဆင်းလာခဲ့သည်။ သူ့အိမ်ရှေ့ ခြံဝန်းထဲသို့ ရောက်သည့်အခါ ကျောခိုင်းလျှောက်သွားနေသည့် အရိပ်သဏ္ဌာန်တို့ မြင်လိုက်ရသည်။

"ဟင်. . . ဟုတ်တယ်၊ သူပါပဲလား။ သူ ငါ့ဆီကို ဘာလာလုပ်တာလဲ။ ငါနဲ့ သူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ။ ပတ်သက်နေတယ်ဆိုရင် ငါ့ဆီကို ဘာဖြစ်လို့ တိုက်ရိုက်မလာဘဲ ပြန်ထွက်သွားတာလဲ"

ဇင်မင်းအောင် ခြံထဲတွင်ရပ်ပြီး တရွေ့ရွေ့ လွင့်မျောသွားသည့် အရိပ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သဏ္ဍာန်ကို လိုက်ကြည့်နေမိသည်။ အရိပ်သဏ္ဍာန်ပျောက်သွားရာနောက်သို့ ခွေးများက စူးစူးဝါးဝါးအူရင်း လိုက်ပါသွားကြသည်။ အတန်ကြာမှသာ အရိပ်သဏ္ဍာန်နှင့်အတူ ခွေးအူသံများ ပျောက်သွားကာ တိတ်ဆိတ်သွားတော့သည်။

ဇင်မင်းအောင်လည်း ထိတ်လန့်သည့်စိတ်ကို ပြန်လည်ထိန်းချုပ်ကာ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ သရဲ တစ္ဆေကို မယုံကြည်ခဲ့သော်လည်း ယခုလို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လိုက်ရသောကြောင့် တစ်ဖက်စွန်းစိတ်များ ပျောက်ကွယ်ကုန်သည်။

သည်နေ့ည မြင်တွေ့လိုက်ရသည့် အစိမ်းရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ဆံပင်ကို ဖားလျားချကာ ကျောခိုင်းရပ်နေသည့် အမျိုးသမီးကို သူသုံးကြိမ်တိုင်တိုင် မြင်တွေ့ခဲ့ရပြီး ဖြစ်သည်။

ဇင်မင်းအောင်သည် အိပ်မရသည့်အတူတူ ဖက်ဖူးရောင် အမျိုးသမီးနှင့် တွေ့ဆုံခဲ့ရသည့်အကြောင်းတို့ကို ပြန်ပြောင်းတွေးတောနေပြန်ပါသည်။

လွန်ခဲ့သည့် တစ်ပတ်လောက်က ဇင်မင်းအောင် တာဝန်ထမ်းဆောင်နေသည့်မြို့နှင့် မိုင်ငါးဆယ်ဝေးသည့် နယ်မြို့လေးသို့ ရောက်လာခဲ့သည်။ အလုပ်ကိစ္စများပြီးစီးသွားသည့်အခါ ပြန်ဖို့နောက်ကျနေပြီ[illegible]သည်။ ထို့ကြောင့် မဟူရာ ဟူသော တည်းခိုခန်း၌ ဝင်ရောက်တည်းခိုခဲ့သည်။

တည်းခိုခန်းမှ မန်နေဂျာနှင့်တွေ့သောအခါ သူက ဝန်ထမ်းကဒ်ကို ပြပြီး အခန်းငှားလိုက်သည်။

"အားနာစရာတော့ကောင်းနေပြီ ဦးဇင်မင်းအောင် ခင်ဗျာ"

"ဟယ်လိုကြောင့်လဲဗျ"

"ဒီလိုပါ. . . ကျွန်တော်တို့ ဟည်းခိုခန်းမှာ ရှိသမျှ အခန်းတွေက ပြည့်နေလို့ပါ"

"ဟာ. . . ဒုက္ခပါပဲဗျာ။ ကျွန်တော်တို့ကလည်း ဒီအချိန်ကြီးကြခါမှ ဘယ်လိုမှ ပြန်လို့မရတော့ဘူး။ တခြားဟည်းခိုခန်းတွေကော ရှိသေးလား"

"မရှိဘူးဗျ. . . ကျွန်တော်တို့မြို့က သေးသေးလေးဆိုတော့ တည်းခိုခန်းက ဒီတစ်ခုပဲ ရှိတယ်ဗျ"

"ဟင်း. . . ခက်တယ်ဗျာ။ လွတ်နေတဲ့အခန်းတစ်ခန်းလောက်တောင် မရှိတော့ဘူးလား မန်နေဂျာကြီးရယ်. . . အတတ်နိုင်ဆုံး ကူညီပေးပါဦးဗျာ"

ဇင်မင်းအောင် မေတ္တာရပ်ခံသည့်စကားကြောင့်လည်းကောင်း၊ ဌာနဆိုင်ရာ အရာရှိတစ်ဦးဖြစ်သည့်အတွက်ကြောင့်လည်းကောင်း မန်နေဂျာ၏ မျက်နှာပေါ်တွင် အားနာဟန်များ အထင်သားပေါ်လွင်နေသည်။ မန်နေဂျာက ဇင်မင်းအောင်ကို တွေပြီးစိုက်ကြည့်နေရာမှ အားတောင့်အားနာဟန်ဖြင့် ထပ်ပြောလာပြန်သည်။

"ပြောရမှာတော့ ပိုပြီးအားနာစရာကောင်းတယ် ဦးဇင်မင်းအောင်ရေ"

"ပြောသာပြောပါ မန်နေဂျာကြီးရယ်. . . ဒီတစ်ည ခိုနားခွင့်ရမယ့်နေရာသာဆို ပြောသာပြောဗျာ. . . အားမနာပါနဲ့"

"ကောင်းပါပြီဗျာ. . . ကျွန်တော်တို့ဟည်းခိုခန်းမှာ အခန်းတစ်ခန်းတော့ ကျန်သေးတယ်၊ ဒါပေမယ့်. . . ဒါပေမယ့်. . . ခက်တာ. . ."

ဇင်မင်းအောင်လည်း အခန်းတစ်ခန်းရှိသေးသည်ဟု သိလိုက်ရသည့်အတွက် ဝမ်းသာသွားရာမှ မန်နေဂျာကြီး၏တစ်ဝက်တစ်ပျက်စကားကြောင့် အလောတကြီး ပြန်မေးလိုက်သည်။

"ဘာမတွေများ ခက်နေလို့လဲ မန်နေဂျာကြီးရယ်"

"အဲဒီ. . . အဲဒီအခန်းကို ပိတ်ထားခဲ့တာတောင်မှ ခြောက်လလောက်ရှိပြီဗျ"

မန်နေဂျာက စိတ်မသက်သာဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် သူ့ကို သေသေချာချာကြည့်ပြီး ပြောလာသည်။

www.burmeseclassic.com

"ထိုင်ပါဦး ဦးဇော်မင်းအောင် ကျွန်တော်တို့ အေးအေးဆေးဆေး ပြောဆိုကြရအောင်လား"

ဇော်မင်းအောင်လည်း ရပ်နေရာမှ မန်နေဂျာနှင့် မျက်နှာချင်းဆိုင်တွင် ချထားသည်၊ ခုံတွင် ဝင်ထိုင်လိုက်သည်။

"ဒီအခန်းနဲ့ ပတ်သက်ပြီး ဦးဇော်မင်းအောင်ကို ကျွန်တော်သတော့ပေါက်အောင် ရှင်းပြဖို့ တာဝန်ရှိပါတယ်။ ပြီးတော့မှပဲ အခန်းငှားတဲ့ကိစ္စကို ဆက်ပြောကြတာပေါ့ဗျာ။ အချိန်ရပါသေးတယ်"

ဇော်မင်းအောင်အနေနဲ့လည်း အခန်းနှင့်ပတ်သက်ပြီး စိတ်ဝင်စားလာမိသည်၊ သူ့စိတ်ထဲတွင်လည်း ဘယ်အခန်းပဲရရ နေမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီးဖြစ်သည့်အတွက် နားထောင်နေလိုက်ခြင်းဖြစ်သည်။ အချိန်ကလည်း ညနေ့ခင်းနာရီထိုးဖို့ ဆယ့်ငါးမိနစ်လိုသေးသည်။

"ပြောပါ မန်နေဂျာကြီး... ကျွန်တော်စိတ်ဝင်စားပါတယ်"

"ဟိုးလွန်ခဲ့တဲ့ ခြောက်လလောက်ကပေါ့ဗျာ။ ဒီအခန်းထဲမှာ အမျိုးသမီးတစ်ယောက် ကြိုးဆွဲချပြီး သေသွားခဲ့တယ်"

"ဗျာ... ဘယ်လို ကြိုးဆွဲချပြီး သေသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အဲဒီအမျိုးသမီးက ဘယ်ကလဲ"

"မန္တလေးကပါ။ ကျွန်တော်တို့ကည်းခိုခန်းလည်း နာမည်ပျက်ပြီး တစ်လလောက်ပိတ်ထားလိုက်ရသေးတယ်။ အစိကပြောချင်တာက ပြန်ဖွင့်လည်းဖွင့်ရော ဒီအခန်းထဲမှာ တည်းတဲ့သူမှန်သမျှ အခြောက်ခံခဲ့ကြရတယ်။ ဘယ်သူမှ မအိပ်ရဲကြတော့တဲ့အဆုံးမှာ အဲဒီအခန်းကို ပိတ်ထားလိုက်ရတာပါပဲဗျာ"

"အဲဒီအခန်းနံပါတ်က ဘယ်လောက်လဲ"

"အခန်းနံပါတ် (၁၃)ပဲ ဦးဇော်မင်းအောင်... အနောက်တိုင်းသားတွေ အယူအဆအရ (၁၃)ဂဏန်းက မင်္ဂလာမရှိတဲ့ဂဏန်း၊ ကံဆိုးတဲ့ဂဏန်းလို့ ဆိုကြတယ် မဟုတ်လား"

မန်နေဂျာ၏စကားအဆုံးတွင် ဇော်မင်းအောင်က သူ့အယူအဆကို ပြောလိုက်ပြန်သည်။

"သက်မဲ့ဖြစ်တဲ့ (၁၃)ဂဏန်းက မင်္ဂလာမရှိဘူး၊ ကံဆိုးတယ်ဆိုတဲ့ အတွေးအခေါ်ကိုလည်း မနိုင်သေးပါဘူးဗျာ။ ကံဆိုး ကံကောင်းအောင် (၁၃)ဂဏန်းက ဖန်တီးပေးတယ်ဆိုတာလည်း ယုတ္တိမရှိပါဘူး မန်နေဂျာကြီးရယ်"

"ဦးဇော်မင်းအောင် သရဲတစ္ဆေပိဿာဥ်ရှိတယ်ဆိုတာကို မယုံကြည်ဘူးနဲ့တူတယ်"

"ဟုတ်တယ်... ကျွန်တော်လုံးဝမယုံဘူး"

"ခက်ပြီ... ကျွန်တော့်အနေအမှန်ဆိုရင်တော့ ဦးဇော်မင်းအောင်ကို အဲဒီအခန်းမှာ မတည်းစေချင်ဘူး။ ကျွန်တော်စေတနာနဲ့ ပြောတာပါ"

"ဖြစ်ပါတယ်ဗျာ... ဘာမှစိတ်မပူပါနဲ့။ ကျွန်တော့်ကို အဲဒီအခန်းသာပေးပါ မန်နေဂျာကြီး။ ကျွန်တော်ကြောင့် ဘာတာဝန်မှ ကျစရာ မရှိပါဘူး"

"အင်း... ထားပါတော့လည်း ဦးဇော်မင်းအောင်ရဲ့ဆန္ဒကို လိုက်လျောရတော့မှာပေါ့ဗျာ"

ထိုသို့ပြောဆိုပြီးသည်နှင့် မန်နေဂျာက ဗီရိုထဲတွင် သော့သိမ်းဆည်းထားဟန်တူသည့် သော့တစ်ချောင်းကို ဆွဲထုတ်လာသည်၊

"ကဲ... လာဗျာ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်"

ထိုသို့ဖြင့် မန်နေဂျာကြီးနှင့်လိုက်လာခဲ့ရာ အပေါ်ထပ်ထောင့်စွန်းတွင်ရှိသည့် သော့ပိတ်ထားသော အခန်း(၁၃)ရှိရာသို့ ရောက်လာခဲ့ကြသည်၊

"ဒီအခန်းပါပဲ ဦးဇော်မင်းအောင်"

မန်နေဂျာက နံရံတွင်တပ်ဆင်ထားသည့် မီးခလုတ်ကို ဖွင့်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com


ဇင်မင်းအောင်က အခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်ရှုလိုက်သည်။ အခန်းက အတော်ပင် သပ်သပ်ရပ်ရပ် ရှိလှသည်။ သူအကြိုက်ဆုံးက လေကောင်းလေသန့်ရသည့်အပြင် ထောင့်ခန်းအစွန်ဆုံးဖြစ်သည့်အတွက် ပတ်ဝန်းကျင်ကို အပေါ်စီးမှကြည့်၍ မြင်နေရခြင်းပင် ဖြစ်သည်။

အခန်းတစ်ခုလုံးက သန့်ရှင်းနေသည်။ မကြာမကြာ ဝင်ရောက်ရှင်းလင်းထားဟန်တူသည်။

"ဦးဇင်မင်းအောင် အခန်းကို ကြိုက်ရဲ့လား"

"ဟာ. . . ဘယ်နှယ့်ပြောပါလိမ့်ဗျာ. . . ကြိုက်သမှ သိပ်ကြိုက်"

"ကျေးဇူးတင်ပါတယ်။ ကဲ. . . ကျွန်တော်ဘာများ စီစဉ်ပေးရဦးမှာလဲ"

"ကျွန်တော့်အတွက် ညစာပို့ပေးလို့ ရမလား"

"ရပါတယ်၊ ကျွန်တော်စီစဉ်ပြီး ပို့ပေးလိုက်ပါ့မယ်"

တည်းခိုခန်းနှင့် စားသောက်ဆိုင်ပါတွဲပြီး ဖွင့်ထားသည့်အတွက် မကြာမီ တည်းခိုခန်းမှ ဝန်ထမ်းနှစ်ယောက် ညစာလာပို့ပေးကြသည်။ တစ်ယောက်တည်းလာ၍ ရသည့်ကိစ္စကို နှစ်ယောက်လာပို့နေသည့် လူငယ်နှစ်ယောက်တို့ကို ကြည့်ပြီး သူပြောလိုက်သည်။

"ငါ့ညီတို့က နှစ်ယောက်တောင်ပါလားကွ"

သူ့အမေးကို ချက်ချင်းမဖြေသေးဘဲ လူငယ်လေးနှစ်ယောက်က သူ့တို့အထူးအဆန်းသတ္တဝါတစ်ကောင်ကို တွေ့ရသည့်အလား တအံ့တသြနှင့် ကြည့်နေကြသည်၊ ပြီးမှ ညာဘက်တွင် ရပ်နေသည့် လူငယ်လေးက ထစ်ထစ်ငေါ့ငေါ့နှင့် ပြောသည်။

"ကြောက်. . . ကြောက်လို့ နှစ်ယောက်လာကြတာပါ ဆရာ"

"ကြောက်လို့ ဟုတ်လား. . . ဟား ဟား ဟား ငါ့ညီတို့ကလည်း ယောကျ်ားတွေဖြစ်ပြီးတော့များ ကြောက်ရတယ်လို့ကွာ။ နေစမ်းပါဦးကွ ကြောက်ရအောင် အဲဒီသရဲမကို မင်းတို့ မြင်ဖူးလို့လား"

"မမြင်. . . မမြင်ဖူးပါဘူးဆရာ။ ဒီမှာတည်းခိုသွားကြတဲ့ အခြောက်ခံရတဲ့သူတွေ ပြောလို့ သိရတာပါ"

"အဲ့ဒါ ခက်တာပေါ့ကွာ. . . ကဲ. . . ကဲ မင်းတို့ တော်တော်ကြောက်ကြနေရတယ်။ ထားခဲ့တော့. . . ဟုတ်ပြီလား"

"ဟုတ်. . . ဟုတ်ကဲ့ဆရာ"

ထို့နောက် နှစ်ယောက်သား စားသောက်ဖွယ်ရာတို့ကိုထားခဲ့ပြီး ချက်ချင်းပြန်သွားကြသည်။ သူ စားသောက်ပြီးသွားသည့်အခါ ခံတွင်းချဉ်လာသည့်အတွက် စီးကရက်တစ်လိပ်ကို မီးညှိပြီး နှစ်ဖွာသုံးဖွာခန့် ရှိုက်လိုက်သည်။ ထိုစဉ် သူ့နှာခေါင်းထဲသို့ စူးရှသည့် မွှေးရနံ့တစ်မျိုးက တိုးဝင်လာသည်။

ထူးခြားသည့် မွှေးရနံ့ကြောင့် တစ်ခန်းလုံးကို မျက်ခြေမပြတ် ကြည့်နေသည်။ အခန်းထဲတွင် စားပွဲတစ်လုံးနှင့် ထိုင်ခုံကလွဲ၍ ဘာမှမရှိပေ။

သူက ကုတင်ပေါ်တွင် ထိုင်နေရာမှ ပြတင်းပေါက်ကို ဖွင့်လိုက်သည်၊ အပြင်မှ တိုးဝှေ့ဝင်လာသည့် လေနုအေးကြောင့် သူ့စိတ်က ပို၍ပေါ့ပါးသွက်လက်လာသည်။ သို့သော် မွှေးရနံ့က ပျောက်ကွယ်မသွားသေးပေ။ ထိုသို့ဖြင့် အချိန်က တဖြည်းဖြည်းကုန်ဆုံးလာသလို ညည့်နက်ပိုင်းသို့ရောက်ခဲ့လေပြီ၊

ထို့ကြောင့် အိပ်တော့မည်ဟု ဆုံးဖြတ်ကာ ပြတင်းပေါက်တွင် ရပ်နေရာမှ နောက်သို့လှည့်လိုက်သောအခါ သူ့မျက်လုံးအစုံက တစ်စုံတစ်ခုတို့ တွေ့မြင်လိုက်ရသည့်အတွက် အံ့အားသင့်ပြီး ရေရွတ်မိလိုက်တော့သည်။

"ဟင်. . . ဘယ်လိုဖြစ်တာလဲ။ ဒါ. . . ဒါက ဘယ်ကနေပြီး ဘယ်လိုရောက်လာတာလဲ။ ငါ့မျက်စိကပဲ အမြင်မှားနေတာလား။ မဟုတ်သေးပါဘူး"

သူမြင်တွေ့လိုက်ရသည်က စားပွဲပေါ်တွင် ထောင်လျက်သားရှိနေသည့် အလှမတော်ပုံတစ်ပုံပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီဓာတ်ပုံက ဘယ်လိုလုပ်ပြီး စားပွဲပေါ်ကို တောင်ရက်သား ရောက်နေရတာလဲ။ ဟာ. . . မြင်ရတဲ့ပုံကလည်း သိပ်ပြီးဆန်းပါလား။ အလှပုံသာပြောတယ်၊ မျက်နှာလည်း မမြင်ရဘူး။ တစ်ကိုယ်လုံးဝတ်စားထားတာကလည်း အစိမ်းရောင်၊ ပြီးတော့ နောက်ကျောခိုင်းထားပြီး ဆံပင်ကိုလည်း ဖားလျားချထားသေးတယ်။ ဒါ. . . ဒါ သူတို့ပြောတဲ့ ကြိုးဆွဲချသေးသွားတယ်ဆိုတဲ့ အမျိုးသမီးများလား။ ဒါဆို ဒီအမျိုးသမီးက သရဲမဆိုတာများလား"

ဇင်မင်းအောင် စားပွဲဘေးတွင်ရပ်နေရာမှ နောက်ထပ်ထူးခြားချက်ကို သတိပြုလိုက်မိသည်။

"တင်. . . ဘယ်လိုဖြစ်တာလဲ၊ ငါ တစ်ချိန်လုံးရနေတဲ့ မွှေးရနံ့က ပျောက်သွားပါလား။ ဒီဓာတ်ပုံနဲ့ ရနံ့က ဘယ်လိုများ ဆက်စပ်နေသလဲ မသိဘူး။ ဓာတ်ပုံထဲက အမျိုးသမီးက သူတို့ပြောတဲ့အတိုင်း သရဲမဆိုရင် စောစောက ရနံ့က သူလာနေတယ်ဆိုတာသိအောင် ဒါမှမဟုတ် အခန်းထဲမှာ သူရှိနေတယ်ဆိုတာကို ငါသိအောင် အနံ့ပေးတာများလား"

သူ့အနေနှင့် သရဲတစ္ဆေဆိုသည်ကို လုံးဝမယုံကြည်သည့်အတွက် စားပွဲပေါ်တွင် ထောင်လျက်သားရှိနေဆဲဖြစ်သည့် ဓာတ်ပုံကို လှမ်းယူရန် ပြင်လိုက်သည်။ ထိုစဉ် မျက်နှာကြက်တွင် တပ်ဆင်ထားသည့် မီးချောင်းက ဖျတ်ခနဲ ငြိမ်းသွားသည်။ တပြိုင်တည်းမှာပင် သူ့ဘေးမှာ တစ်စုံတစ်ယောက်ဖြတ်သွားမှန်းသိလိုက်သည့်အတွက် လက်နှင့် လှမ်းဆွဲလိုက်သည်။ သို့သော် မည်သည့် တစ်စုံတစ်ရာကိုမှ မဖမ်းမိခဲ့ပေ။ စိတ်ထဲတွင်လည်း သိမ့်ကနဲ တုန်သွားလေသည်။ တစ်စုံတစ်ယောက်က သူ့ကို ဝင်တိုးသွားခြင်းကြောင့်ပင် ဖြစ်ရမည်။

ဇင်မင်းအောင်လည်း ချက်ချင်းပင် ခရီးဆောင်အိတ်ထဲမှ လက်နှိပ်ဓာတ်မီးအသေးလေးကို ထုတ်ယူလိုက်သည်။ နံရံပေါ်မှ မီးခလုတ်ကိုကြည့်လိုက်သည့်အခါတွင်ကား မီးခလုတ်ပိတ်ထားသည်ကို တွေ့လိုက်ရသည်။ သူလည်း ခလုတ်ကို ပြန်ဖွင့်လိုက်သည်။ သို့သော် မီးက မလင်းတော့ပေ။ ထို့ကြောင့် လက်နှိပ်ဓာတ်မီးတစ်လက်နှင့် အောက်ထပ်သို့ဆင်းလာတာ မန်နေဂျာကို နှိုးတော့သည်။

မန်နေဂျာကြီး. . . မန်နေဂျာကြီး. . . မန်နေဂျာကြီး"

"ဘယ်သူလဲဗျ"

"ကျွန်တော်. . . ကျွန်တော် ဇင်မင်းအောင်ပါ"

"အို. . . ဦးဇင်မင်းအောင်ပါလား. . . ဆောရီးဗျာ"

ချက်ချင်းပင် မန်နေဂျာအခန်းတံခါးဖွင့်ပြီး ထွက်လာသည်။ သူက ဇင်မင်းအောင်မျက်နှာကို အကဲခတ်ရင်း မေးမြန်းလာသည်။

"ပြောပါဦး ဦးဇင်မင်းအောင် အရေးကြီးလို့လား။ ကျွန်တော် ဘာ ကူညီပေးနိုင်သလဲ မသိဘူး"

သူက မီးပျက်သွားသည့်အကြောင်းကို ပြောပြလိုက်သည်။ သူ့စကားကြောင့် မန်နေဂျာကြီးက တအံ့တဩနှင့် ပြန်မေးလိုက်သည်။

"မီးပျက်လို့ ဟုတ်လား ဦးဇင်မင်းအောင်၊ ဘယ်လိုဖြစ်လို့လဲ။ ကဲ. . . လာဗျာ. . . ပြောနေကြာတယ် သွားကြည့်ကြရအောင်၊ မီးပျက်တယ်ဆိုရင် အကုန်ပျက်ရမှာ။ ဘာကြောင့်များ ခင်ဗျားအခန်းကြမှ ပျက်ရတာပါလိမ့်"

"ဟုတ်တယ်. . . ကျွန်တော့်အခန်းကြမှ ဘာဖြစ်လို့ကွက်ပြီး ပျက်သွားတာလဲ မသိဘူး။ ထူးဆန်းတယ်ဗျ"

အပေါ်သို့ရောက်လာသောအခါ နှစ်ယောက်စလုံး အံ့အားသင့်နေကြသည်။ မန်နေဂျာက သူ့ကိုလာနောက်နေသလားဟူသည့် အကြည့်နှင့် ကြည့်နေသည်။ သူ့ခမျာ ဘာမှပြန်မပြောနိုင်ဘဲ အံ့သြစွာပင် အခန်းထဲသို့ ငေးစိုက်ကြည့်နေမိသည်။

"ဟင်. . . ဘယ်လိုဖြစ်တာပါလိမ့်၊ မီးက ပြန်လင်းနေပါလား"

www.burmeseclassic.com

www.burmeseclassic.com

"မီးပျက်တယ်ဆိုတာ ဟုတ်တော ဟုတ်လို့လား ဦးဇင်မင်းအောင်ရယ် ခင်ဗျား အိပ်မှုန်စုံမွှားနဲ့ ရောင်ရမ်းပြီးတော့များ ပြေးလာတာလား"

"ဟာဗျာ... မန်နေဂျာကြီးကလဲ ကျွန်တော် အခုချိန်ထိ တစ်စ ကလေးမှ မအိပ်ရသေးဘူးဗျ။ အဲ့ဒီတော့ ဘယ်လိုလုပ်ပြီး အိပ်မက်မ ရောင်ရမ်းပြီး ပြေးလာရမှာလဲဗျာ"

"ကဲ... လာဗျာ... ဖြစ်ပုံကို သေသေချာချာ ပြောစမ်းပါဦး"

နှစ်ယောက်သား အခန်းထဲဝင်ပြီး စကားပြောဖြစ်ကြသည်။ ဇင်မ အောင်သည် အမွှေးနံ့ရသည်မှစ၍ အကျိုးအကြောင်းကို ရှင်းပြလိုက်သည်

"အဲ့ဒါပါပဲဗျာ... ထူးတော့ တော်တော်ထူးတယ်ဗျ။ ပြီးတော့ လက် သာဖမ်းလို့မရလိုက်တာ ကျွန်တော့်ကို တစ်ယောက်ယောက်က ဝင်တို သွားတာလည်း သေချာ... ဟင်... ဟာ... ဘယ် ဘယ်လိုပျောက်သွ တာလဲ"

"ဘာ... ဘာဖြစ်လို့လဲ ဦးဇင်မင်းအောင်၊ အလန့်တကြားဗျာ"

"အကျီအိတ်မှာ ချိတ်ထားတဲ့ ဘောလ်ပင်မရှိတော့ဘူးဗျ။ ကျွန်တော့် ဝင်တိုက်သွားတဲ့သူ နှိုက်သွားတာပဲ ဖြစ်ရမယ်"

ဇင်မင်းအောင်စကားကြောင့် မန်နေဂျာ၏မျက်နှာပေါ်တွင် ထိတ်လ ဟန်များ ပေါ်လာသည်။

"ဦး... ဦးဇင်မင်းအောင် ခင်ဗျား ခင်ဗျားကို ဒီအခန်းထဲမှာ ကြိုးဆွဲ သေသွားတဲ့ အမျိုးသမီးခြောက်တာပဲ ဖြစ်ရမယ်။ သေချာပါတယ်ဗျာ"

"ခင်ဗျားပြောတာ စဉ်းတော့ စဉ်းစားစရာပဲ၊ ကျွန်တော့်အနေနဲ့ တော့ ခင်ဗျားပြောသလို သရဲမခြောက်တယ်ဆိုတာ လက်မခံနိုင်သေးဘူးဗျ ကဲ... ကဲ မန်နေဂျာကြီးကို အားနာပါတယ်"

"ရပါတယ်ဗျာ... ကျွန်တော့်မှာ တည်းခိုသူတွေ စိတ်တိုင်းကျဖြစ်အော



စိတ်ချမ်းသာရအောင် ကူညီရမယ့် ဝတ္တရားရှိပါတယ်။ ကဲ... ဒါဆို ကျွန်တော် ပြန်ဦးမယ်"

"ကောင်းပါပြီဗျာ"

မန်နေဂျာပြန်သွားသည်နှင့် ဇင်မင်းအောင်စိတ်ပန်းလူပန်းဖြစ်လာ သည့်အတွက် မကြာမီမှာပင် အိပ်ပျော်သွားတော့သည်။ မိုးလင်းသည်နှင့် သူလည်း ထိုမြို့လေးမှ ပြန်လာခဲ့ပါတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၂)

ဇင်မင်းအောင်အိမ်သို့ပြန်ရောက်သောအခါ မနက်ဖြန်ဆိုလျှင် ရုံးတ ရတော့မည်ဖြစ်သည့်အတွက် စောစောပင်အိပ်ရာ ဝင်လိုက်သည်။ အိပ်ရာ ရုံရှိဆဲမှာပင် အသံစာစာလေးကို သူကြားလိုက်ရသည်။ သူက မျက်စိ ဖွင့်ကြည့်လိုက်ရာ ကုတင်ဘေးတွင် ရပ်နေသည့် အမျိုးသမီးတစ်ယောက် မြင်ရသည်။

“ဟင်. . . ဟင် မင်း မင်း ခတ်ပုံထဲက. . . ခ ထဲက အမျိုးသ ပဲ မဟုတ်လား”

“ဟင်း. . . ဟင်း. . . ဟင်း ဟုတ်ပါတယ်တဲ့ရှင်”

“နေပါဦး. . . မင်းက ဘာနဲ့ဘာလာလုပ်တာလဲ။ မင်းနဲ့ငါနဲ့ ဘယ် ပတ်သက်နေလို့လဲ”

“ကျွန်မ အခုလာတာ ရှင့်ကို သတိပေးစရာရှိလို့ပဲ”

“ငါ့ကို မင်းက သတိပေးရအောင် ငါက မင်းကို ဘာတွေလုပ်မိလို့လဲ”

“ဟင်း. . . ဟင်း. . . ဟင်း ရှင်က ကျွန်မတို့ရှိနေတာကို မယုံဘူး မဟုတ်လား။ သရဲတစ္ဆေဆိုတာ ရှိတယ်ဆိုတာ ရှင်နားလည်ထားစမ်းပါ”



“မင်းက ဒါဆို သရဲပေါ့ ဟုတ်လား”

“ဟုတ်တယ်. . . . ရှင်က ကျွန်မတို့ရှိနေတယ်ဆိုတာကို မယုံတဲ့အပြင် ောင်ပြော မြောက်ပြော ဟိုပုတ်ခတ် ဒီပုတ်ခတ် သိပ်လုပ်လွန်းလို့ ရှင့်ရဲ့ စ်ဖက်စွန်းရောက်လွန်းတဲ့ အပြောအဆိုတွေကို ဆင်ခြင်ဖို့ လာပြောတာပဲ”

“အောင်မယ်! . . နင်ကများ ငါ့ကို ဆရာမကြီးလေသံနဲ့လာပြီး ပြောနေ သေးတယ်။ မင်းက ငါ့ကို ဘာများလုပ်နိုင်မှာမို့လဲ”

“ရှင့်လေသံက သိပ်မာလှချည်လား ပြောထားဦးပေါ့ရှင် လူဆိုတာ ကံမြင့်တဲ့အချိန်၊ ကံနိမ့်တဲ့အချိန်ဆိုတာရှိတယ်။ ရှင်ကံမြင့်နေတဲ့အချိန်ဆို တော့ အားရအောင်ပြောထားပေတော့။ ဒါပေမယ့် သိပ်မကြာပါဘူး။ ရှင်ကံ နိမ့်တဲ့အချိန်ကို ရောက်လာဦးမှာပါ။ အဲဒီအခါကျမှသာ ရှင်ပြောခဲ့တဲ့စကား တွေအတွက် လုံးဝနောင်တမရပါနဲ့”

“မရဘူးဟေ့. . . လုံးဝနောင်တမရဘူး။ နေစမ်းပါဦး မျက်နှာတောင် ပြရဲတဲ့မင်းအနေနဲ့ ငါ့ကို နာမည်ကော ပြောရဲရဲ့လား”

“မျက်နှာမပြရဲလို့ မဟုတ်ဘူး။ ရှင်လန့်ပြီး သေသွားမှာစိုးလို့ သိပ်ပြ သား။ ရှင်ကံမြင့်နေတဲ့အတွက် ကျွန်မခြောက်ချင်တိုင်း ခြောက်လှန့်လို့ မရ သေးဘူး။ ကျွန်မက ရှင်တည်းခိုခဲ့တဲ့ အခန်း၁၃ ကနေလိုက်လာတာပဲ။ ျွန်မနာမည်က လှဥမ္မာတဲ့။ မှတ်ထားပေါ့ရှင်”

ထိုသို့ပြောဆိုပြီးသည်နှင့် သူမသည် လေဏလျှင်မြန်ခြင်းမျိုးဖြင့် ပြေးထွက်ပျောက်ကွယ်သွားလေသည်။ ဇင်မင်းအောင်သည် အိပ်ရာမှ လူးလဲ ထလိုက်ပြီး ပြေးထွက်သွားရာသို့ လှမ်းကြည့်လိုက်သေးသည်။ သူ့စိတ်ထဲတွင် သည်း အိပ်မက်လား၊ တကယ်လားဆိုသည့်အတွေးများနှင့် ခေါင်းတစ်ခုလုံး ရှုပ်ချာလည်နေသည်။ ထိုစဉ်မှာပင် ကုတင်ဘေးရှိ စင်ပေါ်တွင် ထားသည့် ဖက်လက်စ စာအုပ်ပေါ်တွင် ဘောလ်ပင်တစ်ချောင်းကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . . ဒီဘောလ်ပင်က အခန်း၁၃ မှာ ငါပျောက်သွားတဲ့ ဘောလ်ပင် လေးပါလား။ ဒါ. . . ဒါဆို ငါ ခုနက မြင်ရကြားရတာတွေဟာ အိပ်မက် မဟုတ်ဘူးပေါ့။ ဒါဆို ငါက ဘာကြောင့် အိပ်ပျော်သလို ဖြစ်သွားတာလဲ၊ သူ့နာမည်က လှဥမ္မာဆိုပါလား။ ဒီနာမည်ကော တကယ်မှန်ရဲ့လား မသိဘူး"

ဇင်မင်းအောင် ထိုနေ့ညက တော်တော်နှင့် အိပ်မပျော်တော့ပေ။ မနက်မိုးလင်း၍ ရုံးရောက်သည်နှင့် သူကတစ်နေရာသို့ ဖုန်းဆက်လိုက်သည်။

"ဟယ်လို. . . မဟူရာတည်းခိုခန်းကလား"

"ဟုတ်ပါတယ်. . . ကျွန်တော် မန်နေဂျာ လုမော်င်ပါ"

"မန်နေဂျာကြီးလား၊ ကျွန်တော် ဇင်မင်းအောင်ပါ"

"ပြောပါ. . . ဦးဇင်မင်းအောင် ကျွန်တော်ဘာများ အကူအညီပေးရ မလဲ"

"ကျေးဇူးပြုပြီး ပြောပြစမ်းပါဗျာ။ မန်နေဂျာကြီးတို့ရဲ့ တည်းခိုခန်း အခန်း၁၃ မှာ ကြိုးဆွဲချသေသွားတယ်ဆိုတဲ့ မန္တလေးက အမျိုးသမီးရဲ့နာမည် လေးကို သိချင်လို့ပါ"

". . . . . . . ."

"ခင်ဗျာ. . . ဘယ်လို လှဥမ္မာ. . . လှဥမ္မာတဲ့ ဟုတ်လား မန်နေဂျာကြီး ကျေးဇူးပါပဲဗျာ"

ဇင်မင်းအောင် ဖုန်းကိုပြန်ချထားလိုက်ပြီး အတန်ကြာသည်အထိ စဉ်းစား နေသည်။ အတွေးနှင့် လွင့်မျောနေသည့်အချိန်မှာပင် သူနှင့်မျက်နှာချင်း ဆိုင်တွင်ထိုင်ပြီး စာရင်းဇယားတို့ကို စစ်ဆေးနေသည့် ဝင်းနိုင်၏အသံကို ကြားလိုက်ရသည်။

"ကိုဇင်မင်းအောင်. . . ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်တော် ခင်ဗျားကို အကဲခတ်နေတာကြာလှပြီ၊ ခင်ဗျား ခရီးကပြန်လာကတည်းက



တစ်မျိုးကြီးဖြစ်နေတယ်။ ငိုင်တိငိုင်တိုင်နဲ့ ဘာတွေများ တွေးနေတာလဲဗျ"

"ဘာရယ်မဟုတ်ပါဘူးကွာ. . . ဒါနဲ့ ဝင်းနိုင် မင်းကိုမေးရဦးမယ်၊ သရဲတစ္ဆေရှိတယ်ဆိုတာ မင်းယုံသလား"

"ခင်ဗျားရဲ့အမေးက မမေးစဖူး အမေးထူးလှပါလား။ သရဲတစ္ဆေရှိ တယ်ဆိုတာ ကျွန်တော်တော့ ယုံတယ်ဗျ"

"ဩော်. . မင်းလို ခေတ်ပညာတတ်အရာရှိပေါက်စကလည်း ဒါမျိုးတွေ ယုံတာပဲလား"

"ခေတ်ပညာတတ်တာနဲ့ ယုံကြည်မှုဟာ တခြားစီပဲ ကိုဇင်မင်းအောင်၊ ဒီလောကကြီးထဲမှာ ကိုယ်သိတာထက် မသိတာတွေက ပိုများတယ်ဗျ၊ ကျွန်တော်အနေနဲ့ သရဲတစ္ဆေဆိုတာကို တစ်ခါမှ မမြင်ခဲ့ဖူးသလို အခြောက် လည်းမခံခဲ့ရပါဘူး။ ဒါပေမယ့် မြင်ဖူး တွေ့ဖူးကြတဲ့လူကြီးသူမတွေ ရှိတယ်ဗျ၊ အားလုံးရာနှုန်းပြည့်မှန်တယ်လို့ မပြောနိုင်ပေမယ့် သရဲတစ္ဆေရှိတယ်ဆိုတာ ကိုတော့ လက်ခံနိုင်ခဲ့ပါတယ်"

"ဟုတ်ပါပြီတဲ့ကွာ. . . မင်းကိုယ်တိုင်အခြောက်မခံရ မမြင်ခဲ့ရပေမယ့် ယုံကြည်ပုံကိုထောက်ရင် အတွေ့အကြုံတော့ ရှိလိမ့်မယ် ထင်တယ်"

"ကိုဇင်မင်းအောင်မေးလို့ သတိရတာကို ပြောပြရဦးမယ်"

ဝင်းနိုင်က သူ့ထံသို့ရောက်လာပြီး အနီးဆုံးခုံတွင် ဝင်ထိုင်လိုက်သည်။

"ပြောစမ်းပါဦးကွာ"

"ဒီလိုဗျ. . . မနှစ်က ကျွန်တော်ခွင့်တစ်လယူပြီး ဇာတိမြို့ကို အပြန်မှာ ပေါ့ဗျာ။ အမေ့ရဲ့အစ်မ၊ ကျွန်တော်ရဲ့ကြီးကြီးဆုံးသွားရှာတယ်၊ ထိုတို့ရောက်ပြီး ရက်လည်ဆွမ်းသွပ်တော့ သူ့သမီးငယ်ကို ဝင်ပူးတော့တာပဲ"

"ဘာကြောင့် ဝင်ပူးတာလဲ"

"ဝင်ပူးတယ်ဆိုကတည်းက မကျွတ်လို့ဖြစ်မှာပေါ့ဗျာ။ အဲဒီမှာ ပြောရ

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်။ ကြီးကြီးက ရဟန်းအစ်မ၊ ကျောင်းအစ်မဗျ"

"ဟော. . . ဟုတ်လား၊ ရဟန်းအစ်မ၊ ကျောင်းအစ်မကြီးဖြစ်ရဲ့သားနဲ့ ဝင်ပူးရတယ်လို့ကွာ"

"ပြောမယ်လေဗျာ. . . သူ့ကို ဆရာတော်တွေက ဝိုင်းမေးကြတော့ ဘာပြောတယ်ထင်သလဲ"

"ဆိုစမ်းပါဦး ကိုယ့်ဆရာရယ်"

"သူသေခါနီးမှာ ပြုခဲ့တဲ့ကုသိုလ်ကောင်းမှုတွေကို တစ်ခုမှ အာရုံမပြုနိုင်ခဲ့ဘူးတဲ့၊ အကြောင်းကတော့ သားသမီးမြေးတွေ ဝိုင်းငိုကြတဲ့အပေါ်မှာ စွဲလန်းသွားခဲ့တဲ့အတွက် မကျွတ်တာဘဲတဲ့ဗျာ"

"အဲဒီမှာ ထူးခြားတာက အသံတွေ ရုပ်ရည်တွေပါ ပြောင်းလဲသွားတာကို တွေ့ခဲ့ရတယ်။ သရဲတစ္ဆေလို့ခေါ်တဲ့ ပြိတ္တာတွေရှိတဲ့အကြောင်း ဘုရားဟော ဒေသနာတွေထဲမှာလည်း ပါပါတယ်ဗျာ။ ဒါကြောင့် ကိုယ်တိုင်မမြင်ခဲ့ အခြေအနေ ပခံဘဲ့ရှုမနေမယ့် ယုံတယ်လို့ ပြောခဲ့တာပါ"

"အေးကွာ. . . အခုလိုပြောပြတာ ကျေးဇူးပါပဲ။ ငါလည်း မင်းပြောတဲ့ အထဲမှာ စဉ်းစားစရာတွေ အများကြီးရပါတယ်"

ဇင်မင်းအောင်က သူ့ထက်ရာထူးနိမ့်သည့် ဝင်းနိုင်ကို ကျေးဇူးတင် စကားပြောလိုက်သည်။ ညနေရုံးဆင်း၍ အိမ်သို့ပြန်ရောက်သည်နှင့် တစ်အိမ် အိမ်မှ ကလေးငယ်အောင်အောင် ရောက်လာသည်။

"အောင်အောင် လာဟေ့. . . ဘာအကြောင်းများပေါ်လာလို့လဲ"

"ဦးဦးကို ပေးစရာရှိလို့"

"ပေးစရာရှိလို့ ဟုတ်လား အောင်အောင်. . . ဘာများလဲကွ"

ကျွန်တော်နေ့လည်က လမ်းထိပ်ကိုရောက်တော့ အန်တီကြီးတစ်ယောက် တွေ့တယ်။ သူက ဦးဦးကိုပေးလိုက်ပါဆိုပြီး ဒါလေးပေးသွားတာ ဦးဦး



ပြောပြောဆိုဆို အောင်အောင်က စာအိတ်တစ်အိတ်ကို ပေးလာသည်။

"ကျွန်တော်ပြန်ဦးမယ် ဦးဦး"

"အေးကွာ. . . ကျေးဇူးပါပဲ"

သူလည်း အိမ်သို့ရောက်သည်နှင့် စာအိတ်ကို ဖွင့်ကြည့်လိုက်သည်။ စာအိတ်ရှည်ကြီးထဲမှ ထွက်လာသည့် အရာဝတ္ထုကို မြင်လိုက်ရသည့်အခါတွင်ကား ဇင်မင်းအောင်၏ မျက်နှာပေါ်တွင် အံ့အားသင့်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ ထိတ်လန့်ခြင်းများနှင့်အတူ စူးစိုက်ကြည့်ရှုနေမိသည်။ သူတွေ့မြင်လိုက်ရသည့်အရာကား အခန်း၁၃ စားပွဲခုံပေါ်တွင် တွေ့ခဲ့ရသည့် ဖက်ဖူးရောင်ခမ်းဆက်၊ ဆံပင်ဖားလျားနှင့် ကျောခိုင်းရပ်နေသည့် အမျိုးသမီး၏ ဓာတ်ပုံပင်ဖြစ်သည်။

ဇင်မင်းအောင် ဓာတ်ပုံကို ကိုင်ထားရင်းကပင် ကြက်သီးမွေးညင်းများ ထလာသည်။ ထိတ်လန့်စိုးရိမ်မှုနှင့်အတူ အိမ်ပေါ်မှ အပြေးအလွှားပြေးဆင်းလာပြီး တစ်ဖက်အိမ်သို့ ရောက်လာသည်။

ဒေါ်မမကြီးက သူ့ကိုမြင်သည်နှင့် မေးလာသည်။

"ငါ့မောင်. . . ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"အောင်အောင်ရှိလား အစ်မ"

"ရှိတယ်၊ သားရေ. . . မင်းဦးဦးက တွေ့ချင်လို့တဲ့၊ လာပါဦးကွယ်"

အောင်အောင့်ကိုမြင်လိုက်သည်နှင့် ဇင်မင်းအောင်က အရေးတကြီးပင် မေးမြန်းလိုက်သည်။

"အောင်အောင့်ကို ပေးလိုက်တဲ့အန်တီကြီးရဲ့ ပုံစံကို ပြောပြစမ်းပါဦးကွယ်"

"ကျွန်တော်မြင်ရင် မှတ်မိတယ် ဦးဦးရဲ့၊ သိပြီ သိပြီ. . . တစ်ကိုယ်လုံး အစိမ်းရောင် ဝတ်ထားတယ်။ နောက်ပြီးတော့ ဆံပင်. . . ဆံပင်ဟုတ်လား အဲဒီ အန်တီကြီးက ဆံပင်ကို ဖားလျားချထားသေးတယ် ဦးဦး"

www.burmeseclassic.com

www.burmeseclassic.com


"ဟေ. . . ဟုတ်လား"

ဇင်မင်းအောင် သည်တစ်ခွန်းပဲ ပြောနိုင်ခဲ့ပြီး အိမ်သို့ ချက်ချင်း ပြန်ပြေးလာသည်။ သူ ဗျာများနေပုံကိုကြည့်ပြီး သားအမိနှစ်ယောက်စလုံး အံ့အားသင့်ပြီး ကျန်ခဲ့ကြသည်။ သူ့စိတ်များ နောက်ကျိရှုပ်ထွေးနေသည့် ကြားထဲကပင် ဖြစ်စဉ်များကို ပြန်လည်တွေးတောကြည့်မိသည်၊ သူသည် စိတ်မောမောနှင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟင်း. . . ခုမှခက်ပြီ။ ငါဘာသာ သရဲတစ္ဆေရှိတာကို မယုံတာနဲ့ဘဲ ဒီအမျိုးသမီးက ဘာဖြစ်လို့လာပြီး နှောင့်ယှက်ရတာလဲ။ ဓာတ်ပုံထဲက-အမျိုး သမီးဟာ လှဥမ္မာဆိုရင် သေသွားတဲ့လူက ဘယ်လိုလုပ်ပြီး ဓာတ်ပုံကို ငါ့ဆီ ပို့နိုင်းလိုက်တာလဲ။ ငါ့ဆီ ဓာတ်ပုံလာပို့တယ်ဆိုတာ တကယ်ကော ဖြစ်နိုင် ရဲ့လား"

ဇင်မင်းအောင် တွေးတောနေရင်းမှ ခုံပေါ်တွင် တင်ထားသည့် ဓာတ်ပုံကို လှမ်းကြည့်လိုက်သည်။ ထိုအခါ ထိတ်လန့်စိုးရွံ့ခြင်း၊ အံ့အားသင့်ခြင်းများ နှင့်အတူ ဇင်မင်းအောင် အာခေါင်ခြောက်ခဲရသည့်သူပမာ ဓာတ်ပုံကို မျက်လုံး ပြူး၍ ငေးစိုက်ကြည့်နေမိသည်။ အတန်ကြာမှ တုန်လှုပ်နေသည့်စိတ်များကြောင့် စကားလုံးများ ထွက်လာတော့သည်။

"ဟာ. . . ဒါ. . . ဒါ. . . ဘယ်လိုဖြစ်တာလဲ။ ငါ. . . ငါ့များ အထင်မှား အမြင်မှား နေတာများလား။ ဒါ ဒါလည်း မဖြစ်နိုင်ဘူး။ ဓာတ်ပုံထဲမှာ ဆံပင် ဖားလျားချ ကျောခိုင်းရပ်နေရာက အခု. . . အခု ဘယ်လိုကြောင့်တည့်တည့် ရပ်နေတဲ့ပုံ ပြောင်းသွားတာလဲ။ ဒီဓာတ်ပုံက အသစ်ထပ်ပြီး ရောက်လာ တာလား။ ဒါမှမဟုတ် သူ့အလိုအလျောက် ပြောင်းသွားတာလား။ ဓာတ်ပုံက ချက်ချင်းကြီး ပြောင်းသွားတယ်ဆိုတာ မဖြစ်နိုင်ဘူး။ ယုတ္တိမရှိဘူး"

သူ့စိတ်များက ဆောက်တည်ရာမရလောက်အောင် လှုပ်ရှားနေသည်။ တစ်ကိုယ်လုံး ချွေးစီးများထွက်လာသည်။ ဓာတ်ပုံကို လှမ်းယူရန် ကြိုးစား လိုက်သော်လည်း မကိုင်ရဲ၊ မထိရဲသည့်အတွက် တုန်တုန်ရီရီနှင့် နောက်ကို ြန်ဆုတ်လိုက်သည်။

ဇင်မင်းအောင်လည်း ဓာတ်ပုံကို ဆက်ပြီးကြည့်ရန် အင်အားမရှိတော့ သည့်အတွက် အပြင်ဘက်သို့ အမှတ်မထင် လှမ်းကြည့်လိုက်သည်။ ထိုအခါ အိမ်ရှေ့လမ်းမပေါ်မှာ လျှောက်သွားနေသည့် အစိမ်းရောင်ဝမ်းဆက်နှင့် အမျိုးသမီးတစ်ယောက်ကို ရုတ်တရက် မြင်တွေ့လိုက်ရသည်။

"ဟင်. . . သူ. . . သူပါလား"

ဇင်မင်းအောင် အိမ်ပေါ်မှ ဝုန်းကနဲ ခုန်ဆင်းကာ လမ်းမပေါ်သို့ ပြေးသွားလိုက်သည်။ လမ်းပေါ်သို့ရောက်သည့်အခါတွင် လမ်းချိုးအင ေင်း ကွေ့ဝင်သွားသည့် အမျိုးသမီး၏ နောက်ကျောကို တွေ့လိုက်ရတော့သည်။ င်မင်းအောင် လမ်းမပေါ်မှ အမျိုးသမီးကွေ့ဝင်သွားသည့် လမ်းသွယ်ဝ ာသို့ အပြေးလိုက်လာခဲ့သည်။

"ဇင်မင်းအောင်. . . ဘာဖြစ်လို့များ အရေးတကြီး ပြေးနေရတာလဲကွယ့်"

အငြိမ်းစားအရာရှိဟောင်းကြီး ဦးဘမောင်က မေးလာခြင်းဖြစ်သည်၊ း ဘမောင်လမ်းလျှောက်ထွက်ရာမှ ပြန်လာခြင်း ဖြစ်ဟန်တူသည်။ ဦးဘမောင် လျှောက်လာသည့်လမ်းက အမျိုးသမီးချိုးကွေ့ဝင်သွားသည့် လမ်းသွယ်လေး ာက်ဆီမှ ဖြစ်သည့်အတွက် သူက အလောတကြီး မေးလိုက်မိသည်၊

"ဦးလေးလာတဲ့လမ်းမှာ အစိမ်းရောင်ဝမ်းဆက်နဲ့ အမျိုးသမီးတစ် ယောက်ကိုများ မတွေ့မိဘူးလား"

"အစိမ်းရောင်ဝမ်းဆက်ဝတ်ထားတဲ့ အမျိုးသမီး ဟုတ်လား ါလား မောင်ရင်လေးရယ်။ ဦး ဟိုထောင့်က အုတ်ခုံပေါ်မှာ ဘယ့်ငါးမိနစ်တိတိရှိပြီ။ ဒီအချိန်တွင်းမှာ ဒီလမ်းပေါ်မှာ

www.burmeseclassic.com

လျှောက်လာတာ မတွေ့ရသေးဘူး။ မောင်ရင်က မျက်စိမျက်နှာပျက်နဲ့ ဘာများဖြစ်လို့လဲ”

ပင်စင်စားကြီးက စူးစမ်းဟန်နှင့် မေးမြန်းလာသည်။ သူ့အနေနဲ့ အမှန်အတိုင်းပြောလိုက်လျှင် အရူးဟု သတ်မှတ်ခံရမှာ သေချာသည့်အတွက် လိုးလွှဲ၍ ပြောဆိုလိုက်သည်။

“ကျွန်တော့်အသိနဲ့ တူတယ်ထင်လို့ လိုက်ကြည့်မိတာပါ ဦးလေး”

သူက ထိုမျှသာပြောဆိုနှုတ်ဆက်ပြီး အိမ်သို့ပြန်လာခဲ့သည်။ အိမ်သို့ ရောက်သည်နှင့် ဓာတ်ပုံကို စူးစိုက်ကြည့်လိုက်မိသည်။ ဓာတ်ပုံထဲက အမျိုးသမီးက သူ့ကိုပြုံးပြီး ကြည့်နေသည်။ သည်အပြုံးက လှောင်ပြုံး ပြုံးနေခြင်း ဖြစ်သည်။ မေးဖျားတွင် မှဲ့တစ်လုံးရှိသည့်အပြင် ပါးချိုင့်ကလေးနှင့် ပြုံးနေသည့် အမျိုးသမီးက လှပလွန်းလှသည်။

ထို့အပြင် ပြုံးနေသည့် အမျိုးသမီး၏ မျက်ဝန်းအစုံထဲတွင် အသိရခက်ခြင်း၊ လျှို့ဝှက်ခြင်း၊ မာယာများခြင်း၊ ရက်စက်ခြင်းများ ပေါင်းစပ်ဖွဲ့စည်းထားသည်ဟုလည်း သူထင်လိုက်မိသည်။ သည်အမျိုးသမီးသည် အခန်း၁၃ တွင် ကြိုးဆွဲချသေဆုံးသွားခဲ့သည့် လှဥမ္မာလား၊ အခြားတစ်ယောက်လားဆိုသည်ကိုမူ တည်းခိုခန်းမှ မန်နေဂျာကို မေးကြည့်ရမည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဓာတ်ပုံကို တုန်ယင်နေသည့်လက်နှင့် လှမ်းယူလိုက်ပြီးနောက် ဝတ္ထုစာအုပ်အဟောင်းကြားထဲတွင် ညှပ်ထားလိုက်သည်။

ထိုနေ့ညက တော်တော်နှင့် အိပ်မပျော်နိုင်သည့်အတွက် ဖေမင်းအောင် တစ်ယောက် ဘဝတလျှောက်လုံးတွင် ပထမဆုံးအနေနှင့် အိပ်ဆေးအကူအညီ ရယူကာ အိပ်လိုက်ရပါတော့သည်။

➤ ➤ ➤



## အခန်း-(၃)

ဖေမင်းအောင် ညကအိပ်ဆေးသောက်အိပ်ခဲ့ရသော်လည်း အစောကြီး အိပ်ရာက နိုးနေသည်။ သို့သော် ညက အိပ်ရေးပျက်ခဲ့သည့်အတွက် ခေါင်း နောက်နေပြီး ကိုက်ခဲနေသည်။ ဒီနေ့မနက် ခုနစ်နာရီကျော်နှင့် မဟာရာ တည်းခိုခန်းရှိရာ မြို့သို့သွားပြီး မန်နေဂျာကို ဓာတ်ပုံပြကာမေးမည်ဟု ညကတည်းက ဆုံးဖြတ်ထားခဲ့သည်။ ဓာတ်ပုံထဲက မိန်းမချောကိစ္စကို မရှေ ရှင်းနိုင်သမျှ သူ့အနေနဲ့ မည်သည့်အလုပ်မျှ စိတ်ဖြောင့်ဖြောင့်လုပ်နိုင်မည် မဟုတ်ပေ။

ဖေမင်းအောင်သည် ရေချိုးအဝတ်အစား လဲလိုက်သည်။ ထို့နောက် ဓာတ်ပုံယူရန် ဝတ္ထုစာအုပ်ကိုယူပြီး ဖွင့်လိုက်သည်နှင့် သူ့နှုတ်မှ အလန့်တကြား ထအော်လိုက်သည်။

“ဟင်. . . ငါ ငါ ညက သေသေချာချာ စာအုပ်ကြားထဲမှာ ညှပ်ထားခဲ့တဲ့ ဓာတ်ပုံ အခု မရှိတော့ပါလား။ ထူးဆန်းလှချည်လား၊ ဓာတ်ပုံက ဘယ်ရောက် သွားတာလဲ၊ အတောင်ပေါက်ပြီး ပျံသွားတာများလား၊ ငါများ စာအုပ်ချင်း မှားထည့်မိသလား”

www.burmeseclassic.com

www.burmeseclassic.com



ဇင်မင်းအောင်လည်း ဝတ္ထုစာအုပ်ကို ကိုင်ထားရင်းကပင် ခေါင်းထဲ ချာချာလည်လာသည်။ စာအုပ်ကို ငေးကြည့်နေရာမှ သတိပြန်ဝင်လာပြီး စာအုပ်စင်ပေါ်တွင် ရှိသမျှ စာအုပ်များကြားတွင် လှန်လှောရှာဖွေနေမိသည်။ သို့သော် ဓာတ်ပုံကိုကား လုံးဝရှာလို့မတွေ့တော့ပေ။ ဓာတ်ပုံမရှိဘဲနှင့် မန်နေဂျာကို သွားတွေ့လည်း အပိုသာဖြစ်မည်မှန်း သိသည့်အတွက် ရုံးသို့ပင် ထွက်လာခဲ့တော့သည်။ ရုံးသို့ရောက်သည်နှင့် ချက်ချင်းပင် တည်းခိုခန်းသို့ ဖုန်းလှမ်းဆက်လိုက်လေသည်။

"ဟယ်လို. . . ကျွန်တော် ဇင်မင်းအောင်ပါ"

ပြောပါ. . . ဦးဇင်မင်းအောင် ကျွန်တော်လှမောင်ပါ"

"ဟုတ်ကဲ့. . . ကိစ္စက ဒီလိုပါ ခင်ဗျာ"

သူက ဓာတ်ပုံကိစ္စကို ရှင်းပြလိုက်သည်။ သူ့စကားဆုံးသည်နှင့် မန် နေဂျာက ပြန်မေးလာသည်။

"ဦးဇင်မင်းအောင် ဒီနေ့ပျောက်သွားတယ်ဆိုတဲ့ ဓာတ်ပုံထဲက အမျိုး သမီးရဲ့မေးဖျားမှာ မှဲ့တစ်လုံးပါသလား"

"ဟာ. . . ဟုတ်တယ်. . . ပါတယ်၊ သိပ်ပြီး ပါတာပေါ့ဗျာ"

"ထပ်မေးရဦးမယ်၊ ဓာတ်ပုံထဲမှာ ခင်ဗျားမြင်လိုက်ရတာ ပြုံးနေတယ် ဆိုတော့ ပါးချိုင့်ကော မတွေ့ရဘူးလား"

"ပါးချိုင့်လည်း ပါတယ်။ ဒါ. . . ဒါ. . . ဒါဆိုရင်. . ."

"မှန်ပါတယ် ဦးဇင်မင်းအောင်၊ ခင်ဗျားမြင်ရတဲ့ ဓာတ်ပုံပိုင်ရှင်ဟာ အခန်း၁၃ မှာ သေသွားခဲ့တဲ့ လှဉမ္မပါပဲဗျာ"

"ဒုက္ခပါပဲ မန်နေဂျာကြီးရယ်၊ ကျွန်တော်လည်း ဦးနှောက်အရမ်းစား နေပြီ၊ ဒီအမျိုးသမီးက ဘာကြောင့်များ ကျွန်တော့်ကို လှာနှယ်နေရတာလဲ မသိဘူး"



"သရဲတစ္ဆေရှိတယ်ဆိုတာ မယုံတဲ့ ခင်ဗျားကို လက်တွေ့ပြနေတာပဲ ဖြစ်မယ်လို့ ကျွန်တော်ယူဆတယ်"

"ထားပါတော့ဗျာ. . . သူကလည်း ဒီအတိုင်းပြောသွားတယ်ဗျ၊ ဒါပေမယ့် ကျွန်တော့်အရင် အဲ့ဒီအခန်းမှာ တည်းခိုကြတဲ့သူတွေကြတော့ ခြောက်ယုံပဲ ခြောက်လှန့်ခဲ့တယ်။ ကျွန်တော့်ကြမှ ဘာကြောင့် ဒီလောက်တောင် အိမ် အထိ လိုက်ပြီး ဒုက္ခပေးရတာလဲ"

"ဒီကိစ္စကိုတော့ ကျွန်တော်လည်း ထင်မြင်ချက်မပေးတတ်ဘူး၊ ကျွန်တော် ဘာများအကူအညီပေးရမလဲ"

"ကျေးဇူးတင်ပါတယ်၊ အဲ့ဒီ ကိစ္စသိချင်လို့ ဖုန်းဆက်လိုက်တာပါ။ ဒါပါပဲ ခင်ဗျာ"

ဇင်မင်းအောင်က ဖုန်းကို ပြန်ချထားလိုက်သည်။ အစောကြီး ရုံးကို ရောက်နေသည့်အတွက် မည်သူမျှ မရှိသေးပေ။ တစ်ယောက်တည်း စားပွဲ တွင်ထိုင်၍ ဓာတ်ပုံနှင့်တကွ လှဉမ္မာတစ်ယောက် သူနှင့်ဆက်နွယ်လာသည့် ကိစ္စများကို ပြန်ပြောင်းစဉ်းစားနေမိသည်။

ထို့နောက် သုံးရက်လောက်အကြာတွင် ဇင်မင်းအောင်သည် ဝိညာဉ် ခန်းမချောလေး လှဉမ္မာနှင့် ဒုတိယအကြိမ်မြောက် ဆုံတွေ့ခဲ့ရသည်။ ထိုနေ့တ သူတို့ဌာနမှ အရာရှိတစ်ယောက်၏ ယောက္ခမကွယ်လွန်သွားသည့်အတွက် သုံးရက်မြောက်နေ့တွင် အသုဘလိုက်ပို့ခဲ့သည်။ သင်္ချိုင်းက မြို့အနောက် ဘက်တွင်ရှိပြီး သစ်ပင်များ အုံ့ဆိုင်းနေသည်။

သင်္ချိုင်းထဲသို့ရောက်ကတည်းက သူ့စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်နေသည်။ အသုဘပို့သူများလှသည့်အတွက် ငြီးစီစီကြီးဖြစ်လာသောကြောင့် လူရှင်းရာ ဘက်သို့ ထွက်လာခဲ့သည်။ နေရာတိုင်းတွင် အုတ်ဂူအဟောင်းအသစ်များ မြေပုံမှတ်တိုင်တို့ကို တွေ့မြင်နေရသည်။ အသုဘလိုက်ပို့ကြသူများနှင့်

www.burmeseclassic.com

www.burmeseclassic.com

လည်း လှမ်း၍ မမြင်နိုင်လောက်အောင် ဝေးလာခဲ့လေပြီ။

ဇင်မင်းအောင် ဆက်လျှောက်လာရင်းက တစ်နေရာသို့ လှမ်းကြ… မိလိုက်သည်။ သူကြည့်လိုက်သည့်နေရာတွင် သစ်မင်းကြီးများဖြင့် အုံ့ဆိုင်း… နေသည်။ ထိုနေရာသို့သွားရန်လည်း မြေနီလမ်းကလေးကို တွေ့လိုက်ရသည်… တစ်စုံတစ်ယောက်က ထိုနေရာသို့ အရောက်သွားရန် တိုက်တွန်းနေသည်… လည်း သူ့စိတ်ထဲတွင် ခံစားလိုက်ရသည်။

ဇင်မင်းအောင်သည် စိတ်ညို့ခံထားရသူတစ်ယောက်လို မြေနီလ… တလေးအတိုင်း သစ်ပင်ကြီးများရှိရာသို့ တရွေ့ရွေ့လျှောက်လှမ်းသွား… မိသည်။ သစ်ပင်ကြီးများရှိရာသို့ ရောက်သည်နှင့် သူနှင့်ပေဝါးဆယ်ခန့်… ဝေးသည့်နေရာတွင် ရပ်နေသည့် အရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်…

"ဟင်. . . သူ. . . သူ. . . ခတ်ပုံထဲက လှဥမ္မာပါလား" ဟုဆို… ငေးမောကြည့်နေမိသည်။

ဇင်မင်းအောင်သည် လှဥမ္မာနှင့် ထိပ်တိုက်တွေ့ပြီး မေးမြန်း… သည့်အတွက် ရှေ့ဆက်လျှောက်ချင်သော်လည်း ခြေလှမ်းများက ရှေ့လှ… မရတော့ပေ။

လှဥမ္မာက သူ့ကို စူးစူးရဲရဲပင် လှမ်းကြည့်နေသည်။ သူမအကြည့်… ထဲတွင် ရက်စက်လိုခြင်း၊ မုန်းတီးခြင်းများ အပြည့်အဝ ပါဝင်နေသည်…

သို့သော် မည်သို့သောအကြောင်းကြောင့်ဟု မသိရသော်လည်း လှဥ… ရှေ့သို့တစ်လှမ်းမျှပင် တိုးမလာဘဲ ဇင်မင်းအောင်ကို စိုက်ကြော့ ဝါး… မည့်အတိုင်း အတန်ကြာပင် ကြည့်ရှုနေသည်။ သူလည်း ရပ်နေရာမှ … အလိုလိုခွေကာ သစ်ပင်ကြီးဘေးသို့ ထိုင်လျက်သား ကျသွားသည်ကို … လိုက်ရသည်နှင့် လှဥမ္မာသည်လည်း ရပ်နေရာမှ နောက်သို့လှည့်ကာ … သွားပါတော့သည်။



ဇင်မင်းအောင် သစ်ပင်ကြီးကိုမှီကာ ငေးကြောင်ကြောင်နှင့် ထိုင်နေရာမှ …တားသံများကို ကြားရတော့မှပင် သတိပြန်ဝင်လာတော့သည်။

"ဟာ. . . တွေ့ပြီ၊ ဇင်မင်းအောင်. . . ဇင်မင်းအောင် ဟိုမှာဟေ့"

"ဆရာ. . . ဆရာ ဘာဖြစ်လို့ ဒီမှာလာပြီး ထိုင်နေတာလဲ"

"ဟုတ်တယ်. . . ခင်ဗျားပျောက်သွားလို့ လိုက်ရှာနေကြတာဗျ၊ အချိန်က …နည်းတော့ဘူး၊ ငါးနာရီတောင် ထိုးနေပြီ"

"ဟင်. . . ဟုတ်သားပဲ၊ ဒါနဲ့ ခင်ဗျားတို့တတွေ ကျုပ်တစ်ယောက်ထဲ …ပဲ တွေ့တာလား"

"ဟာဗျာ. . . ဇင်မင်းအောင် ခင်ဗျား ဘာတွေပြောနေတာလဲဗျာ၊ …င်များအပြင် ဘယ်သူရှိသေးလို့လဲဗျ"

"အင်း. . . အင်း. . . ဟို. . . ဟိုလေ. . ."

ဇင်မင်းအောင် လှဥမ္မာအကြောင်းပြောမည် ကြံလိုက်သေးသည်။ သို့သော် သတိဖြင့်ထိန်းချုပ်ပြီး ရေငုံနှုတ်ပိတ်နေလိုက်သည်။

"ကဲ. . . ပြန်ကြမယ်ဗျာ"

"သြော်. . . ဟုတ်ကဲ့"

ဇင်မင်းအောင် လှဥမ္မာကို မြင်လိုက်ရသည့်ဘက်သို့ တစ်ချက်လှမ်း …ကြည့်လိုက်ပြီးမှ သူ့ကိုလိုက်ရှာသူများနှင့်အတူ ပြန်လိုက်လာခဲ့တော့သည်။ …သူ့စိတ်ထဲတွင်လည်း သည်ရက်ပိုင်းအတွင်း၌ တွေ့ကြုံလိုက်ရသည့် ဖြစ်စဉ် …ကြောင်းအရာတို့ကြောင့် စိတ်ဖိစီးမှုဒဏ်ကို ခံစားနေရလေသည်။ အစိမ်း…သ လှဥမ္မာကြောင့် သူ့ဘဝတစ်ခုလုံး အပြောင်းလဲကြီး ပြောင်းလဲသွား…တော့မည်မှန်း သူ့အနေနှင့် အဘယ်သို့လျှင် သိနိုင်ပါမည်နည်း။

ဇင်မင်းအောင် လှဥမ္မာနှင့် တွေ့ကြုံရသည်မှာ အခုဆိုလျှင် သုံးကြိမ် …မြောက်ရှိလေပြီ။ သူသည် စိတ်မသက်မသာနှင့် သက်ပြင်းကိုသာ ချမိ…

www.burmeseclassic.com

www.burmeseclassic.com

ဖေ ဘူသည်။

"ဟင်း. . . အခုမှ ခက်ပြီ၊ ဒီအတိုင်းဆိုရင် သရဲတစ္ဆေမရှိဘူးလို့ သတ်မှတ်ထားခဲ့တဲ့ ငါ့အယူအဆတွေ ယုံကြည်ချက်တွေကို ချိုးဖျက်ရတော့မယ်နဲ့ တူတယ်။ အခုဖြစ်ရပ်မှာ လှုဥမ္မာက ငါ့ကိုစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာဟာ ငါ့ရဲ့တစ်ဖက်စွန်းရောက် ယုံကြည်ချက်ကို ဖျက်ရှုံတင်လား၊ ဒါ့အပြင် သူ့မှာ တခြားဘာရည်ရွယ်ချက် ရှိသေးလဲ မသိဘူး။ အခုကိစ္စကို ဘယ်သူ့ကိုဖွင့်ပြောပြီး အကူအညီတောင်းရမလဲ။ ရုံးက လုပ်ဖော်ကိုင်ဖက် အရာရှိတွေကို ပြောပြရင်လည်း ဘယ်သူမှ ယုံကြည်ကြမှာ မဟုတ်ဘူး"

ဇင်မင်းအောင်သည် သရဲမလှုဥမ္မာကို တွေ့ခဲ့ပြီးသည့်နောက် ယခုမှပင် အကူအညီတောင်းရမည့်သူကို စဉ်းစားမိခြင်းဖြစ်သည်။ သုံးကြိမ်တိုင်တိုင် မျက်ဝါးထင်ထင်မတွေ့မြင်ခဲ့ရပါက သရဲရှိသည်ဟု လာပြောသူအား ယခင်လိုပင် ဟားတိုက်ရယ်မောမိမှာ သေချာသည်။ အခုအခါတွင်ကား သူ့စိတ်များ အကြီးအကျယ် ပြောင်းလဲနေလေပြီ။

ထို့ကြောင့်လည်း အကူအညီပေးမည့်သူ၊ ဖွင့်ပြောလို့ရမယ့်သူကို စဉ်းစားနေခြင်းဖြစ်သည်။ သူ့စိတ်အာရုံထဲသို့ တစ်စုံတစ်ယောက်က ရောက်လာသည်။

"အင်း. . . အခုနေအခါမှာ ဒီကောင်ကြီးသာ ရှိနေမယ်ဆိုရင် သိပ်ကောင်းမှာပဲ။ ဒီကောင်က သရဲတစ္ဆေဆိုတာကို ယုံကြည်သလို အရမ်းလည်း စိတ်ဝင်စားတဲ့ကောင်၊ ပြီးတော့ အဲ့ဒါတွေကိုလည်း တစ်စက်ကလေးမှ ကြောက်စိတ်ရှိတဲ့ကောင် မဟုတ်ဘူး။ ဒီကောင်သာရှိရင် အားကိုးရတော့ ခက်တာက ငါ့မှာ တကယ့်အရေးကြုံခါမှ အားကိုးရမယ့်သူ မဲ့နေပါလား"

သူ့စိတ်ထဲမှ အားကိုးရမည့်သူ၏ အကြောင်းကို တွေးတောစဉ်းစားနေသည်။ သူလည်း စိတ်မောလူမော ဖြစ်နေသည်။ မည်သို့မျှ အိပ်မရသောချေ။ ထို့ကြောင့် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။



ညနက်မှပင် အိပ်ဆေးသောက်၍ အိပ်ခဲ့ရသည်။ အိပ်မက်ထဲတွင် လှုဥမ္မာကို တွေ့လိုက်ရပြန်သည်။ သူမက သူ့ကို မျက်လုံးစိမ်းစိမ်းကြီးနှင့် စူးစိုက်ကြည့်နေသည်။ သူကလည်း သူမကို ကြောက်နေသည့်ကြားထဲက ကြောက်ကန် ကန်ပြီး မေးလိုက်သည်။

"မင်း. . . မင်း ငါ့ကို ဘာဖြစ်လို့ ဒီလောက်ဟောင် လိုက်နှောင့်ယှက်နေရတာလဲကွ"

ထိုသို့မေးလိုက်မှပင် လှုဥမ္မာ၏ မျက်လုံးများက ပိုပြီးစိမ်းဖန့်ဖန့်ကြီး ဖြစ်လာသလို မျက်နှာကလည်း ကြောက်စရာအသွင်သို့ ပြောင်းလဲသွားတော့သည်။ ဇင်မင်းအောင်လည်း မျက်လုံးစိမ်းကြီးများနှင့် ဆိုးဝါးလွန်းသည့် သူမ၏ ရုပ်သွင်ကို မြင်လိုက်ရသည့်ခဏမှာပင် စူးစူးဝါးဝါး အလန့်တကြား အော်ဟစ်လိုက်မိသည်။

"အား. . . ငါကြောက်. . . ကြောက်လွန်းလို့ပါ"

"ဟင်း ဟင်း ဟင်း. . . သရဲတစ္ဆေမရှိဘူးဆိုတဲ့လူက ဘာကြောင့်များ ကြောက်နေရတာလဲရှင့်။ ရှင်သိထားဖို့က အခုရှင့်ကို ကျွန်မရဲ့ ပကတိ ရုပ်ဆင်းသဏ္ဍာန်ကို ပြလိုက်တာဟာ အကင်းပဲရှိသေးတယ်။ ရှင့်အတွက် ရှေ့လျှောက်ပြီး ဒီထက်ပိုဆိုးဝါးတဲ့ အဖြစ်အပျက်တွေကို တွေ့ရဦးမယ်ဆိုတာ မြဲမြဲမှတ်ထားပေတော့"

"ငါ. . . ငါက မင်းကို အကျိုးယုတ်အောင် ဘာများလုပ်ခဲ့မိလို့လဲ၊ ငါ မင်းသေသွားခဲ့တဲ့ အခန်း၁၃ မှာ တစ်ညလောက်ပဲ တည်းခိုခဲ့တာပါ"

"ဩော်. . . ရှင်က ဒါကို သိပ်ပြီးသိချင်နေတာကိုး။ ကောင်းပြီ. . . ရှင့်ကို နာမည်တစ်ခု ပြောပြမယ်။ ရှင် သူရဆိုတဲ့ အမည်ကို ကြားဖူးသလား"

"သူရ. . . သူရ ဟုတ်လား။ မင်း. . . မင်းပြောတာ ငါ့သူငယ်ချင်း သူရကို ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . အဲဒီ သူရပဲ"

"သူရ. . . သူရ. . . သူရ"

လင်းမင်းအောင် သူရဟု ပါးစပ်မှ တပ်တပ်လဲလဲ ရေရွတ်နေသည်။ လှုဥမ္မာ... နုပ်ရည်က ဆိုးဝါးလွန်းနေရာမှ ပြန်ကြည်ချောမောလာသော်လည်း သူ... မျက်ဆောင့်နီကြီးနဲ့ စိုက်ကြည့်နေဆဲပင်။

"နေ. . . နေပါဦး. . . ငါ. . . ငါ့သူငယ်ချင်း သူရနဲ့ မင်းနဲ့က ဘယ်... ပတ်သက်နေလို့လဲ"

"ဘယ်လိုပတ်သက်တယ်ဆိုတာ ရှင့်ကို ရှင်းမပြနိုင်ဘူး။ ဒါပေမ... ခိတ်ချပါ။ ရှင့်သိရပါစေမယ်။ ဟင်း ဟင်း ဟင်း အဲဒီလိုသိတဲ့နေ့ဟာ ရှ... အတွက် သေရင်သေ၊ မသေရင် မရှုမလှ ခံစားရေစမယ်ဆိုတာ မြဲမြဲမှတ်ထ... ပေတော့"

"မင်း. . . မင်း ဘာကြောင့် အဲဒီလို ငါ့ကို လုပ်တာလဲ။ သူရနဲ့မင်... ဘယ်လိုပတ်သက်တယ်ဆိုတာ ငါမသိပေမယ့် မင်းတို့ကိစ္စမှာ မဆိုင်တဲ့ ငါ... ဘာဖြစ်လို့ ဒုက္ခပေးချင်ရတာလဲ"

"တော်. . . ဘာမှ လာမေးမနေနဲ့၊ ရှင့်ကို လေကုန်ခံပြီး ရှင်းမပြနိုင်... ရှင်သိထားဖို့က ရှင့်ကို သင်္ချိုင်းလောက်အောင် မုန်းတီးနေရယ်ဆို... မြဲမြဲမှတ်ထားပေတော့"

ထိုသို့ပြောဆိုပြီးသည်နှင့် လှုဥမ္မာတစ်ယောက် ချက်ချင်းပင် ပျော... ကွယ်သွားတော့သည်။ လင်းမင်းအောင်လည်း လန့်နိုးလာသည်။ ရင်ထဲ... လည်း တုန်ရီနေမောဟိုက်နေသည့်အတွက် အိပ်ရာမှထကာ ရေတစ်ခွ... သောက်လိုက်ရသည်။

မည်သို့မျှ ဆက်အိပ်၍ မရတော့ပေ။ အိပ်မက်ထဲမှ လှုဥမ္မာအကြော... သာ တွေးတောနေမိသည်။

"သူရနဲ့ လှုဥမ္မာက ဘယ်လိုပတ်သက်နေလို့လဲ၊ ပတ်သက်တယ်ပဲ ...ထားဦး၊ သူရနဲ့ဖြစ်တဲ့ကိစ္စမှာ ငါ့ကို ဘာဖြစ်လို့ အသားလွတ်ကြီး ဒုက္ခပေး ...ချင်နေရတာလဲ"

သူတစ်ယောက်တည်း တွေးတောစဉ်းစားနေသော်လည်း အဖြေကိုကား ...ဉ်းစား၍ မရပေ။

မေးခွန်းနှစ်မျိုးနှင့် ချာချာလည်နေသည်မှာ မိုးစင်စင်လင်းသည့်အထိပင် ...ပ်ပါတော့သည်။

➢ ➢ ➢

www.burmeseclassic.com

အခန်း-(၄)

ဇင်မင်းအောင် ဌာနဆိုင်ရာ အလုပ်တာဝန်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လိုက်လံစစ်ဆေးပြီးသည့်အချိန်တွင် မိုးချုပ်စပြုနေလေပြီ။ လူက ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေပြီး စိတ်တွေက နောက်ကျိရှုပ်ထွေးနေသည်။

ယခု လှဥမ္မာကိစ္စပေါ်လာသည့်အခါ သက်မကြောက်သည့် သူငယ်ချင်းတို့ တမ်းတမိသည်။ သို့သော် အားကိုးရမည့် သူငယ်ချင်းဖြစ်သူ သူရကား လွန်ခဲ့သည့် သုံးလသောက်က သေဆုံးသွားခဲ့ပြီ ဖြစ်သည်။ သူက စိတ်ကူးဖြင့် အားကိုးရန် မျှော်လင့်ခဲ့သည့် သူရနှင့်မှ တိုက်တိုက်ဆိုင်ဆိုင် လှဥမ္မာက လာပြီးပတ်သက်နေသည်မှာ ထူးဆန်းလွန်းလှသည်။ ဇင်မင်းအောင်သည် အဘူယာသည့် ရုံးမှ ဝန်ထမ်းနှစ်ယောက်နှင့်ခွဲကာ ရွာအနောက်ပိုင်းသို့ လျှောက်လာရင်းမှ တွေးတောစဉ်းစားနေခြင်း ဖြစ်သည်။

ဤသို့ဖြင့် ရွာအနောက်ပိုင်းမှတဆင့် တဖြည်းဖြည်း လျှောက်လာခဲ့ရာ ခပ်လှမ်းလှမ်းတွင် ခရေပင်ကြီးကို လှမ်းမြင်လိုက်ရသည်။ ခရေပင်ကြီးအောက်တွင်လည်း အရိပ်သဏ္ဍာန်တစ်ခုကို မှုန်မှုန်ဝါးဝါး မြင်လိုက်ရသည်။



သူလည်း မြင်တွေ့နေရသည့် ခရေပင်ကြီးအောက်ဆီသို့ အရောက်သွားချင်သည့်စိတ်က တားမရ ဆီးမရ ဖြစ်လာသည့်အတွက် ခပ်သွက်သွက် လှမ်းလိုက်သည်။ ခရေပင်ကြီးသို့ရောက်ရန် ကြားတွင် လယ်တစ်ကွက်ရှိရာ သူလည်း ကန်သင်းရိုးပေါ်တွင် မမြင်မစမ်းနှင့် လျှောက်နေရာမှ ခလုတ်တိုက်ပြီး ချော်လဲတော့သည်။ နာကျင်မှုကိုမေ့ပစ်ပြီး လူးလဲထလိုက်သကဲ့သို့ ပါးစပ်မှလည်း ညည်းညူရေရွတ်နေမိသည်။

"ကျွတ်. . . ကျွတ်. . . ကျွတ် နာလိုက်တာ၊ ဒူးစုတ်သွားပြီလား မသိဘူး လက်နှိပ်ဓာတ်မီးယူမလာခဲ့တာ မှားတာပဲ"

သို့သော် ခရေပင်ကြီးဆီသို့ရောက်အောင် သွားချင်သည့် ဇောကြောင့် နာကျင်မှုကို လျစ်လျူရှုပြီး ဆက်လျှောက်လာခဲ့သည်။ ထိုစဉ်မှာပင် တိမ်ကြားထဲက လမင်းထွက်ပေါ်လာသည့်အတွက် ခရေပင်အောက်သို့ လှမ်းကြည့်လိုက်ရာ အရမ်းအံ့အားသင့်သွားလေတော့သည်။ သူမြင်တွေ့လိုက်ရသည်က ဆံပင်ကို ဖားလျားချထားပြီး ကျောခိုင်းရပ်နေသည့် အမျိုးသမီးတစ်ယောက်ပင်ဖြစ်သည်။

သူ၏ သွက်လက်သည့်ခြေလှမ်းများက ချက်ချင်းပင် လေးလံသွားသည်။ စိတ်ထဲတွင်လည်း အံ့အားသင့်ခြင်း၊ တုန်လှုပ်ခြင်းများနှင့်အတူ ခြေဖျားလက်ဖျားများပါ အေးစက်လာသည်။ သို့သော် ယခုလို နေရာမျိုးတွင် လှဥမ္မာကို တွေ့ရလိမ့်မည်ဟု ထင်မထားသည့်အတွက် စိတ်ကိုတင်းပြီး ရှေ့ဆက်လျှောက်လာခဲ့သည်။ ခရေပင်ကြီးနားသို့မရောက်မီ တစ်လံလောက်အလိုတွင် ကျောခိုင်းရပ်နေသည့် အမျိုးသမီးက သူ့ဘက်သို့ တဖြည်းဖြည်း လှည့်လာသည်။

"ဟင်. . . မင်း မင်း လှဥမ္မာ. . . လှဥမ္မာပါလား"

"ရှင်. . . ရှင်. . . ရှင်က ဘယ်သူလဲ၊ ဘယ်ကလဲ၊ ကျွန်မ ရှင့်ကို တစ်ခါမှ မမြင်ဖူးဘူး"

www.burmeseclassic.com

www.burmeseclassic.com

သူမစကားကြောင့် ထိတ်လန့်နေရာမှ အံ့ဩသွားပြန်သည်။

"မင်း. . . မင်းက လှဉမ္မာ မဟုတ်ဘူးလား"

"လှ လှဉမ္မာ ဘယ်က လှဉမ္မာလဲ။ ရှင်ဘာတွေ အကြောင်းကြော
လျှောက်ပြောနေတာလဲ။ ကျွန်မက လှဉမ္မာ မဟုတ်ဘူး။ မြပုဏ္ဏာမာရှင့်. . .
မြပုဏ္ဏာမာတဲ့ သိပြီလား"

"မြပုဏ္ဏာမာ မြပုဏ္ဏာမာတဲ့လား"

ဇင်မင်းအောင် မိန်းကလေးပြောသည့်စကားကို သံယောင်လိုက်
ရေရွတ်နေမိပြန်သည်။ သူ့စိတ်ထဲက ကြောက်လန့်မှုက အတော်ကြီး သ
သာသွားပြီ ဖြစ်သော်လည်း အံ့ဩနေဆဲပင်။ အဘယ်ကြောင့်ဆိုသော် ယ
မြင်တွေ့နေရသည့် မြပုဏ္ဏာမာဆိုသည့် မိန်းကလေးက လှဉမ္မာနဲ့ ခွဲမရအောင်
တူလွန်းလှသည်။ လူတူမရှား နာမည်တူမရှားဟု ဆိုကြသော်လည်း ဤ
လောက်တူသည်ကိုကပင် ထူးဆန်းလှသည်ဟု ထင်နေမိသည်။

ထို့အပြင် လှဉမ္မာတ မန္တလေးသူ၊ ယခုမြင်ရသည့် မြပုဏ္ဏာမာက မထင်
မရှားတောရွာလေးမှ ကျေးတောသူသာဖြစ်သည့်အတွက် အမှာညီအစ်
မဖြစ်နိုင်မှန်းတော့ သူသိသည်။ ထို့ကြောင့် မိန်းကလေးကို သူ သေသေချာချာ
အတဲခတ် ကြည့်ရှုလိုက်သည်။ လှဉမ္မာတွင် မြင်ရသည့် မျက်နှာပေါ်က မှဲ့
လုံးဝမတွေ့ရသောကြောင့် စိတ်လက်ပေါ့ပါးသွားသည့်အတွက် ခပ်သွက်သွက်
ပြန်မေးလိုက်သည်။

"မိန်းကလေး ဒီမြို့ကပဲလား"

"ဟုတ်တယ်. . . မဟုတ်ဘူးရှင့်"

သူမကလည်း ချက်ချင်းပင် ပြန်လည် ပြောဆိုလိုက်သည်။ သူမအဖြေ
သဘောကျ၍လားမသိ မပွင့်တပွင့် ပြုံးရယ်လိုက်ပြန်သည်။ လှဉမ္မာတွင်
တွေ့ရသည့် ပါးချိုင့်လေးကို သူမတွင် မတွေ့ရပေ။ လှဉမ္မာ မဟုတ်မှန်



သချာသွားပြီ ဖြစ်သည့်အတွက် သူက ထပ်မေးလိုက်ပြန်သည်။

"ဟုတ်တယ်. . . မဟုတ်ဘူးဆိုတာ ဘယ်လိုအဓိပ္ပါယ်လည်းဆိုတာ
သိပါရစေလား"

"ဟုတ်တယ်ဆိုတာက ဒီမြို့သူဆိုတာတော့ ဟုတ်တယ်၊ မဟုတ်ဘူး
ဆိုတာကတော့ ကျွန်မက ဒီမှာမနေတဲ့အတွက် ပြောတာရှင့်၊ ကျွန်မကိုပဲ
မေးနေတယ်၊ ရှင်ကကော ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာ ပြောစမ်းပါဦး"

"ကိုယ်က ဒီမြို့နယ်ကို တာဝန်အရလာပြီး စစ်ဆေးရတဲ့ စာရင်းစစ်
ဌာနက အရာရှိတစ်ယောက်ပါ၊ ကိုယ့်နာမည်က ဇင်မင်းအောင်လို့ ခေါ်
ပါတယ်"

"ဪ. . . အစ်ကိုက မြို့ပေါ်က အရာရှိပေါ့နော်"

"ဟုတ်ပါတယ်. . . ဒါနဲ့ ညီမက နေတော့ ဘယ်မှာနေလဲ"

"လယ်တဲကုန်းမှာ နေတာပေါ့ရှင့်၊ လသာသာနဲ့ ခရေပန်းလာကောက်
တာပါ"

မိန်းကလေး၏လက်ထဲတွင် ခမောက်တစ်လုံးကို ကိုင်ထားပြီး ခရေပန်း
ချို့ကို တွေ့မြင်နေရသည်။ သူမက ထိုင်ပြီး ခရေပန်းကို ကောက်နေရာမှ
ထ်လွှာပင့်၍ မော့ကြည့်လာသည်။

သူကလည်း မြပုဏ္ဏာမာကို ကြည့်နေရာမှ အကြည့်ကို ချက်ချင်း လွှဲလိုက်ပြီး
ခတော်ဝေးဝေးသို့ လှမ်းကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းရှိ ကုန်းမြင့်မြင့်လေးပေါ်တွင် တဲတစ်လုံးရှိသည်ကိုလည်း
တွေ့လိုက်ရသည်။ တဲကိုလှမ်းကြည့်နေသည့် သူ့ကို မော့ကြည့်လိုက်သည့်
ပုဏ္ဏာမာ၏ မျက်လုံးအစုံက ကြောက်စရာကောင်းလောက်အောင် အရောင်
လက်လက်ထွက်နေသည်ကိုတော့ လုံးဝသတိမပြုနိုင်မည် မဟုတ်ပေ။

"ညီမတို့နေတာ ဟော ဟိုက မြင်နေရတဲ့ အိမ်မှာလား"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါတယ်"

ပြန်ပြောလိုက်သည့် စကားသံက ချိုသာသလောက် မျက်နှာက တင်း ခက်ထန်နေသည်။ သို့သော် သူမဘက်သို့ ပြန်လှည့်လိုက်စဉ်မှာမူ မျက်နှာ ချက်ချင်းဝင် ကြည်လင်လာကာ ပြုံးပြုံးလေး ပြောဆိုနေပြန်သည်။

"တဲ. . . အစ်ကို အဖေနဲ့အမေက ပန်းကောက်တာ ကြာလို့ ဆွေနေဦးမယ် ညီမပြန်တော့မယ်နော်"

သူမက ပြောပြောဆိုဆိုပင် ထိုင်နေရာမှ လျှပ်တပြက်ပင် ခမောက် တလေးကို ကိုင်ကာ သူ့အပါးမှကပ်ပြီး ပြေးထွက်သွားတော့သည်။ မြပုဏ္ဏ သူ့အနားမှ ဖြတ်သွားစဉ်ခဏ၌ ရေခဲတိုက်ထဲရောက်သွားသလို အေးစိမ့် ဖြစ်သွားမှန်း သူသတိထားမိလိုက်သည်။ သူ့စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသ ကြောက်စိတ်က လွှမ်းခြုံလာပြန်သည်။ မြပုဏ္ဏမာ ထွက်သွားရာသို့ လှမ်း ကြည့်လိုက်သည်။ ထိုအခါ သူမ၏အရိပ်အယောင်ကို လုံးဝမတွေ့ရတော့

သူ့စိတ်ထဲတွင် သံသယတွေ ကြီးမားလာတော့သည်။ ထို့ကြောင့် သံသယကို ဖြေရှင်းရန် ခပ်လှမ်းလှမ်းရှိ အိမ်လေးဆီသို့ အရဲစွန့်ပြီး သွားလို သည်။ အိမ်ရှိရာ ကုန်းမြင့်လေးပေါ်သို့ရောက်သည့်အခါ ဇင်မင်းအော မျက်လုံးကြီးပြူး၍ အိမ်ကိုသာ စူးစိုက်ကြည့်နေမိတော့သည်။ အိမ်ဆိုသော်လည်း တဲအိမ်သာ ဖြစ်သည်။ တဲတစ်လုံးလုံးတွင် အမိုးက ပေါက်ပြဲနေပြီး အခင်းဆို ဝါးတစ်ခြမ်းမျှပင် မရှိသည့် တဲပျက်ကြီးသာဖြစ်သည်။ လူနှင့်တူတာဆို၍လည်း တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပေ။

ဇင်မင်းအောင်လည်း အဘယ်မျှကြာအောင် ငေးကြည့်နေမိသည်မသိ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် စကားသံများကို ကြားလိုက်ရမှပင် ငေးငိုင် နေရာမှ အသိက ပြန်ဝင်လာသည်။

"ဆရာ. . . ဆရာပျောက်လို့ လိုက်ရှာနေကြတာ"

"ဆရာ. . . ဘာဖြစ်လို့ ဒီနေရာကို ရောက်နေတာလဲ"

ရုံးမှ ဝန်ထမ်းနှစ်ယောက်နှင့်အတူ မြို့ခံရပ်မိရပ်ဖနှင့် လူသုံးလေးယောက် တို့ပါ တွေ့လိုက်ရသည်။ သူ့အနေနှင့် မည်သို့မျှ အမှန်အတိုင်း ပြော၍ မဖြစ်သည့်အတွက် လှီးလွှဲကာ ပြန်ပြောလိုက်ရသည်။

"အေးဗျာ. . . လမ်းလျှောက်ရင်း ဒီနေရာလေးက သာယာသလို ရှိတာနဲ့ ဆက်လျှောက်ခဲ့မိတာပဲ။ ကျွန်တော့်အတွက် အားလုံးအလုပ်များသွားပြီနဲ့ တူတယ်။ အားနာလိုက်တာဗျာ"

"အားနာစရာ မလိုပါဘူးဆရာလေးရယ်၊ ဆရာလေး ဘာမှ မဖြစ်တာကို တွေ့ရတာပဲ ဝမ်းသာလှပါပြီ"

"ဗျာ. . . ကျွန်တော်က ဘာဖြစ်ရမှာလဲ"

"ဆရာလေးက အခုမှရောက်လာတဲ့ ဧည့်သည်မို့ ဘာမှမသိတာဗျ။ ဒီနေရာက သရဲအရမ်းခြောက်တဲ့ နေရာလေ ဆရာလေးရဲ့"

"ဟင်. . . ဟုတ်လား၊ ကျွန်တော်က အဲ့ဒါတွေကို အယုံအကြည် မရှိပါဘူးဗျာ"

ဇင်မင်းအောင်က အရေးမထားဟန်ဖြင့် ပြန်ပြောလိုက်ရသော်လည်း စိတ်ထဲတွင်မူကား အရမ်းတုန်လှုပ်နေပြီ ဖြစ်သည်။ မကြာမီ ရွာထဲသို့ ပြန်ရောက်လာပြီး ရွာခံလူများကို နှုတ်ဆက်ကာ သူတို့ သုံးယောက်ပြန်လာခဲ့ကြသည်။

လမ်းတွင် သူက ဝန်ထမ်းနှစ်ယောက်ကို ပြောလိုက်သည်။

"မင်းတို့ ရှေ့ကသွားနှင့်ကြကွာ။ မြို့နဲ့ ဒီနေရာက ဘာမှသိပ်မဝေးတော့ဘူး"

"ကျွန်တော်တို့က ပြန်လို့ရပါတယ်။ ဆရာက ဘာဖြစ်လို့ ကျွန်တော်တို့နဲ့ အတူ မပြန်တာလဲ"

www.burmeseclassic.com

"ငါမှာ ကိစ္စရှိလို့ပေါ့ကွာ၊ ကဲ. . . သွားကြပေတော့"

သူ့စကားကြောင့် ဝန်ထမ်းနှစ်ယောက်လည်း ကားကြုံစောင့်ကာ ပြန်သွားကြသည်။ မြေလတ်ပိုင်းရှိ မြို့နယ်တိုင်းလိုလိုမှာပင် အငှားကားပေါ်သောကြောင့် သူလည်း ကားငှား၍ ပြန်လာခဲ့သည်။

ထိုသို့ဖြင့် မြို့အဝင်နားသို့ ရောက်လာသည်။ မြို့အဝင်နား ကားလမ်းဘေး၌ ခရီးသည်များ နားခိုရန် ပြုလုပ်ထားသည့် အဆောင်လေးရှိပြီး ခုံတန်းလျားလေးလည်း ရှိသည်။ အဆောင်နားသို့ရောက်သည်နှင့် မိန်းကလေးတစ်ယောက်ထွက်လာပြီး တားလာသည်။ ဇင်မင်းအောင်အနေနှင့် ခရေပင်အောက်တွင် မြပုလ္လကို တွေ့ခဲ့ရပြီးသည့်အတွက် မိန်းကလေးကို သေသေချာချာပင် အကဲခတ်ကြည့်လိုက်သည်။

မိန်းကလေး၏အသက်သည် အလွန်ဆုံးရှိလှမှ နှစ်ဆယ်ပတ်ဝန်းကျင်ဝဲရှိဦးမည်။ မျက်နှာလေးက ချောသလို မျက်ဝန်းအစုံကလည်း ရွှန်းလဲ့လွန်းလှသည်။ တီရှပ်အနီရောင်နှင့် အဝါရောင်ဖျော့ဖျော့ ထဘီကို ဝတ်ဆင်ထားသည်။

"ညီမလေးက ဘယ်သွားမှာလဲ"

မိန်းမချောလေးက လမ်းနာမည်ကိုပြောသည်။ သူမပြောသည့်လမ်းနှင့်သူ့တို့ဝန်ထမ်းအိမ်ရာနှင့် နီးသည့်အတွက် လမ်းကြုံသည်။

"ကောင်းပြီ. . . တက်. . . တက် ညီမ"

"ကျေးဇူးပါပဲ အစ်ကိုကြီးရယ်"

မိန်းမချောလေးကို ကားကြုံတင်ဆောင်လာခဲ့သည်။ မိုးချုပ်နေပြီ ဖြစ်သည့်အတွက် ဇင်မင်းအောင်က ကားဆရာကို အမြန်မောင်းခိုင်းလိုက်သည်။ လမ်းထဲ့တွင်လျှောက်လုံး လူမရှိဘဲ ရှင်းလင်းနေသည်။ မကာအကြာတွင် နှာခေါင်းထဲသို့ စူးရှမွှေးပျံ့သည့် ရနံ့က တိုးဝင်လာသည်။ သည်ရနံ့ကို သူကောင်း



ကောင်း မှတ်မိနေသည့်အတွက် အထိတ်တလန့်ပင် ကားဆရာကို ရပ်ခိုင်းပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။

ဇင်မင်းအောင်တွေ့လိုက်ရသည်က ခေါင်းနှင့်ကိုယ် တဲတဲလေးသာ ကျန်တော့သည့် လှဉမ္မာ၏ ကြောက်စရာမျက်နှာကြီးပင် ဖြစ်သည်။

"နင်. . . နင်. . . သရဲမ လှ. . . လှဉမ္မာ"

"ဟင်း. . . ဟင်း. . . ဟင်း ဟုတ်တယ်၊ ရှင်သိပ်လန့်သွားပြီလား။ ကျွန်မပြောခဲ့သားပဲ၊ ရှင့်ကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်ဆိုတာကိုလေ၊ မှတ်မိဦးမှာပေါ့"

ဇင်မင်းအောင် ကားလမ်းပေါ်တွင်ရပ်ပြီး ခေါင်းပြတ်လုပြတ်ခင်နှင့် စကားပြောဆိုနေသည့် လှဉမ္မာကို ထိတ်လန့်စွာဖြင့် ကြည့်ပြီးနောက် ကြောက်အားလန့်အားနှင့် ပြေးထွက်ခဲ့တော့သည်။ လှဉမ္မာက ကားလမ်းပေါ်တွင် ခါးထောက်ရပ်ရင်းမှ ဇင်မင်းအောင်ပြေးသွားသည်ကိုကြည့်ပြီး ဟားတိုက် ရယ်မောကာ ကျန်နေခဲ့ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၅)

"ခင်ဗျားကို ကျွန်တော် အကဲခတ်နေတာကြာပြီ၊ ငိုင်တိငိုင်တိုင်နဲ့ ဘယ်လို ဖြစ်နေတာလဲ၊ ပြီးတော့ မျက်နှာလည်း ချောင်ကျသွားတာတွေ့ရတယ်၊ ခင်ဗျားမှာ ဘာစိတ်ညစ်စရာတွေ ရှိလို့လဲ ကိုဇင်မင်းအောင်ရယ်"

မိတ်ဆွေအရာရှိ၏အမေးကို သူမည်သို့ ဖြေရမည်နည်း။ အမှန်အတိုင်း ဖြေဖို့ကလည်း ဖြစ်မည်မထင်၊ ယုံလျှင်တော်သေးသည်၊ မယုံကြည်ပါက သူ့အနေနှင့် အရှက်ကွဲယုံကလွဲ၍ ဘာမှ ထူးခြားမည်မဟုတ်ပေ။ ထို့ကြောင့် မိတ်ဆွေအရာရှိကို တခြားလက်ခံနိုင်မည့်စကားတို့ကို ရွေးချယ်ပြီး ပြောလိုက်ရသည်၊

"အေးဗျာ. . . ဒီရက်ထဲ ဘယ်လိုဖြစ်မှန်းမသိဘူးဗျ၊ အိပ်မက်ဆိုးတွေ နေ့တိုင်းလိုလို ဆက်ပြီးမက်နေတယ်၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က သရဲတစ္ဆေရှိတယ်ဆိုတာ မယုံတဲ့လူလေဗျာ၊ အဲဒီလို မယုံတဲ့လူကိုမှ မက်လိုက်တဲ့ အိပ်မက်တွေက သရဲတစ္ဆေတွေချည်းပဲ၊ ကျွန်တော့်မှာ ညတိုင်း သရဲတစ္ဆေ တွေနဲ့ ဖိုက်တင်ချရ၊ လိုက်တမ်းပြေးတမ်းကစားရနဲ့ဆိုတော့ ညတိုင်း အိပ်ရေး ပျက်လို့ အခုလိုဖြစ်ရတာပါပဲဗျာ"



"ဟာ. . . ခင်ဗျားအဖြစ်ကလည်း မလွယ်ပါလား၊ အဲဒီအိပ်မက်ဆိုးတွေ ပျောက်သွားအောင် ရတနာမြတ်သုံးပါးကို အာရုံပြုပြီး အိပ်ကြည့်ဗျာ၊ ညတိုင်း အိပ်ရာဝင်ကာနီး ဘုရားရှိခိုးပြီး အိပ်ပေါ့။ ဒါဆိုရင် အိပ်မက်ဆိုးတွေ ကျိန်းသေ ပျောက်ကွယ်သွားလိမ့်မယ်"

"အခုလို အကြံပေးတာ ကျေးဇူးပါပဲဗျာ"

သူက အလိုက်သင့်ပင် ပြန်ပြောလိုက်သည်။ တစ်ဆင့်စကား တစ်ဆင့်နားသို့ ရောက်သွားသည့်အတွက် သူ့ကိစ္စကို အခုဆိုလျှင် တစ်ရုံးလုံး သိသွားကြပြီး လာမေးကြသဖြင့် သူက ဟုတ်မှန်ကြောင်း ဝန်ခံခဲ့သော်လည်း စိတ်ထဲကမူ အဖြစ်မှန်ကို မပြောဝံ့သည့် သူ့ကိုယ်သူ မချိပြုံးသာ ပြုံးနေလိုက်ရသည်၊

သရဲမလှူဥမ္မာတစ်ယောက် သည်ရက်များအတွင်း အနှောင့်အယှက် မပေးသည်ကို ဇင်မင်းအောင်သည် ကြိတ်ပြီးကျေးဇူးတင်နေမိသည်၊ ယခု ဆိုလျှင် လှူဥမ္မာရောက်မလာခဲ့သည်မှာ တစ်ပတ်တင်းတင်းပြည့်ခဲ့လေပြီ၊ ရုံးမှ အရာရှိများနှင့် ဝန်ထမ်းများကို လိမ်ညာပြောခဲ့သလို အိပ်မက်ဆိုလျှင် သိပ်ကောင်းမည်။

ယခုမူ အိပ်မက်မဟုတ်သည့် ထိတ်လန့်စရာ ဖြစ်ရပ်များက သူ့စိတ်ကိုပင် မကာ ရုပ်ပိုင်းဆိုင်ရာကိုပါ ထိခိုက်အောင် ပြိုကွဲသွားအောင် ဖန်တီးပို့ဆောင် နေကြလေပြီ၊ သည်ထက်အခြေအနေဆိုးလျှင် အသက်နှင့်ခန္ဓာပါ အိုးစားကွဲ နိုင်သည့် ဖြစ်ရပ်များပင် ဖြစ်သည်၊

ဇင်မင်းအောင် အိမ်ထဲတွင် ငြိမ်ကုပ်နေရင်း ဖြစ်ရပ်အားလုံးကို ပြန်စဉ်းစား တွေးတောနေရာမှ ထိတ်လန့်သည့်စိတ်က ဖိစီးလာပြန်သည်၊ သူ့ကိုယ်သူ လည်း အတော်ပင် မကျေမနပ် ဖြစ်နေမိသည်။

"ငါသတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ငါ အစက ဒီသရဲတစ္ဆေတွေကို လုံးဝ ကြောက်ခဲ့တာ မဟုတ်ဘူး။ ဟိုတုန်းက မတွေ့ဖူး မမြင်ဖူးလို့ ယုံ

www.burmeseclassic.com

www.burmeseclassic.com



အြည့်လို့ မကြောက်ခဲ့တာ ဖြစ်မယ်၊ အခု ဂိုဏ်းသံတွေကြားရလို့ ကြောက်လန့်နေတာလား၊ မယုံတဲ့လူ ယုံကြည်သွားလို့ ဒီလောက် အကြောက်ကြီး ကြောက်သွားတာလား။ အခုနေ သူရသာရှိဦးမယ်ဆိုရင် ငါ့ကိုကြည့်ပြီး ဟားတိုက်ရယ်မှာ သေချာတယ်"

တစ်ယောက်တည်း တွေးတောစဉ်းစားနေရာမှ သေဆုံးခဲ့ပြီးဖြစ်သည့် သူငယ်ချင်း သူရဆီသို့ စိတ်ကရောက်သွားပြန်သည်။

"ဒီကောင်နဲ့ သရဲမလှဥမ္မာနဲ့ ဘယ်လိုပတ်သက်နေသလဲ။ ငါဘာမှ မသိရပါလား။ တကယ်လို့ သူတို့နှစ်ယောက် မသေခင်က သိခဲ့ကြတယ် ဒါမှမဟုတ် ချစ်သူတွေ ဖြစ်ခဲ့ကြမယ်ဆိုရင် ငါ သိကိုသိရမယ်။ ငါ သူရရဲ့ အကြောင်းကို အားလုံးသိခဲ့တာပဲ။ ဒါပေမယ့် ဒီအထဲမှာ လှဥမ္မာဆိုတဲ့အမည်ကို သူရဆီက တစ်ခါမှ မကြားခဲ့ဖူးဘူး။ ဒါဆိုရင် လှဥမ္မာက သူရရဲ့အမည်ကို အလွဲသုံးစားလုပ်ပြီး တမင်သက်သက် ငါ့ကိုပြဿနာ လာရှာတာလား မသိဘူး"

ဇင်မင်းအောင် တွေးတောနေရာမှ လှဥမ္မာကို ရွံကြောက်ကြီးဖြစ်နေရာမှ ဒေါသက အတုံးလိုက် အတစ်လိုက် ထွက်လာပြန်သည်။ သို့သော် လှဥမ္မာ ရှေ့တွင်မူ သူအနေနှင့် ဆံချည်တစ်မျှင်တောင် ဒေါသများ ပေါက်ကွဲမပြရဲပေ။ ဇင်မင်းအောင် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ဖွာရှိုက်ရင်း စဉ်းစားတွေးတောနေသည်မှာ အချိန်အတော်ပင်ကြာခဲ့ပြီ ဖြစ်သည်။

သူက နာရီကို လှမ်းကြည့်လိုက်သည်။ ညနေလေးနာရီကျော်ကျော် လောက်ပဲရှိသေးသည့်အတွက် အိမ်တံခါးကိုပိတ်ပြီး စက်ဘီးတစ်စီးနှင့် အပြင်သို့ ထွက်လာခဲ့သည်။

ဦးတည်ချက်မရှိဘဲ စက်ဘီးကို နင်းလာခဲ့ရာ မြို့အနောက်ဘက်တွင်ရှိသော တောင်ခြေရင်းသို့ပင် ရောက်ခဲ့လေပြီ။ တောင်ခြေရင်းတွင် လူတလည်း ရှင်းနေပြီ၊ သူ့အနေနှင့် သည်မြို့တွင် အမှုထမ်းဘဝနှင့်



နေလာခဲ့သည်၊ သုံးနှစ်အတွင်း၌ သည်တောင်ခြေသို့ တစ်ခေါက်မှ မရောက်ခဲ့ဖူးပေ၊ ယခုမှသာ ပထမဆုံးအကြိမ် ရောက်လာခဲ့ခြင်း ဖြစ်သည်၊

သူက စက်ဘီးကို ပျဉ်းမပင်ကြီးအောက်သွင် ထားခဲ့ပြီး ဇရပ်ဟု ယူဆရသည့် အဆောက်အဦးဆီသို့ လျှောက်လာခဲ့သည်။ တောရိပ်တောင်ရိပ်များကြောင့် တောင်ခြေတစ်ဝိုက်တွင် အမှောင်က ကြီးစိုးလာသည်။ ဇင်မင်းအောင်လည်း ဇရပ်နားသို့ရောက်သည်နှင့် အတွင်းသို့လှမ်းကြည့်လိုက်သည်၊ ဇရပ်ထဲတွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပေ၊

ဇင်မင်းအောင် တစ်ယောက်ထဲဆက်လျှောက်လာခဲ့ရာ တစ်နေရာအရောက်တွင် လမ်း၏ညာဘက် တောလမ်းလေးထဲမှ ထွက်လာသည့် သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသည်၊ အသက်ခြောက်ဆယ်ခန့်ရှိမည့် ယောဂီဝတ်စုံနှင့် အဖွားကြီးတစ်ယောက်ပင် ဖြစ်သည်။ လက်ထဲတွင် ကြိမ်ဆွဲခြင်းတစ်လုံးကို ကိုင်ထားပြီး ဆွဲခြင်းထဲတွင်လည်း ဟင်းသီးဟင်းရွက်များကို တွေ့ရသည်၊

"အဖွား. . . အဖွားက ဒီနားမှာနေတာလား ခင်ဗျာ"

"ဟုတ်တယ် လူလေး. . . တောင်ခြေမှာ ဇရပ်တစ်လုံးတွေ့ခဲ့တယ် မဟုတ်လား၊ အဖွားက အဲဒီ ဇရပ်မှာနေတာလေ၊ အခု တောထဲက ဟင်းသီးတင်းရွက်တွေခူးပြီး ပြန်လာတာ"

"ဩော်. . . ဒီက ဒာမြန်မှာ ချက်ရပြုတ်ရမှာပေါ့နော် ဟုတ်လား အဖွား"

"ချက်ရပြုတ်ရမှာတော့ ဟုတ်တယ်၊ ဒါပေမယ့် ညစာအတွက် မဟုတ်ဘူး အဖွားက ယောဂီဖြစ်တဲ့အပြင် ရှစ်ပါးသီလနဲ့ဆိုတော့ ညစာ မစားတာ ဆယ်နှစ်တင်းတင်းရှိခဲ့ပြီ လူလေး။ အခုချက်ရပြုတ်ရမယ်ဆိုတာက အာရုံဆွမ်းစားဖို့အတွက်ရယ်၊ အမိက ကတော့ ဟိုတောင်ပေါ်မှာ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးကို အာရုံဆွမ်းကပ်ဖို့ပဲကွယ်"

အဖွားကြီး၏အပြောအဆို သိမ်မွေ့နူးညံ့ပုံနှင့် အမူအရာတို့ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com

သူ့ရင်ထဲတွင် စေတနာများ တဖွားဖွား ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဇင်မင်းအောင်က အိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်ကို ထုတ်ပြီး လှူလိုက်သည်။ အဖွားကြီးက တုန်ယင်နေသည့်လက်နှင့် တစ်ထောင်တန်ကိုယူလိုက်ပြီး ဆုပေးလာသည်။

"သာဓု သာဓု သာဓု အခုလို လှူဒါန်းရတဲ့ ကုသိုလ်ကံစေတနာကြော တိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး တောင်းတဲ့ဆုနဲ့ ပြည့်စုံပါစေ၊ အင် . . . လူလေးကို အဖွားကြည့်ရ မြင်ရသလောက် ပြောရမယ်ဆိုရင် ဒီလပိုင်း ရက်ပိုင်းအတွင်းမှာ ပရလောကသားတွေရဲ့ အနှောင့်အယှက်ကို ခံခဲ့ရတယ်လို့ တွေ့ရတယ် ဟုတ်ရဲ့လား လူလေး"

ယောဂီအဖွားကြီး၏စကားကြောင့် သူ့စိတ်ထဲတွင် အတော်ကြီး အံ့အား သင့်သွားသည်။ တရားကျင့်နေကြသည့် သူတော်ကောင်းပုဂ္ဂိုလ်ထူးကြီးများတွင် ယခုလို အမြင်မှာတ် အကြားမတ်များရှိသည်ကို သူ စာအုပ်ထဲတွင် ဖတ်ရှု ခဲ့ဖူးသည်။ သူက ချက်ချင်းပင် အားကိုးတကြီးနှင့် ပြန်ပြောလိုက်သည်။

"ဟုတ် . . . ဟုတ်ပါတယ် အဖွားရယ် ကျွန်တော့်ကို ကူညီနိုင်ရင် ကူညီ ပါဦး"

"အင်း . . . ကူညီသင့် ကူညီထိုက်လို့ အဖွားနဲ့လာတွေ့နေမှာပေါ့ လူလေးရဲ့ အခက်အခဲကို အဖွားဖြေရှင်းပေးပါ့မယ်"

စကားဆုံးသည်နှင့် ယောဂီအဖွားကြီးက ခေါင်းတွင်ပတ်ထားသည့် ယောဂီသင်္ကန်းကို ဖြည်လိုက်ပြီး မှိုင်းခံစက္ကူနှင့်ပတ်ထားသည့်လက်တစ်ဝါး သာသာခန့်ရှိမည့် အင်းတစ်ချပ်ဟု ယူဆရသည့် တစ်ခုကို ကမ်းပေးလာသည်။

"ရော့ . . . လူလေး၊ ဒီမှိုင်းခံစက္ကူထဲမှာ စမတောင်က ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးဖြစ်တဲ့ လေးကြိုးကိုင်အဖေနွဲ့ရဲ့ ပုံတော်ရှိတယ်။ ပြီးတော့ နောက် ကျောမှာ မကောင်းဆိုးဝါးတွေကို နိုင်တဲ့ အင်းနဲ့အတူ မန္တန်လည်းပါတယ်။



အဲဒါကို ဆောင်ထားပေတော့။ ကဲ . . . အဖွားသွားဦးမယ်"

"ကျေးဇူးပါပဲ အဖွားရယ်"

ဇင်မင်းအောင်က မှိုင်းခံစက္ကူနှင့်ပတ်ထားသည့် အထုပ်ကို သေသေ ချာချာကြည့်လိုက်သည်။ ကြည့်နေဆဲမှာပင် အထုပ်လေးကို ကိုင်ထားသည့် လက်က တဆတ်ဆတ်တုန်လာသည်။ စိတ်လှုပ်ရှားမှုနှင့်အတူ ဘယ်လက်နှင့် မှိုင်းခံစက္ကူထုပ်ကို ကိုင်ထားရင်း ညာလက်နှင့် စက္ကူကို ခွာပစ်လိုက်သည်။

သည်အခါတွင် မှိုင်းခံစက္ကူထဲတွင် မြင်တွေ့ရသည်က ယောဂီအဖွား ကြီး ပြောသကဲ့သို့ ဓာတ်ပုံမဟုတ်ဘဲ စုတ်ချက်ကြမ်းကြမ်းနှင့်ဆွဲထားသည့် ပုံတူပန်းချီကား ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ပန်းချီပုံသည်လည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ် လေးကြိုးကိုင်အဖေနွဲ့ပုံ မဟုတ်ချေ။ ဇင်မင်းအောင် ရက်လုံးပြူး မျက်ဆံပြူးနှင့် ပန်းချီကားချပ်ကိုသာ ထိတ်ထိတ်လန့်လန့် ကြည့်နေမိသည်။

ပန်းချီကားထဲတွင် တွေ့မြင်ရသည့်ပုံကလည်း အသည်းထိတ်စရာ ကောင်းလှသည်။ သည်ထက်ပိုဆိုးသည်က ပန်းချီပုံသည် လွန်ခဲ့သည့် သုံးလတ သေဆုံးသွားခဲ့သည့် သူရပုံနှင့် လှဥမ္မာတို့ ပုံနှစ်ပုံပင်ဖြစ်သည်။ ဆွဲထားသည့် ပုံစံကလည်း အသက်ဝင်နေပြီး ကြောက်စရာကောင်းလှသည်။

ဇင်မင်းအောင်သည် အနိဋ္ဌာရုံပုံကိုကြည့်ရင်း စိတ်က ချောက်ချား လာသည်။ ထို့ကြောင့် ပန်းချီကားချပ်၏နောက်ကျောကိုလှန်ကြည့်လိုက်ရာ အောက်ပါ စာတမ်းကို အနီရောင်ဖြင့် ရေးထားသည်ကို ဖတ်ရှုလိုက်ရသည်။ သူသည် ထိုစာလုံးများကို ဆေးဖြင့်မဟုတ်ဘဲ သွေးဖြင့်ရေးထားသည်ဟု ထင်နေသည်။

"အမုန်းမေတ္တာလက်ဆောင်"

ဇင်မင်းအောင်လည်း သူတော်ကောင်းအယောင်ဆောင်၍ သူ့ထိုလိမ်

www.burmeseclassic.com

www.burmeseclassic.com



သွားသည့် မိစ္ဆာမ လှဥမ္မာကို ထိတ်လန့်နေသည့်ကြားမှာပင် နာကျည်းခံပြ
နေမိသည်။ သည်ပန်းချီကားထဲက ဖော်ပြထားသည့်အတိုင်းသာမှန်မည်
ဆိုလျှင် သူရတစ်ယောက် မကျွတ်ဘဲ သရဲတစ္ဆေဖြစ်နေပြီမှန်း သူသဘောပေါ
လိုက်သည်။

သရဲဘဝတွင် လှဥမ္မာက သူရကိုလိုက်ရှာပြီး ရက်ရက်စက်စက် လက်စား
ချေခြင်းဖြစ်မှန်း သူရိပ်မိလိုက်သည်။ တမလွန်မှ သူရ၏အဖြစ်ဆိုးကို တွေ
မိပြီး သူ့စိတ်ထဲက သူငယ်ချင်းအတွက် ခံပြင်းကာ တောက်တစ်ချက် ခေါ
လိုက်လေသည်။

"တောက်. . . မိစ္ဆာမ ဘယ်လိုအပြူးကြောင့် သူရကို ဒီလိုလုပ်ရတာ
နင်နဲ့ငါနဲ့တွေ့ကြသေးတာပေါ့ လှဥမ္မာရယ်"

ပြောဆိုနေရင်းမှပင် ဇင်မင်းအောင်သည် ပေါက်ကွဲကာ မိစ္ဆာမလ
ချက်ကြောင့် သေချင်သေ ဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်ပြီး တောက်အောက်
ပြေးဆင်းသွားလေတော့သည်။ သူ ဇရပ်နားသို့ရောက်ခါနီးတွင် ဇရပ်ထဲ
ထွက်ပြေးသွားသည့် အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရသည်။ တွေ့နေ
ဖြစ်သည့် ဖက်ဖူးရောင်ဝမ်းဆက်နှင့် ဆံပင်ဖားလျားချထားသည်ကို တွေ
ရသည့်အတွက် လှဥမ္မာမှန်း သိလိုက်သည်။

"ဟေ့. . . မိစ္ဆာမ မပြေးနဲ့. . . မပြေးနဲ့ ရပ်စမ်း"

"ဟင်း ဟင်း ဟင်း ရှင့်အတွက် မရဏမင်းကြီးဆီက သေမိန့်မရသေး
အချိန်တွေရှိပါသေးတယ်။ မသေချင်ပါနဲ့ဦးရှင့်၊ ရှင် ကိုယ်ဆင်းရဲ စိတ်ဆင်
ဖြစ်နေတာကို ကြည့်ပြီး ကျွန်မဘယ်လောက်ဝမ်းသာနေတယ် မှတ်သလဲ
ဒီထက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ကျွန်မလုပ်ရဦးမယ်။ သွားပြီရှင်
ပြေးလွှားရင်းမှာ လှဥမ္မာက အော်ပြောနေခြင်းဖြစ်သည်။ သူဘ
လောက်အားစိုက်ပြီး လိုက်လိုက် လှဥမ္မာကို လုံးဝမမှီတော့ပေ။ နောက်ဆုံး

www.burmeseclassic.com



တော့ ဇင်မင်းအောင်သည် အရှေ့ဘက်တောစပ်နားတွင် အမော့ဖြေရင်း
တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့် လှဥမ္မာ၏ နောက်ကျောကို
ကြည့်ရင်း မချင့်မရဲ ကျန်ခဲ့ပါလေတော့သည်။

သူလည်း အမောပြေသွားသည်နှင့် အိမ်သို့ပြန်လာခဲ့ရသည်။ သူ့အိမ်သို့
ပြန်ရောက်သည့်အချိန်တွင် ညဆယ့်နှစ်နာရီဟိုတိုထိုးနေပြီ ဖြစ်ကြောင်း
နာရီလက်တံများက ညွှန်ပြနေပါလေတော့သည်။

➤ ➤ ➤

www.burmeseclassic.com

## အခန်း-(၆)

ဇင်မင်းအောင်သည် အိမ်တွင်တစ်ယောက်ထဲ နေရသည့်အဖြစ်တို တွေးရင်း ကျောထဲကစိမ့်ပြီး ကြောက်လာသည်။ မိစ္ဆာမကိုယ်တိုင်ရောက် မလာသော်လည်း အိပ်မက်ထဲတွင်မူ ညတိုင်း ဒုက္ခပေးနေစမြဲပင်၊ ကစ်ခါတ အိမ်ဘေးနားမှ ငှက်ဆိုးထိုးသံများကိုကြားရသကဲ့သို့ ခပ်ဝေးဝေးမှ အူဟာ လိုက်သည့် ခွေးအူသံတို့ကိုလည်း ကြားနေရသည်။ သည်လိုအခါမျိုးတွင် နေစရာထိုင်စရာရှာမရလောက်အောင်ပင် စိုးထိတ်ခြင်းက စိတ်အစဉ်တို လွှမ်းမိုးနေသည်။

ဌာနဆိုင်ရာမှ ပေးထားသည့် သည်အိမ်တွင် သူနေခဲ့သည်မှာ သုံးနှစ် တင်းတင်းပြည့်တော့မည်ဖြစ်သော်လည်း တစ်ခါမှ ယခုလို အဖြစ်မျိုးနှင့် မကြုံခဲ့ဖူးသလို ထိတ်လန့်ချောက်ချားစရာများကိုလည်း မတွေ့ခဲ့ရချေ။ ယခု အခြေအနေအားလုံးက ပြောင်းပြန်ဖြစ်နေလေပြီ၊ အသက်သုံးဆယ့်ငါးနှစ် ထဲသို့ရောက်ပြီ ဖြစ်သော်လည်း ယခုတိုင် မိန်းမ မရှိသေးသည့် လူပျိုကြီး တစ်ယောက်လည်း ဖြစ်သည်။ မရှိ၍မရခြင်း မဟုတ်ဘဲ မယူချင်၍မရခြင်းသာ ဖြစ်သည်။



တစ်ယောက်ထဲနေရသည်က ပြဿနာမရှိ၊ ယခုတော့ တစ်ယောက် ထဲနေရသည့်အဖြစ်ကို စိုးထိတ်လာသည်။ အိမ်ထောင်ပြုဖို့ကိုလည်း စဉ်းစား၍ မရသည့်အတွက် အဖော်တစ်ယောက်ခေါ်ဖို့ သူစဉ်းစားရတော့သည်။ ထိုသို့ဖြင့် ရုံးမှ တပည့်ဖြစ်သူ ဝင်းအောင်ကို သူနှင့်လာနေရန် ခေါ်ထားလိုက်သည်။ ဝင်းအောင်က အသက်အစိတ်လောက်ပဲရှိသေး၍ သူ့လိုပင် တနယ်တကျေးမှ သည်ရုံးသို့ ပြောင်းရွှေ့အမှုထမ်းလာခြင်း ဖြစ်သည်။

ဝင်းအောင်က သူ့လိုပင် တစ်ကိုယ်ရည်တစ်ကာယသမားဖြစ်သည့် အတွက် ပိုပြီး အဆင်ပြေသည်။ သူက ဝင်းအောင်ကို ဖြစ်စဉ်အစအဆုံး ပြောမပြခဲ့သော်လည်း မိစ္ဆာမ လာရောက်နှောင့်ယှက်သည့်အကြောင်းကိုတော့ ပြောပြလိုက်သည်။

"အဲ့ဒါကြောင့် မင်းကို ငါနဲ့အဖော်အဖြစ်လာနေဖို့ ခေါ်တာပဲ ဝင်း အောင်ရေ"

"လူသေလို့ သရဲဖြစ်တာများ ကြောက်စရာမှတ်လို့ ဆရာရယ်"

"တယ်ဟုတ်ပါလား. . . မင်းက သရဲမကြောက်ဘူးပေါ့လေ"

"ကျွန်တော်ရွာမှာနေခဲ့တုန်းက သုံးလေး ငါးနှစ်ယောက် နွားကျောင်း ခဲ့ဖူးတယ်။ လေးခွတစ်လက်နဲ့ မည်းမည်းမြင်ရာ အကုန်လျှောက်ပစ်တော့ တာပဲ။ ဒါကြောင့် သရဲတစ္ဆေတွေက နွားကျောင်းသားကို ကြောက်တယ်လို့ ပြောကြဆိုကြတာပဲ ဆရာရေ"

"ဘယ်ဆိုးလို့လဲ. . . မင်းကို ငါနဲ့ လာနေဖို့ခေါ်ခဲ့တာ သိပ်မှန်သွားပြီတော့"

"စိတ်ချပါဆရာ. . . အဲ့ဒီသရဲမသာ လာစမ်းပါစေ၊ ကျွန်တော့်အကြောင်း ကောင်းကောင်းသိသွားစေရမယ်"

ဇင်မင်းအောင်လည်း လောက်လောက်လားလား အားကိုးလာတ်သည့် ဝင်းအောင်ကို ရရှိလိုက်သည့်အတွက် လေးဖင့်နေသည့်စိတ်များ အထာန့်ဝင်-

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ပါးသွားသည်။ ဝင်းအောင်လာနေသည်မှာ ယခုဆိုလျှင် ငါးရက်မြောက်ခဲ့လေပြီ။ သည်ငါးရက်အတွင်း၌ အမင်္ဂလာခွေးအူသံများ၊ ငှက်ဆိုးထိုးသံများ၊ ထုံးဝကြားခဲ့ရသလို အိပ်မက်ဆိုးများလည်း မမက်တော့ချေ။ ဝင်းအောင်တာ ဖေးလာသည်။

"ဆရာ. . . ကျွန်တော်ရောက်တဲ့နေ့ကစပြီး ဘာထူးခြားမှုရှိလဲ"

"ထူးပါတယ်ကွာ. . . ထူးတာမှ သိပ်ပြီးထူးတယ်။ သရဲမ မလာတော့သလို ကျက်သရေမရှိတဲ့အသံတွေကို မကြားရတော့ဘူးကွ"

"ဒီအတိုင်းဖြစ်ရမှာပေါ့ ဆရာရယ် ဟဲ ဟဲ ဟဲ ကျွန်တော့်လက်ထဲမှာ ကိုင်ထားတာက ပေါ့သေးသေးမှ မဟုတ်တဲ့ဟာ"

ဝင်းအောင်က လက်တွင်ကိုင်ထားသည့် လေးခွကို ဟိုဟိုသည်သည် ခစ်ခတ်ဟန်ပြပြီး ပြောဆိုနေခြင်းပင်၊ ယနေ့ညကား ဝင်းအောင်ရောက်လာခဲ့သည့် ငါးရက်တင်းတင်းပြည့်သည့် ညပင်ဖြစ်သည်။ အချိန်ကလည်း ဆယ်နာရီထိုးပြီး နေလေပြီ။ သူ့အခန်းနှင့် ဝင်းအောင်နေသည့်အခန်းက ကပ်လျက်ဖြစ်သည်။

ဝင်းအောင်တစ်ယောက် အစောကြီးအိပ်ရာ ဝင်သွားခဲ့သည်။ သူကမူ အိပ်ချင်သေးသည့်အတွက် အခန်းထဲမှာပင် ဂျာနယ်တစ်စောင်ကို ဖတ်ရှုနေသည်၊ စာဖတ်နေရင်းကပင် ဆယ့်တစ်နာရီသာသာလောက်၌ အိပ်ပျော်သွားတော့သည်။ ထိုအချိန်မှာပင် အိမ်နောက်ဖေးဘက်မှ ဝင်းအောင်၏ စိတ်လန့်တကြားအော်ဟစ်လိုက်သည့် စူးစူးဝါးဝါးအသံကြောင့် ဇင်မင်းအောင် လန့်နိုးလာသည်။

"အမလေး. . . အား. . . ဆရာ. . . ဆရာ. . . ကယ်. . . ကယ်ပါဦး . . ကြောက်. . . ကြောက်ပါပြီဗျာ"

ဇင်မင်းအောင်လည်း စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည့်အတွက်



အိပ်ရာထဲမှ လူးလဲထကာ အသံကြားရာ နောက်ဖေးဘက်သို့ ပြေးလာခဲ့သည်။

သူနောက်ဖေးသို့ရောက်လာသည့်အခါ မီးဖိုချောင်နောက်ဖေးတံခါး ပွင့်နေသည်ကို တွေ့လိုက်ရသည်။ အိမ်သာသို့သွားသည့်လမ်းပေါ်တွင် မျက်လုံးကြီးပြူး၍ အော်ဟစ်နေသည့် ဝင်းအောင်ကို တွေ့လိုက်ရသည်။

"ဝင်းအောင်. . . ဝင်းအောင် ဘာ ဘာဖြစ်လို့လဲ"

"အား. . . ကြောက်တယ် ကြောက်တယ် မခြောက်ပါနဲ့"

ဝင်းအောင်က လက်ညှိုးထိုးပြီး ထပ်ပြောပြန်သည်။

"ဆရာ. . . ဟို. . . ဟို. . . ဟိုအိမ်သာနားကနေ မျက်လုံးနီကြီးနဲ့ စိုက်ကြည့်ပြီး ကျွန်တော့်ကို ခေါ်. . . ခေါ်နေတယ်။ သရဲ. . . သရဲ ဆရာရဲ့ မလာဘူး. . . မလာဘူး. . . သွား. . . သွား"

ဝင်းအောင်တစ်ယောက် ကြောက်ကန် ကန်ပြီး စွတ်အော်နေပြန်သည်။ ဇင်မင်းအောင်လည်း ဝင်းအောင်ညွှန်ပြသည့် အိမ်သာဘက်သို့ လှမ်းကြည့်လိုက်သည်။ သူပြောသည့် မျက်လုံးနီနီကိုကား လုံးဝမတွေ့ရပေ။

သို့သော် သူနှင့် ယဉ်ပါးပြီးဖြစ်သည့် စူးရှပြင်းထန်သည့် မွှေးရနံ့တစ်မျိုးကို ရရှိလိုက်သည့်အတွက် ခေါင်းနပန်းကြီးသွားသလို ကြောက်စိတ်တငယ်ထိပ်သို့ ဆောင့်တက်လာသည်။

သူက စိတ်ကို အတင်းပင် ထိန်းချုပ်လိုက်ပြီး ရသမျှဘုရားစာများကို ရွတ်ဖတ်နေလိုက်သည်။

"အရဟံ. . . ဗုဒ္ဓေါ"

"ဗုဒ္ဓေါ. . . အရဟံ"

"ဣတိပိ ဘဂဝါ"

မှန်သည် မှားသည်ကို သူမသိသော်လည်း ရဲဆေးတင်သည့်အနေနှင့် ရွတ်နေရင်းမှ ဝင်းအောင်ကို အိမ်ထဲသို့ ဆွဲခေါ်လာခဲ့ရသည်။ ထူးခြားသည့်

www.burmeseclassic.com

www.burmeseclassic.com

အချက်တစ်ချက်ကို တွေ့လိုက်ရသည်။ ဝင်းအောင်က သူဆွဲခေါ်ရာသို့ အသာငြိမ်၍ လိုက်လာခဲ့သော်လည်း မျက်လုံးအကြည့်က မှုမမှန်တော့သလို အမူအရာကပါ ပြောင်းလဲနေခြင်းဖြစ်သည်။ သူက အိမ်ရှေ့ရောက်သည်နှင့် ဝင်းအောင်ကို ကြမ်းပေါ်သို့ ချပေးလိုက်ပြီး ခေါ်လိုက်သည်။

"ဝင်းအောင်. . . ဟော့ကောင် ငါခေါ်နေတာ ကြားရဲ့လား၊ ဟော့ကောင် . . . မင်း. . . မင်းဘယ်လိုဖြစ်နေတာလဲ"

"ဟင်း. . . ဟင်း. . . ဟင်း. . . ဝင်းအောင် ရှင့်တပည့် ဝင်းအောင်က ဘယ်မှာလဲ"

ပြောဆိုနေသည့်အသံက ကန့်ကလျသံသို့ ပြောင်းသွားသလို အသုံးအနှုန်းကပါ ကွဲနေသည့်အတွက် ဖငမင်းအောင်လည်း သူ့ကို မျက်ထောင့်နီကြီးနှင့်ကြည့်ပြီး ပြောနေသည့်သူ့ကို ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်မေးလိုက်သည်။

"ဟင်. . . ဟင် အသံပါပြောင်းသွားပါလား၊ မင်း. . . မင်း. . . ဝင်းအောင် မဟုတ်ဘူးလား"

"ရှင်သိပ်ပြီး ဒုန်းဝေးလှပါလား၊ ကျွန်မက ရှင့်ရဲ့မိတ်ဟောင်းဆွေဟောင်းဖြစ်တဲ့ လှဥမ္မာရှင့် လှဥမ္မာ သိပြီလား"

"ဟင်. . . မင်း. . . မိဿာမ မင်း ငါ့ကို သိပ်ပြီး ဒုက္ခပေးနေပါလား။ အခု မင်း ဝင်းအောင်ကို ဘာတွေလုပ်ထားပြန်ပြီလဲ"

"ဘာမှ မလုပ်ရသေးပါဘူး၊ ရှင့်တပည့် လူစွမ်းကောင်းကြီးရဲ့သတ္တိကို စမ်းသပ်တဲ့အနေနဲ့ မျက်နှာမပါတဲ့ မျက်လုံးနှစ်လုံးကိုပဲ ပြလိုက်ရသေးတယ် လန့်ပြီး အော်တော့တာပါပဲလား။ ကျွန်မသာ လုပ်လိုက်ရင် ရှင့်တပည့်ကျော်ကြီး လိပ်ပြာလွင့်ပြီး သေတာကြာလှပြီ ဘယ်လိုလဲ လိပ်ပြာနှုတ်လိုက်ရမလား"

"မလုပ်နဲ့ မင်း အဲ့ဒီလို မလုပ်ရဘူး။ မကျေနပ်ရင် မင်း ငါ့ကို ဂုတ်ချိုးချင်ချိုးသွား၊ ကြိုက်သလို လုပ်နိုင်တယ်"



"ဟင်း. . . ဟင်း. . . ဟင်း ဘယ်ဆိုးလို့လဲ၊ ရှင့်သတ္တိတွေ ဘယ်တရောက်လာတာလဲ"

"ဟုတ်တယ်. . . အမှန်အတိုင်းပြောရရင် မင်းကို ငါကြောက်တာ အမှန်ပဲ။ ဒါပေမယ့် မင်းတစ်ခုခုလုပ်လိုက်လို့ ဝင်းအောင်သေသွားရင် ငါဘယ်လိုမှ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ပြီးတော့ ဝင်းအောင်က ငါခေါ်လို့လာနေတဲ့ ...က ဝန်ထမ်းတစ်ယောက်။ ငါ့ကြောင့် သူတစ်ခုခုဖြစ်သွားမှာ မမြင်ချင်ဘူး။ ဒါကြောင့် သေချင်သေ ငါပဲသေပါရစေ"

"ရှင့်စိတ်ဓာတ်က သိပ်မဆိုးဘူး။ ရှင် ကျွန်မကို ကြောက်လို့ အဖော်ခေါ်ထားတယ်ဆိုတာ ကျွန်မသိတယ်။ ဒီအိမ်မှာ စိတ်ချောက်ချားပြီး ထိတ်လန့်နေတာကိုပဲ ကျွန်မမြင်ချင်တယ်၊ ရှင်းရှင်းပြောရရင် ရှင့်ရဲ့တပည့်ကို ပြန်လွှတ်လိုက်ပါ။ ကျွန်မပြောတဲ့စကားကို လက်ခံမယ်ဆိုရင် ရှင့်တပည့်ရဲ့ အသက်ကို ချမ်းသာပေးလိုက်မယ်။ အဲ့ဒီလိုမှ မဟုတ်ရင်တော့ တစ်ခါတည်း လိပ်ပြာနှုတ်သွားမယ် ဘယ်လိုလဲ"

မိဿာမစကားကြောင့် ဖငမင်းအောင်စိတ်ထဲက ပူပန်မှုများ လျော့သွားသည်။ သူ့အနေနှင့် ဝင်းအောင်ကို အသေမခံနိုင်သည့်အတွက် မိဿာမ၏ စကားကို လိုက်လျောရုံမှတစ်ပါး အခြားမရှိတော့ပေ။

"ကောင်းပြီလေ. . . ငါသဘောတူတယ်။ ဝင်းအောင်သာ ဘာမှ မဖြစ်ပါစေနဲ့"

"သိပ်ပူမနေစမ်းပါနဲ့ရှင်။ ရှင့်တပည့် မသေစေရပါဘူး"

သူက အရေးကြီးသည့် အချက်တစ်ချက်ကို သတိရပြီး အလျင်အမြန် ပြန်မေးလိုက်သည်။

"မင်း ငါ့ကို ယောဂီအဖွားကြီးယောင်ဆောင်ပြီး ပေးခဲ့တဲ့ဝန်[illegible] တကယ့်အဖြစ်အပျက်လား၊ ငါ့ကို တမင်သက်သက် ခြောက်လှန့်တာလား

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ပြောစမ်းပါဦး"

"အဲဒါ ဘဝကယ်အဖြစ်မှန်ရှင့်၊ အဲ့ဒီ အကြောင်းတွေကို တွေးမိရင် သူ့ဆိုတဲ့ကောင်ရဲ့ အသည်းတွေ၊ အူတွေကိုပါ အစိမ်းလိုက် ပါးစားပစ်ချင်တယ်။ မြဲမြဲမှတ်ထားဖို့က ကျွန်မက ရှင်တို့နှစ်ယောက်စလုံးကို အရမ်းမုန်းတီးနာကြည်းနေတယ်ဆိုတာပဲ"

မိစ္ဆာမက ပြောရင်းဆိုရင်းမှာပင် နှုတ်ခမ်းကို ဖိကိုက်လိုက်သလို မျက်လုံးကပါ ပြူးလာပြီး သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည့်အတွက် ဝင်းမင်းအောင်လည်း ထိတ်ခနဲ ဖြစ်ကာ ထိုင်နေရာမှ နောက်သို့ဆုတ်လိုက်သည်။ နောက်ဆုတ်လိုက်ရင်းက အထိတ်တလန့်နှင့် မေးလိုက်ပြန်သည်။

"မင်း... မင်း ဘာကြောင့် အဲဒီလိုလုပ်ရတာလဲ။ ငါနဲ့သူရမှာ ဘာအပြစ်ရှိလို့လဲ"

"တော်... မမေးနဲ့လို့ ပြောနေတာ မရဘူးလား။ ရှင့်တပည့်ကို ကျွန်မဒေါသထွက်လာရင် ဂုတ်ချိုးမိတော့မယ်"

"မလုပ်... မလုပ်ပါနဲ့ဗျား မမေးနဲ့ဆို မမေးတော့ပါဘူး"

မိစ္ဆာမက သူ့ကို နီရဲနေသည့် မျက်လုံးအစုံဖြင့် ကြည့်နေဆဲပင်။ ကြည့်နေရင်းမှပင် ဝလုံးဝထွေးနှင့် ပြောလာသည်။

"ကျွန်မသွား သွားပြီ"

စကားဆုံးသည်နှင့် ဝင်းအောင်၏ခန္ဓာကိုယ်က တစ်ချက်ယိုင်သွားသည်။ သူက အလျှင်အမြန်ပင်ဝင်ပြီး ထိန်းလိုက်သည်။ ထိုစဉ်မှာပင် ဝင်းအောင်က အကြောင်ကြောင်နှင့် သူ့ကိုကြည့်ပြီး မေးလာသည်။

"ဆရာ... ဆရာ... ဟို... ဟို မိစ္ဆာ မိစ္ဆာမ..."

"အေးကွာ... မရှိတော့ပါဘူး"

"ကျွန်တော်... ကျွန်တော် ဒီမှာ မနေပါရစေနဲ့တော့ ဆရာရယ်



ကျွန်တော် ရုံးမှာပဲ ပြန်နေပါရစေ"

"အေးပါကွာ... မင်းမနက်ကျရင် ပြန်နိုင်ပါပြီ၊ ကဲ... ကဲ သွားအိပ်ပေတော့ ဝင်းအောင်၊ ဘာမှမဖြစ်တော့ပါဘူးကွာ"

"ဟုတ်... ဟုတ်ကဲ့ဆရာ"

ဝင်းအောင်က သူ့အနားမှ ထွက်သွားသည်။ သူ့ခေါင်းထဲတွင်လည်း စဉ်းစားစရာတွေက များလှသည်၊ မိစ္ဆာမ၏စကားအရဆိုလျှင် သူရ ဝိညာဉ်ဘဝရောက်သွားလေပြီ၊ ပန်းချီကားထဲမှာ မြင်ရသည့်အတိုင်းဆိုလျှင် သူရဘဝကား ဆိုးလွန်းလှသည်။ ဝိညာဉ်ကောင်မှ မျက်ကန်းဝိညာဉ်ဖြစ်ခဲ့ရသည့်အဖြစ်က ဆိုးလွန်းလှပါသည်။

မိစ္ဆာမ၏ အမူအရာကိုကြည့်၍ သူတို့နှစ်ယောက်အပေါ် အဘယ်မျှမုန်းတီးနာကြည်းနေမှန်း သူခန့်မှန်းနိုင်သည်။ သည်မျှအထိပြင်းရအောင် သူရအနေနဲ့ မိစ္ဆာမအပေါ် ယခင်ဘဝက မည်သို့ပြုမူခဲ့ပါသနည်း၊ သူတို့နှစ်ယောက်ကြားတွင် သူကကော မည်သို့ပါဝင် ပတ်သက်ခဲ့ပါသနည်း၊ ဝင်းမင်းအောင်အနေနဲ့ မည်သို့ပင် တွေးတွေး အဖြေကား မရခဲ့ပါချေ။

မနက်မိုးလင်းသည်နှင့် ဝင်းအောင်က နှုတ်ဆက်စကားဆိုလာသည်၊

"ဆရာ... ကျွန်တော်သွားတော့မယ်"

"အေးကွာ... ကောင်းပါပြီ"

ဝင်းအောင်က သူ့လက်ထဲတွင် ကိုင်ထားသည့် လေးခွကို တစ်ချက်ကြည့်လိုက်ပြီး ထပ်ပြောပြန်သည်။

"ဆရာ... မိစ္ဆာမကို နှိမ်နင်းဖို့ လေးခွယူထားပါလား"

"တော်... တော်ပါတော့ ဝင်းအောင်ရယ်၊ မင်းလေးခွ ဘယ်လောက်အထိစွမ်းတယ်ဆိုတာ ငါသိပါတယ်။ မင်းပဲ ယူသွားပါတော့ကွာ"

ဝင်းအောင်က သူ့စကားကြောင့် မချိပြုံး ပြုံးနေရာမှ လေးခွကို

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှတဆင့် အပြင်သို့ လွှင့်ပစ်လိုက်ပြီးနောက် အိမ်ပေါ်မှ ဆင်းသွားတော့သည်။ သူလည်း နံနက်ကိုးနာရီထိုးသည်နှင့် ရုံးသို့စက်ဘီးစီး၍ ထွက်လာခဲ့သည်။

ဝင်းအောင်၏ဝါဒဖြန့်မှုကြောင့် သူ့အိမ်တွင် သရဲခြောက်သည့် အကြောင်းကို တစ်ရုံးလုံးသိသွားကြသည်။ အရာရှိမိတ်ဆွေများ၊ ရုံးဝန်ထမ်းများက သည်အကြောင်းလာမေးကြသည်။ သူကလည်း လာမေးသမျှ ဟုတ်မှန်ကြောင်း ခေါင်းသာညိတ်ပြလိုက်သည်။

ထိုနေ့ညက အိပ်မက်ထဲတွင် သူရကို တွေ့လိုက်ရသည်။ မျက်ထုံးဟောက်ပက်ကြီးနှင့်သူရ၏အဖြစ်ကိုကြည့်ကာ စိတ်မကောင်းကြီးစွာ ခံစားလိုက်ရသည်။

"ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်၊ မင်းနဲ့မိစ္ဆာမ ဘယ်လိုပတ်သက်တယ်ဆိုတာ ပြောပြစမ်းပါ"

"မသိချင်ပါနဲ့ ဇင်ကြီးရယ်"

"ဟောကောင် မသိလို့တော့ မဖြစ်ဘူးကွ၊ မင်းနဲ့မိစ္ဆာမကြားမှာ ငါကန့်လန့်ကန့်လန့် ပါနေတယ်။ အဲဒီတော့ သိကို သိရမှ ဖြစ်မယ်"

သူက ခပ်မာမာပင် ပြောလိုက်သည်။ သူရဟု မှတ်မိရုံလောက်သာ ကျန်တော့သည်။ ဆိုးဝါးလွန်းသည့် ရုပ်ရည်နှင့် သူရက ငိုသံပါကြီးနှင့် တောင်းပန်ရှာသည်။

"မင်း. . . မင်းသိသင့်တာဒါမှန်ပါပဲ။ ဒါပေမယ့် ငါဖွင့်ပြောလိုက်တာနဲ့ မိစ္ဆာမက ငါ့ကို. . . ငါ့ကို ဒီထက်ပိုပြီး ဆိုးဝါးတဲ့ဒုက္ခကို ပေးမှာသေချာတယ်။ ငါ့ကိုညှာတာပါ၊ နားလည်ပေးပါလို့ တောင်းပန်ပါတယ် ဇင်ကြီးရယ်"

သူမည်သို့လျှင် ထပ်၍ ပြောရက်ပါတော့မည်နည်း။ သူရ၏ အသနားခံနေသည့် မျက်နှာကိုကြည့်ပြီး နှစ်သိမ့်စကားသာ ပြန်ပြောဆိုလိုက်မိတော့သည်။



"အေးကွာ. . . ရှိပါစေတော့။ မင်းအနေနဲ့ ပြောရခက်နေတယ်ဆိုရင် ငါမသိချင်တော့ပါဘူး။ မိစ္ဆာမကိုပဲ မေးတော့မယ်"

"ကျေး. . . ကျေးဇူးပါပဲ ဇင်ကြီးရယ်၊ ငါသွားဦးမယ်၊ ငါ အခု မိစ္ဆာမရှိတုန်းလစ်ထွက်လာခဲ့တာ သွားပြီ ဇင်ကြီးရေ"

စကားဆုံးသည်နှင့် သူရတစ်ယောက် အိမ်ပေါ်မှ အပြေးဆင်းသွားတာ အမှောင်ထဲသိုက တိုးဝင်ပျောက်တွယ်သွားသည်။ ဇင်မင်းအောင်လည်း အိပ်မော်ကျနေရာမှ လန့်နိုးလာခဲ့သည်။

အကယ်၍ ဝိညာဉ်ဘဝရောက်နေသည့် သူရကိုသာ အပြင်မှာတွေ့ရပါက ထိုသို့ပင်ပြန်ပြောမည်လားဆိုသည်ကိုမူ ဇင်မင်းအောင်သည် တကယ်တင် သိချင်နေမိပါတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၇)

ရုံးသို့ရောက်သည့်အချိန်တွင် ဆယ်နာရီခွဲတော့မည်။ ရုံးတွင် အမှုထမ်းအရာထမ်းများ အားလုံးစုံနေကြပြီ။ အားလုံးက သူ့အကြောင်းသိထားကြသည့်အတွက အကဲခတ်နေကြမှန်း သူသတိထားမိလိုက်သည်။ သို့သော်ဟန်မပျက်ပင် ခပ်တည်တည်ဖြင့် စားပွဲတွင် ဝင်ထိုင်လိုက်သည်။ အရာရှိတစ်ယောက်က စူးစမ်းဟန်ဖြင့် မေးလာသည်။

"ကိုဇင်မင်းအောင် ဒီနေ့ ရုံးလာတာ နောက်ကျနေပါလား"

"ဟုတ်တယ်ဗျာ. . . ညက စာဖတ်တာ ညဉ့်နက်သွားလို့"

"အေးဗျာ. . . ကျန်းမာရေးလည်း ဂရုစိုက်ပါဦး၊ ခင်ဗျားကိုကြည့်ရတာအရင်ကနဲ့ လုံးဝမတူတော့ဘူး၊ တော်တော်ပိန်သွားတယ်"

ထိပ်ဆုံးမှ စားပွဲတွင်ထိုင်နေသည့် သူ့အထက်အရာရှိအာ လှမ်းမေးလာပြန်သည်။

"ခင်ဗျားအိမ်မှာ သရဲခြောက်တယ်ဆိုတာ တကယ်ပဲလား"

"သရဲလား ဘာလားဆိုတာတော့ ကျွန်တော်မပြောနိုင်ပါဘူးဆရာ၊ ဝင်းအေ င် အော်ပြီး ပြေးလာတာကိုတော့ တွေ့လိုက်ရတယ်"



"အော်ပြီးပြေးလာတယ်ဆိုတည်းက သရဲကို မြင်လို့ပြေးလာတာပဲဖြစ်ရမယ်"

"ကျွန်တော်လည်း သရဲ သရဲလို့ အော်တဲ့အသံကို ကြားလိုက်ရပါတယ်"

သူ့အနေနှင့် သည်အကြောင်းကို ဖြစ်နိုင်မည်ဆိုလျှင် မည်သူ့ကိုမျှအသိမပေးချင်။ အခုတော့ ဝင်းအောင်ကြောင့် တစ်ရုံးလုံးသိသွားခဲ့သည့်အပြင် အထက်အရာရှိဖြစ်သည့်အတွက် မပြောချင်သော်လည်း ပြောနေရခြင်းဖြစ်သည်။ ဒုဦးစီးမှူးကပါ စကားဝိုင်းထဲသို့ ဝင်ရောက်လာသည်။

"နေစမ်းပါဦး၊ ဇင်မင်းအောင် မနေ့ညက ခင်ဗျားကို တောင်ချောင်းမှတွေ့ခဲ့ရတယ်လို့ အသိတစ်ယောက်က ဒီမနက်ပဲ ကျွန်တော့်ကို လာပြောသွားတယ်၊ တစ်မျိုးတော့ မထင်နဲ့ဗျာ။ အဲဒီကို ညဘက် ဘယ်သူမှ မသွားရဲကြဘူး၊ ခင်ဗျားဘာကြောင့်သွားတာလဲ၊ ခင်ဗျားအတွက် စိတ်ပူလို့ မေးကြည့်တာပါ"

သည်ကိစ္စကို မရှင်းပြ၍ မဖြစ်တော့မှန်း သဘောပေါက်လိုက်သည်၊ ထို့ကြောင့် ပြောရမည့်အကြောင်းနှင့် စကားလုံးတို့ကို ရွေးချယ်ပြီး ဖြေလိုက်သည်။

"ဒီလိုပါဗျာ. . . ကျွန်တော် ဟိုးလွန်ခဲ့တဲ့နှစ်ပတ်လောက်က တစ်ခေါက်ရောက်ခဲ့ဖူးတယ်၊ အဲဒီမှာ ထူးဆန်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ တွေ့ခဲ့ရတယ်"

"ဘယ်လို ထူးဆန်းတဲ့ ပုဂ္ဂိုလ်လဲဗျ"

"ယောဂီအဖွားကြီးတစ်ယောက်ပါ၊ အဲဒီ ယောဂီကြီးမှာ ထူးခြားတဲ့ တတ်စွမ်းအင်တစ်ခုခုရှိနေမယ်လို့ ယုံကြည်မိတယ်၊ ဒါကြောင့် ထပ်တွေ့ရမလားလို့ သွားခဲ့တာပါ"

သူက ယောဂီအဖွားကြီးနှင့် စောင်ပေါ်တက်သည့် လမ်းသော္ကောင်မျှော်လင့်ဘဲ တွေ့ခဲ့ရသည့်အကြောင်းကို ရှင်းပြလိုက်သည်၊ သို့သော်ယောဂီအဖွားကြီးမဟုတ်ဘဲ မိစ္ဆာမလုဥမ္မာဖြစ်နေသည်ကိုမူ ဖွင့်မပြောခဲ့ပေ။

www.burmeseclassic.com



သူ့အနေနှင့် မိစ္ဆာမအကြောင်းကို မည်သူ့နှင့်မျှ မပြောချင်ပေ။ သူ့ဘာသာ ရင်ဆိုင်ရမည်ဟု ဆုံးဖြတ်ထားသောကြောင့်ပင်။

"တွေ့တော့ တွေ့ခဲ့ရဲ့လား"

"မတွေ့ရပါဘူး၊ ကျွန်တော်နဲ့ဆုံရတာကိုက တိုက်ဆိုင်လွန်းလို့ တွေ့ ခဲ့ရတာပါပဲ"

"ဖြစ်နိုင်ပါတယ် ခင်ဗျားနဲ့ယောဂီအဖွားကြီးတွေ့ရတာ ပဌာန်းဆ အကြောင်းဆက်ရှိလို့ နေမှာပေါ့ဗျာ၊ ဒီလို တောထဲတောင်ထဲမှာ ဂန္ဓရီလုညီ တရင့်ကြဲနေတဲ့ ပုဂ္ဂိုလ်ထူးတွေနဲ့ တွေ့ရတယ်ဆိုကတည်း ခင်ဗျား ကံကောင် လွန်းလို့ တွေ့ရတာပါ"

ထိုစဉ်မှာပင် သက်သာဆိုင်ထဲသို့ ညစောင့်ဦးလှဝ ဝင်လာသည် တွေ့လိုက်ရသည်၊ ဆိုင်ထဲတွင်လည်း ရုံးဝန်ထမ်းများ လေးငါးယောက် နေကြသည်။

"ဦးလှဝ. . . ရေကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"သချိုင်း. . . သချိုင်းထဲမှာ ထူးဆန်းတာတွေ တွေ့ရတယ်တဲ့ ဆရာ"

"သချိုင်းထဲမှာ ဟုတ်လား၊ ခင်ဗျားက ဘယ်ကကြားလာတာလဲ"

"ရပ်ကွက်ထဲမှာ ဒီသတင်းကိုပြောနေကြတာ ဆရာရဲ့၊ ကျွန်တော်မိန် ကြားလာခဲ့တာ"

"ပြောစမ်းပါဦး ဘယ်လိုထူးဆန်းတာလဲ"

မကြာသေးခင်တမှ အရက်သမားအောင်ကြီး ထူးဆန်းစွာ သေဆုံးခဲ့ မကြာမီ သချိုင်းထဲတွင် ထူးဆန်းတာတွေ့ရပြန်ပြီဟူသည့် စကားကြော ဇင်မင်းအောင်စိတ်ထဲတွင် လေးလံသွားသည်။

"ဟို. . . ဟို အုတ်ဂူပေါ်မှာ အရိုးစုကြီးကို တွေ့ရတယ်တဲ့၊ ပြီးတော့ အရိုးစုကြီးနဲ့အတူ မကောင်းဆိုးဝါးပန်းချီကားတစ်ချပ်ကိုလည်း တွေ့ရတယ်



"ပန်းချီကား ဟုတ်လား ဦးလှဝ"

သည်စကားကို ဇင်မင်းအောင်က မေးလိုက်ခြင်းပင်။ ပန်းချီကားဆိုသည့် တားကြောင့် သူ့စိတ်က ပိုပြီးလေးလံလာသည်။

"ဟုတ်တယ် ဆရာ၊ ပန်းချီကားထဲက ရုပ်ကလည်း ကြောက်စရာကြီး. . . ပြီးတော့ မျက်စိနှစ်လုံးစလုံး ကန်းနေတယ်ဆရာ"

"ဘယ်လို. . . ဘယ်လို မျက်စိနှစ်လုံးကန်းနေတယ် ဟုတ်လားဗျ လှဝ. . ."

ဇင်မင်းအောင် အလန့်တကြားမေးလိုက်သည်။ သူ့စိတ်ထဲတွင်လည်း ရင်တစ်ခါက ရရှိခဲ့သည့် ပန်းချီကားချပ်ကို မြင်ယောင်လာမိသည်။

"ဟုတ်တယ် ဆရာ. . . ကျွန်တော်ပြောတာ ကြားရတဲ့သတင်းအတိုင်း န်ပြောတာပါ။ ဘာလဲ. . . ဆရာသွားကြည့်မလို့လား"

"ဟာဗျာ. . . ဘာဖြစ်လို့ ကြည့်ရမှာလဲ၊ အမင်္ဂလာမရှိတဲ့ပန်းချီကားကို ာကြောင့် သွားကြည့်ရမှာလဲ"

ကျန်ရုံးဝန်ထမ်းများကလည်း ဦးလှဝပြောသမျှ စိတ်ဝင်စားစွာ နားထောင် နေကြပြီး သိချင်သည့် အချက်အလက်များတို့ကို ပြန်လည် မေးမြန်းနေကြသည်။

"အရိုးစုကြီးက ဘယ်သူ့အရိုးစုကြီးလဲဗျ"

"အဲ့ဒါ. . . အဲ့ဒါကိုပြော. . . ပြောရမယ်ဆိုရင်. . ."

ဦးလှဝက စကားတစ်ပိုင်းတစဖြင့် ရပ်ထားလိုက်ပြီး သူ့ကိုလှမ်းကြည့် နေလေသည်။ သူက ဦးလှဝကို ပြန်မေးလိုက်သည်။

"ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ ကြည့်နေတာလဲ၊ ကျွန်တော်နဲ့ တ်သက်လို့လား"

"သူတို့တတွေ ပြောနေကြတာတတော့ အဲ့ဒီအရိုးစုကြီးတာ ဆရာ ယ်ချင်း သူရဲ့ အရိုးစုကြီးတဲ့ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလူဝ၏စကားကို ကြားလိုက်ရသည့်အခါတွင် ဇင်မင်းအောင်မျက်နှာ ပေါ်တွင် မယုံကြည်နိုင်ခြင်း၊ အံ့အားသင့်ခြင်း၊ ထိတ်လန့်ခြင်းတို့က အထင် အရှားပေါ်လွင်နေသည်။ သူက အလန့်တကြား မေးလိုက်ပြန်သည်။

"ဘယ်သူ. . . ဘယ်သူကများ မြေပုံကိုဖော်ပြီး တူး. . . တူးသွားတာလဲ"

"အဲဒီအထိတော့ ကျွန်တော်မသိပါဘူးဆရာ"

ဇင်မင်းအောင်လည်း ကြားလိုက်ရသည့် သတင်းကြောင့် စိတ်မသက်မသာ ဖြစ်သွားခြင်းနှင့်အတူ မိစ္ဆာမ၏မျက်နှာကိုလည်း မြင်ယောင်နေမိသည်။ စိတ်ထဲတွင် တုန်လှုပ်သွားပြီး ဝန်ထမ်းသက်သာဆိုင်မှ ရုံးပေါ်သို့ ပြန်တက် ခဲ့တော့သည်။

➤ ➤ ➤

အချိန်က ညခုနစ်နာရီထိုးတော့မည်။ ဇင်မင်းအောင်၏ စိတ်ထဲတွင် သချိုင်းသို့ သွားသင့် မသင့်ဆိုသည်ကို ဝေခွဲမရဖြစ်နေသည်။ ထိုသို့ စဉ်းစား နေရာမှ နောက်ဆုံးတွင် ဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်လိုက်ပြီး စက်ဘီးနှင့် သချိုင်းသို့ ထွက်လာခဲ့သည်။

သချိုင်းထဲသို့ စတင်ခြေလှမ်းမိစဉ်မှာပင် သူ့စိတ်ထဲက လေးလံလာသလို ုန်လှုပ်ချောက်ချားလာမိသည်။ ဝိုးတဝါးလမင်း၏ အလင်းရောင်ကြားထဲမှ ုတ်ဂူအဟောင်း အသစ်များ၊ မြေပုံများ၊ မှတ်တိုင်များကို မြင်နေရသည်။ လည်း ရဲဆေးတင်ပြီး အုတ်ဂူမှတ်တိုင်များကို တစ်ခုပြီးတစ်ခု ကျော်ဖြတ် ာခဲ့သည်။

ထိုသို့ဖြင့် သူရကို မြှုပ်နှံထားသည့် အုတ်ဂူနှင့် အနီးဆုံးနေရာသို့ ာက်လာသည်။ သူသည် သူရအုတ်ဂူကို လှမ်းကြည့်လလိုက်သည်။ သူရပ် သည့်နေရာနှင့် အုတ်ဂူက ဆယ့်ငါးပေလောက်သာ ဝေးသည့်အတွက် င်ထင်ရှားရှားပင် မြင်နေရသည်။ အုတ်ဂူဘေးတွင် မည်းမည်းသဏ္ဌာန် ကို မြင်လိုက်ရသည့်အတွက် စိတ်ထဲက ထိတ်ခနဲ ဖြစ်သွားသည်။

"အုတ်ဂူဘေးမှာ ရပ်နေတဲ့ မည်းမည်းကောင်ကြီးဟာ ဘယ်သူလဲ၊ ှများလား။ ငါ. . . ငါ ဘယ်လိုလုပ်ရမလဲ။ ရှေ့ဆက်ပြီးသွားရမလား

www.burmeseclassic.com

www.burmeseclassic.com

နောက်ပြန်လှည့်ရင် ကောင်းမလား။ သူရဆိုရင် သူငယ်ချင်းဖြစ်လို့ ငါ့ကို ဒုက္ခပေးမှာတော့ မဟုတ်ဘူး။ တကယ်လို့ သူရမဟုတ်လဲ တခြားမကောင်း ဆိုးဝါး သရဲတစ်ကောင်ဆိုရင်တော့ ငါ. . . ငါ လွယ်မှာမဟုတ်ဘူး။ ငါ. . . ဒီသချိုင်းထဲကို လာမိတာ မှားပြီထင်တယ်"

ဇင်မင်းအောင် အုတ်ဂူနားသို့ ဆက်သွားသင့် မသွားသင့် ချီတုံချ ဖြစ်နေစဉ်မှာပင် အုတ်ဂူဘေးတွင် မားမားကြီးရပ်တန့်နေသည့် မည်းမည်း သဏ္ဍာန်ကြီးက လျှင်မြန်စွာပင် လှမ်းသွားလိုက်သည်။ သုံးလေးလှမ်းလောက် အဝေးကြီးသို့ရောက်သွားသည့် မည်းမည်းသဏ္ဍာန်ကြီးကိုကြည့်ပြီး ဇင်မင်း အောင်တစ်ယောက် ခြေဖျားလက်ဖျားများပင် အေးစက်လာသည်။

အရပ်ကလည်း ဝါးလုံးတစ်လုံးထောင်ထားသကဲ့သို့ပင် ရှည်လျားလှ ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင် မည်းမည်းကြီးကို မြင်တွေ့ရသည်မှာ ကြက်သီး ထစရာကောင်းလှသည်။

ဇင်မင်းအောင်လည်း အဝေးကြီးသို့ရောက်ပြီး ပျောက်ကွယ်သွားသည့် မည်းမည်းအကောင်ကြီးကို မမြင်ရတော့မှသာ သက်ပြင်းချနိုင်တော့သည်။

ဇင်မင်းအောင်လည်း လေးဖင့်သောခြေလှမ်းများဖြင့် အုတ်ဂူနား တဖြည်းဖြည်း ချဉ်းကပ်လာခဲ့သည်။ အုတ်ဂူပေါ်တွင် အရိုးစုနှင့် ပန်းချီကား လုံးဝမတွေ့ရတော့ချေ။

"ဟင်. . . ဘယ်လိုဖြစ်တာလဲ၊ အရိုးစုနဲ့ ပန်းချီကား ဒီအုတ်ဂူပေါ် ရှိတယ်လို့လည်းပြောသေးတယ်၊ အခု ဘာမှ မတွေ့ရပါလား။ ပြီးတော့ အရိုးစုသာ အမှန်တကယ်ရှိမယ်ဆိုရင် သူရရဲ့ အုတ်ဂူကို ဖောက်မှရမ အခု အုတ်ဂူက နဂိုအတိုင်းပဲ ဘာမှမပြောင်းလဲပါလား။ ဒီလူကြီး တ ယက်သက် ထိတ်လန့်ချောက်ချားအောင် လုပ်ကြံပြောတာပဲ ဖြစ်ရမ

ဇင်မင်းအောင် အုတ်ဂူဘေးတွင်ရပ်ပြီး လိုက်ရှာကြည့်ရာမှ အ



တွေ့သည့်အဆုံးတွင် ဦးလူဝကို စိတ်ထဲက အပြစ်တင်ပြောဆိုလိုက်သည်။ ထိုစဉ် ဝိုးတဝါး လရောင်အောက်၌ မြေကြီးပေါ်တွင်ရေးထားသည့်စာတချို့ကို တွေ့လိုက်ရသည်။ သူက စာကိုဖတ်ကြည့်လိုက်သည်။

"လကွယ်နေ့ည. . . သန်းခေါင်ယံမှာ ရှင့်လိပ်ပြာကို နှုတ်ယူမယ်"

"အမုန်းတရား၏သမီးတော် လှဉမ္မာ"

သူက မြင်ရသည့်စာကိုဖတ်ကြည့်ပြီး မျက်လုံးအစုံတွင် ထိတ်လန့်မှုများက ဖုံးမနိုင်ဖိမနိုင်တော့ပေ။ သူ့ပါးစပ်မှ ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်သည်၊

"ဒါ. . . ဒါ မိစ္ဆာမ ငါ့ကို သချိုင်းထဲ မလာဘဲ မနေနိုင်အောင် သတင်း လွှင့်ပြီးတော့ ခြောက်. . . ခြောက်လှန့်တာပါလား"

ဇင်မင်းအောင် အုတ်ဂူဘေးနားမှ လှည့်ထွက်လာခဲ့သည်။ လာလမ်း အတိုင်း ခြေလှမ်းသွက်သွက်နှင့် ပြန်လျှောက်လာရင်းမှ စိတ်များက လှုပ်ရှားပြီး ဆောက်တည်ရာမရလောက်အောင် ဖြစ်လာသည့်အတွက် ဇင်မင်းအောင် တစ်ယောက် သချိုင်းထဲမှ တအားကုန် ထွက်ပြေးလာခဲ့တော့သည်။

> > >

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၈)

ဇင်မင်းအောင် အိမ်သို့ပြန်ရောက်သည့်တိုင် စိတ်ထဲတွင် ထိတ်လန့်စိုးရွံ့နေဆဲပင်။ သချိုင်းထဲတွင် တွေ့မြင်ခဲ့ရသည့် စာအရဆိုလျှင် မိန္ဓာမက မည်သည့်နည်းနှင့်မျှ သူ့ကိုအလွတ်ပေးမည် မဟုတ်မှန်း ရိပ်မိလိုက်သည်။

"အင်း. . . ငါ သချိုင်းထဲက ထွက်ပြီးပြေးလာတာ အိမ်ကို ဘယ်လို ရောက်လာမှန်းတောင် မသိလိုက်ဘူး။ အမှန်ဆိုရင် ဒီလောက်အဝေးကြီး ငါဘယ်နည်းနဲ့မှ ပြေးနိုင်မှာ မဟုတ်ဘူး။ ကြောက်စိတ်ကြောင့် ငါ ဒီလောက် အဝေးကြီး ပြေးနိုင်တာပဲ ဖြစ်ရမယ်။ ဟာ. . . ဒုက္ခပဲ သချိုင်းဝမှာ ဒိုင်ယာရီ စာအုပ်ကျန်ခဲ့ပြီ။ အချိန်ကလည်း မနည်းတော့ပါလား။ ဘယ်လို သွားပြန်ယူရပါ့မလဲ"

ဇင်မင်းအောင် သချိုင်းသို့ပြန်သွားပြီး ဒိုင်ယာရီစာအုပ်ကို ပြန်ယူချင်သည့် စိတ်က တားမရသည့်အဆုံးတွင် အိမ်မှ ထွက်လာခဲ့သည်။ သူ သချိုင်းရှိရာသို့ လျှောက်လာခဲ့သည်။ လမ်းတလျှောက်ကား နေ့လည်နေ့ခင်း အချိန်၌ပင် လူသွားလူလာ အလွန်ပြတ်သည့် လမ်းဖြစ်သည်။ ယခု ညအခါ ဖြစ်သည့်အတွက် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဇင်မင်းအောင်



သည်း ကတ္တရာလမ်းအတိုင်းလျှောက်လာခဲ့ရာမှ မြေနီလမ်းကြားထဲသို့ ချိုးကွေ့ င်လိုက်သည်။ သချိုင်းသို့ရောက်ဖို့က အတော်ကြီးလိုသေးသောကြောင့် သွားနေကြလမ်းမဟုတ်သည့် မြေနီလမ်းကြားထဲမှသွားရန် ဆုံးဖြတ်ပြီး လျှောက်လာခဲ့ခြင်း ဖြစ်သည်။

မြေနီလမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများက အုံ့ဆိုင်း နေသည်။ မြေနီလမ်းဆုံးအောင် မိနစ်သုံးဆယ်လောက် လျှောက်ရဦးမည်။ သဲမကွဲ မှုန်ပြပြလရောင်ကြားထဲမှနေ၍ ညောင်မှုတ်ဆိတ်ပင်ကြီးကို တွေ့ လိုက်ရသည်။ ညောင်မှုတ်ဆိတ်ပင်ကြီး၏အောက်တွင် အရိပ်သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသည့်အတွက် ဇင်မင်းအောင်၏လှမ်းနေသည့် ခြေလှမ်းများက တတ်တရက် ရပ်တန့်သွားသည်။ စိတ်ထဲကလည်း ထိတ်ခနဲ ဖြစ်သွားသည်။

ဇင်မင်းအောင်လည်း လူလား၊ နာနာဘာဝလား၊ မကောင်းဆိုးဝါးလားဟု ရပ်ပြီး ချင့်စားနေမိသည်။ ထိုစဉ် အပင်ကြီးအောက်တွင် ရပ်နေသည့်သူက လှမ်းရှားလာသည်။ အလင်းရောင်အားနည်းသည့်အတွက် အလင်းအောက်တွင် ရပ်နေသည့် သဏ္ဌာန်ကို ထင်ထင်ရှားရှားမတွေ့ရသော်လည်း အပြင်ဘက်သို့ ရောက်လာသည့်အခါတွင် လူလား၊ သရဲတစ္ဆေလားဆိုသည်ကို သူခွဲခြားနိုင် လိုက်လေပြီ။ ထိုသူကိုတွေ့လိုက်သည်နှင့် ဇင်မင်းအောင် အံ့အားသင့်ခြင်း၊ ထိတ်လန့်ခြင်းများနှင့် အော်ဟစ်ပြောလိုက်မိသည်။

"ဟင်. . . မင်း. . . မင်း. . . သူရ မင်း ငါ့သူငယ်ချင်း သူရမဟုတ်လား"

"ဟုတ်တယ် ဇင်ကြီး. . . မင်းမေ့ကျန်ခဲ့တဲ့ ဒိုင်ယာရီစာအုပ် ငါယူလာ တယ်"

သူရလက်ထဲတွင် ဒိုင်ယာရီစာအုပ်ကို တွေ့လိုက်ရသည်။ သူရ၏ မျက်နှာကို သူ ကောင်းကောင်းမှတ်မိသည်။ ဇင်မင်းအောင်က ထပ်သေချာအောင် ပြန်မေးလိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"မင်း... မင်း ငါ ဒီလမ်းက လာမယ်ဆိုတာ သိ... သိလို့လား"

"သိတယ် ဇင်ကြီး... ဒါကြောင့် ဒီနေရာက စောင့်နေတာပဲ။ ငါ့ဆီ လာစမ်းပါဦး၊ မင်းကို ငါ ဘာမှမလုပ်ပါဘူး"

သူရ၏မျက်နှာပေါ်တွင် နွေးထွေးသည့် သံယောဇဉ်ကို တွေ့မြင်လိုက် ရသည့်အတွက် ဇင်မင်းအောင် ထိတ်လန့်နေရာမှ အနည်းငယ် စိတ် သက်သာရာ ရသွားသည်။ ထို့ကြောင့် မရဲတရဲနှင့် သူရနားသို့ တရွေ့ရွေ့ လျှောက်သွားလိုက်သည်။ ထို့အပြင် ယခုကဲ့သို့ သူရနှင့်တွေ့ရသည့် အချိန် သူ့တွင် မေးစရာ ပြောစရာ စကားများက ရင်နှင့်အမျှ ပြည့်နှက်နေသည်။

"လှဥမ္မာဆိုတဲ့ အမျိုးသမီးက ဘယ်လိုအငြိုးတွေနဲ့ အခုလို လုပ်ရတာ လဲဆိုတာ ပြောပြစမ်းပါ သူငယ်ချင်းရာ။ ဒီကိစ္စကို ငါအရမ်းသိချင်တယ် မိစ္ဆာမက ဘာကြောင့် အခုလို ရက်ရက်စက်စက် ငါတို့ကို လုပ်နေရတာ ဆိုတဲ့အဖြေကို သိရရင် ကျေနပ်ပါပြီ။ ဒီဟာမ ငါ့ကို လိပ်ပြာနှုတ်ရုံမကဘဲ ကြိုက်သလို လုပ်စမ်းပါစေ။ အခုကိစ္စမှာ ငါက ဘာမသိဘာမသိနဲ့ ကြားထဲက စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ခံစားနေရတာကွ၊ ခံသင့်ခံထိုက်လို့ ခံရတာဆိုရင် ငါယောက်ျားပါ။ ခံရဲပါတယ်ကွာ၊ ဒါကြောင့် မင်း ငါ့ကို ပြောပြစမ်းပါ သူငယ်ချင်းရာ"

ဇင်မင်းအောင်၏ အမေးစကားအဆုံးတွင် သူရ၏မျက်နှာပေါ်တွင် စိတ်မကောင်းခြင်း၊ နောင်တရခြင်း အစရှိသည့် အမူအယာများနှင့်အတူ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဟင်း... မင်းဘယ်လို ခံစားနေရတယ်ဆိုတာ ငါသဘောပေါက်ပါ တယ် ဇင်ကြီး၊ မင်းက ဘာမှမသိဘဲနဲ့ သူ ဒုက္ခပေးသမျှ ခံစားနေရသလို ငါက ခံရေစေ့တွင်းကျသိပြီး ခံစားနေခဲ့ရတဲ့ကောင်ပါ၊ မင်းခံစားနေရတဲ့ ဒုက္ခထက် ငါ့ဒုက္ခက ပိုကြီးပါတယ်ကွာ"



"ငါ... ငါ နားလည်ပါတယ် သူရရာ၊ အဲဒါ ဘာကြောင့်လဲ၊ ငါတို့ နှစ်ယောက်က သူ့အပေါ်မှာ ဘယ်လိုအမှားတွေ ကျူးလွန်ခဲ့လို့လဲ၊ သူ့ဘဝ ပျက်အောင် ဘာတွေများလုပ်ခဲ့ကြလို့လဲ၊ ငါအနေနဲ့ပြောရရင် လှဥမ္မာဆိုတဲ့ နာမည်ကိုတောင်မှ အခုမှ ကြားဖူးတာပါ။ ဒီလိုကြားဖူးခဲ့တာကလည်း မဟုရာ တည်းခိုခန်းမှာ တစ်ညတည်းခိုမိမှ ကြားဖူးတာ။ ပြဿနာအားလုံးရဲ့အစဟာ အဲဒီ တည်းခိုခန်းက အခန်း၁၃ ပဲကွ"

"ကောင်းပြီ ဇင်ကြီး... မင်းကို ငါပြောပြမယ်။ ဒါပေမယ့် ငါမပြောခင် မင်းရဲ့ဒိုင်ယာရီစာအုပ်ကို အရင်ယူထားဦး"

သူရက ဒိုင်ယာရီစာအုပ်ကို သူ့လက်ထဲသို့ ပေးလိုက်သည်။ သူက စာအုပ်ကိုယူပြီး သူရပြောမည့်စကားတို့ကို နားစွင့်ထားလိုက်သည်။ သူရ၏ အသံက အက်ကွဲစွာပင် လေးလေးမှန်မှန်ကြီး ထွက်ပေါ်လာသည်။

"အင်း... မင်း အမေးကို ပြောရမယ်ဆိုရင် အခုလို ဘဝမျိုးရောက်ခဲ့ တဲ့အထိ ဖြစ်ခဲ့ရတဲ့ ဒီကိစ္စမှာ အဓိက တရားခံကတော့ ငါပါပဲကွာ။ မင်းကတော့ ဒီကိစ္စမှာ တိုက်ရိုက်မပါပေမယ့် သွယ်ဝိုက်ပြီးတော့ ပါနေတာ။ ပြောရရင် မင်းဟာ ငါ့ရဲ့ကြံရာပါပေါ့ကွာ၊ တစ်နည်းပြောရရင် မင်းက အခါတော်ပေး ဦးပုညပေါ့ကွာ၊ ဒါကြောင့်လည်း လှဥမ္မာက မင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်အောင်လုပ်နေတာပဲ သူငယ်ချင်း၊ လှဥမ္မာ အခန်း၁၃ မှာ ကြိုးဆွဲချ သေသွားလောက်အောင်လုပ်ခဲ့ကြတဲ့သူတွေက တခြားမဟုတ်ဘူး။ မင်းနဲ့ ငါပဲ ဇင်ကြီး"

သူရစကားကြောင့် ဇင်မင်းအောင် အရမ်းပင် ပန်းအားသင့်သွားပြီး အလောတကြီး ပြန်မေးလိုက်မိသည်။

"ဘာ... ဘယ်လို ဘယ်လို သူရ လှဥမ္မာ ကြိုးဆွဲချသေသွားတာ ငါတို့ ကြောင့် ဟုတ်လား... မင်း အဲဒီလို ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဇင်ကြီး၊ ငါတို့ရဲ့တစ်ဖက်သတ် စွပ်စွဲချက်တွေ အထင်လွဲမှားမှုတွေကြောင့် လှဥမ္မာ သေခဲ့ရတာပါ။ မင်းကို ငါနာမည်တစ်ခု ပြောပြမယ်။ ဩော်. . . မြစန္ဒာ မြစန္ဒာ မင်းပေးသမျှ အပြစ်အားလုံး ကိုယ်နဲ့ ထိုက်တန်ပါတယ်။ ကျေကျေနပ်နပ် ခံပါ့မယ် စန္ဒာရယ်"

သူ့ရထံမှ မြစန္ဒာဟု တတွတ်တွတ် ရေရွတ်နေသည့် နာမည်ကို ကြားလိုက်ရသည့်ခဏအတွင်းမှာပင် ဇင်မင်းအောင်၏ ခေါင်းတစ်ခုလုံး ချာချာလည် သွားလေတော့သည်။ သူ့မျက်နှာပေါ်တွင်လည်း မယုံကြည်နိုင်ခြင်း၊ အံ့အားသင့်ခြင်း၊ ယူကြုံးမရဖြစ်ခြင်းတို့နှင့်အတူ စိတ်အစဉ်သည်လည်း ပရမ်းပတာ လှုပ်ရှားနေကြသည်။ စိတ်လှုပ်ရှားမှုဒဏ်ကို မခံစားနိုင်သည့် အဆုံးတွင် ဇင်မင်းအောင် ပေါက်ကွဲစွာဖြင့် တအားကြုံးအော်လိုက်မိသည်။

"အား . . မြစန္ဒာ မြစန္ဒာ"

ထိုသို့ အော်ဟစ်ရေရွတ်ပြီးသည်နှင့် ထိုနေရာမှ ပြေးထွက်လာခဲ့သည်။

➤ ➤ ➤



## အခန်း-(၉)

စိတ်လှုပ်ရှားမှုအဟုန်ကြောင့် အိမ်သို့ မည်သို့ပြန်ရောက်လာမှန်းပင် မသိတော့ချေ။ အိမ်ပေါ်သို့တက်လာခဲ့ပြီး အိပ်ရာပေါ်တွင် ပက်လက်လှန်လဲနေရင်း မျက်လုံးအကြောင်သားနှင့် မျက်နှာကြက်အမိုးကို ငေးကြည့်နေမိပြန်သည်။

ဇင်မင်းအောင် အာရုံထဲသို့ မိစ္ဆာမ၏ ရုပ်သွင်က ပေါ်လာသည်၊ ဒုံရဲ့သည့် မျက်လုံးကြီးများနှင့် စိုက်ကြည့်နေသည်ကပင် ကျောချမ်းစရာကောင်းလှန်းလှသည်။ တဆက်တည်းမှာပင် ပက်လက်လှန်လျှက်နေသည့် ဇင်မင်းအောင် နှုတ်မှလည်း အမည်တစ်ခုကို ထပ်တလဲလဲ ရေရွတ်နေမိသည်။

"မြစန္ဒာ. . . မြစန္ဒာ. . . မြစန္ဒာ. . . မြစန္ဒာဟာ လှဥမ္မာတဲ့လား၊ လှဥမ္မာက မြစန္ဒာဆိုပါလား။ ဒီကောင် သူ့ရအနေနဲ့ မဟုတ်ဘဲနဲ့တော့ ပြောမှာမဟုတ်ဘူး။ ငါ. . . ငါ. . . ငါ အမှားကြီး မှားခဲ့ပြီ။ ငါ ငါတောင်းပန်ပါတယ် မြစန္ဒာ။ ငါ့ကို ခွင့်လွှတ်ပါလို့ မပြောလိုပါဘူး၊ နင်ကြိုက်သလို တုန့်ပြန်ပါ။ ခံယူစားချေနိုင်ပါတယ်။ ငါ နင့်အပေါ် မှားခဲ့တဲ့အမှားအတွက် ငါတာဝန်ယူပါတယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com

အာရုံထဲတွင် မြင်နေရသည့် မြစန္ဒာ သို့မဟုတ် လှဥမ္မာကိုကြည့်ပြီး ဇင်ခင်အောင်နှုတ်မှ တဖွဖွ ပြောဆိုနေမိသည်။ လှဥမ္မာက စားတော့ဝါးတော့ မည်အလား သူ့ကို စူးစိုက်ကြည့်နေရာမှ နာကြည်းနေသည့် လေသံနှင့် စကားဆိုလာသည်။

"ရှင် ကျွန်မဘယ်သူဆိုတာ သိသွားလို့ သိပ်ပြီးတော့များ လန့်သွားသလား။ ဟင်း...ဟင်း...ဟင်း ကျွန်မပြောခဲ့ဖူးတာ မှတ်မိဦးမှာပါ။ ရှင်တို့နှစ်ယောက်ကို ကျွန်မဘဝမှာ အနာကြည်းဆုံး၊ အမုန်းဆုံးပဲရှင့်၊ ကျွန်မဘဝပျက်ခဲ့ရသလို အသေဆိုးနဲ့ သေခဲ့ရသလို ရှင်လည်း ခံစားစေရမယ်ဆိုတာ မှတ်ထားစမ်း၊ အဓိကဖြစ်တဲ့ ရှင့်သူငယ်ချင်း သူရကိုတော့ ကျွန်မ လက်စားချေခဲ့ပြီးပြီ၊ သူ ကျွန်မအပေါ် ရက်စက်ခဲ့တာနဲ့ ပိုပြီး ကျွန်မက ရက်စက်ခဲ့တာ ရှင်အသိပဲ၊ အခု ရှင့်အလှည့်ပဲ ကျန်တော့တယ်"

"ငါ...ငါလည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ မရှုမလှ ခံစားနေရပါတယ် မြစန္ဒာ။ ဒါ...ဒါပေမယ့် ဒါကိုမှ မကျေနပ်သေးဘူးဆိုရင် နင်ကြိုက်သလို ကလဲ့စားချေနိုင်ပါတယ်၊ ခွင့်လွှတ်ပါလို့ ငါမတောင်းပန် ဝံ့ပါဘူး"

"ကြိုက်တယ်...ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရမှာပေါ့ရှင့်ရယ် ဟင်း...ဟင်း...ဟင်း ဒါပေမယ့် ရှင့်ကို ကျွန်မ အခု ကလဲ့စားမချေသေးဘူး။ ပြောခဲ့တဲ့အတိုင်း လကွယ်နေ့ညကြမှပဲ ရှင့်လိပ်ပြာကို နှုတ်တော့မယ်၊ အဲဒီကြ [illegible] အတိုးကော ပြန်ပေး [illegible] တဲ့သတ္တိကော ရှိရဲ့လား၊ ထွက်ပြေးဖို့ မကြိုးစားနဲ့နော်၊ ထွက်ပြေးလို့လည်း ရှင် ကျွန်မလက်က ဘယ်နည်းနဲ့မှ လွတ်မှာ မဟုတ်ဘူးရှင့် ဟင်း ဟင်း ဟင်း"

"ငါ...ငါ နင်ချိန်းထားတဲ့ ဇရပ်ကို လကွယ်နေ့ညမှာ အရောက်လာခဲ့မှာပါ မြစန္ဒာ စိတ်ချပါ"

"ကောင်းပြီ စောင့်ကြည့်ရတာပေါ့ရှင်"



ထိုသို့ပြောဆိုပြီးသည်နှင့် သူ့အာရုံထဲမှ လှဥမ္မာ ပြန်လည်ပျောက်ကွယ်သွားတော့သည်။ သူလည်း မျက်ခွံများလေးလံလာပြီး မှေးကနဲ အိပ်ပျော်သလို ဖြစ်သွားသည်။

အိပ်မက်ထဲတွင် သူရကို မြင်လိုက်ရပြန်သည်၊ သူရက ကြေကြေကွဲကွဲ ဆို့နင့်နေသည့် အသံနှင့် ပြောလာသည်။

"မင်း အခု သိသွားပြီ မဟုတ်လား ဇင်ကြီး"

"သိ...သိ...ပါပြီကွာ၊ ငါ...ငါအနေနဲ့ လှဥမ္မာကို မြစန္ဒာဖြစ်လိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဖူးဘူး"

"ဟုတ်တယ်...မင်းအနေနဲ့ လှဥမ္မာကို မမြင်ဖူးခဲ့ဘူးဆိုတော့ ဘယ်ထင်ပါ့မလဲကွာ"

"မင်း ငါ့ကို ဖွင့်ပြောလိုက်ပြီးတော့ ဘာဆက်ဖြစ်သေးလဲ သူရ"

"ငါ့ကို ထုံးစံအတိုင်း ရက်ရက်စက်စက် နှိပ်ကွပ်တော့တာပါပဲကွာ၊ ငါ့အနေနဲ့က သူနှိပ်စက်သမျှကို ခံစားခဲ့ရပေါင်းများလှပြီမို့ သိပ်မထူးတော့ပါဘူး ဇင်ကြီးရယ်၊ ငါက ကြားထဲက ငါ့အတွက်နဲ့ ခံစားနေရတဲ့ မင်းတို့ကြည့်ပြီး စိတ်မကောင်းဘူး သူငယ်ချင်း"

ပြောဆိုနေရင်းမှပင် သူရ၏ဟောက်ပက်ကြီး စိုလုံးကန်းနေသည့် မျက်လုံးထဲမှ မျက်ရည်ပူများက ပါးနှစ်ဖက်ဆီသို့ စီးကျလာသည်ကို တွေ့လိုက်ရသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ သူငယ်ချင်း၊ ဘယ်သူမပြု မိမိမှုဆိုသလိုပဲ ငါတို့နှစ်ယောက်စလုံး မှားခဲ့ကြတာပဲ မဟုတ်လား။ မင်း ဒီဘဝဆိုးမရောက်ခင်တုန်းကတည်းက မြစန္ဒာနဲ့ တွေ့ခဲ့ကြတာလား။ ဒါမှမဟုတ် သရဲဖြစ်ပြီးမှ တွေ့ဆုံရတာလားဆိုတာ ငါသိချင်တယ်၊ ပြောပြစမ်းပါ သူရရယ်"

သူ့မေးခွန်းအဆုံးတွင် သူရက နောက်ကြောင်းကို သတိရလာသည့်အတွက် မျက်နှာပေါ်တွင် အပြောင်းအလဲများ ဖြစ်ပေါ်သွားသည်။ အထန်

www.burmeseclassic.com

ကြာ ငြိမ်သက်နေပြီးမှ သူရကပြောလာသည်။

"ပြိတ္တာဘဝမရောက်ခင်ကတည်းက ဆိုပါတော့ကွာ၊ ငါ မြစန္ဒာ ခြင်တွေ့ရတာ မင်းတွေ့ခဲ့ရတဲ့ အခန်း၁၃ မှာ မဟုတ်သလို တွေ့ရတဲ့ ကလည်း မတူဘူး ဇင်ကြီး၊ ပြောရမယ်ဆိုရင်တော့ ဒီလို သူငယ်ချင်းရေ အဲဒီတုန်းက ငါက ကားမောင်းတယ်ဆိုတာတော့ မင်းသိပြီးသားပါ။ ဟိုင်းဝေးခရီးကနေ အပြန်မှာပေါ့ကွာ..."

သူရက ထိုသို့အစချီပြီးသည်နှင့် မြစန္ဒာ သို့မဟုတ် မိစ္ဆာမလှဥမ္မာ တွေ့ခဲ့ရသည်မှအစပြု၍ ဖြစ်ကြောင်းကုန်စင် ပြန်ပြောင်းပြောပြပါ တော့သည်။

"........အဲဒီအတိုင်းပဲ ဇင်ကြီး၊ အဲဒီမတိုင်ခင် ဖြစ်ပျက်ခဲ့တာ တွေကိုတော့ မင်းသိပြီးသားပါ။ ငါ့အနေနဲ့ကလည်း မှားခဲ့တာတွေ ပြန်မတွေ့ ချင်တော့ဘူး။ စဉ်းစားမိရင် အပေါင်းတွေက အသစ်ဖြစ်လာပြီး ပိုပြီး ခံစားရတယ်။ ရင်နာရတယ်။ ကဲ...ဇင်ကြီး ငါ့အချိန်မရဘူး။ အခုတော် မင်းကို ဒီအကြောင်းတွေ ပြောပြချင်လွန်းလို့ ထွက်လာခဲ့တာ။ ငါ မင်းဆီ လာတာ စန္ဒာသိသွားရင် ငါ့ကို ညှင်းဆဲမှာတော့ မေ တယ်၊ သွား သူငယ်ချင်းရေ"

ပြောဆိုပြီးသည်နှင့် တပြိုင်တည်း သူရလည်း သူ့မျက်ရှေ့မှ ပျောက် ကွယ်သွားတော့သည်။ ဇင်မင်းအောင်လည်း ဖျတ်ခနဲ လန့်နိုးလာသည်။ အိပ်မက်ထဲတွင် သူရ၏အကြောင်းအရာတို့က ကျော့ချမ်းစရာကောင်းလှသည်။ သူရပြောပြသွားခဲ့သည့်အကြောင်းများကို ပြန်ပြောင်းစဉ်းစားနေမိသည်။



ဆောင်းရာသီဖြစ်သည့်အတွက် ကြည့်လေရာရာတိုင်းတွင် နှင်းမှုန်များ ဖုံးခြုံထားသည်။ အဝေးဆီမှ ပဲခူးရိုးမ တောင်စဉ်တောင်တန်းတို့ကို ခပ် ရေးရေး တွေ့မြင်နေရသည်။ အချိန်က အာရုံတက်ခါစပဲ ရှိသေးသည်။ သူရက ဘုရားဖူးခရီးသည်များကို မန်းရွှေစက်တော်သို့ အသွားအပြန် လိုက်ပို့ပြီး အပြန်တွင် ဖြစ်သည်။

သူရလည်း တောက်လျှောက်မောင်းလာခဲ့ရာမှ သူတို့မြို့လေးနှင့် သုံးမိုင် ခန့်ဝေးသည့်နေရာသို့ ရောက်လာခဲ့သည်။ ကားကို ရှေ့မီးဖွင့်ပြီးမောင်းလာ ရာ သူနှင့် ပေငါးဆယ်လောက်ဝေးသည့် ကတ္တရာလမ်းပေါ်တွင်ရပ်ပြီး ကားကိုတားနေသည့် မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရသည်။ သူရက ဒိုင်နာကားကိုရပ်ပြီး မေးလိုက်သည်။

"ညီမ...ဘယ်သွားမလို့လဲ၊ အစ်ကို ဘာအကူအညီပေးရမလဲ"

မိန်းကလေး၏အသက်က အလွန်ဆုံးရှိလှမှ နှစ်ဆယ်ကျော်ကျော်လောက် သာရှိသည့်အတွက် သူရက ညီမဟု သုံးနှုန်းလိုက်ခြင်းဖြစ်သည်။ ထို့အပြင် ဝါရောင်ဝမ်းဆက်နှင့် မိန်းကလေး၏ အချောအလှကိုလည်း သတိထား လိုက်မိသည်။ မိန်းမချောလေးက မပွင့်တပွင့် စကားဆိုလာသည်။

"ညီမ ခရီးကြုံလိုက်ချင်လို့ပါ။ ဒါကြောင့်..."

မိန်းမချောလေးစကားမဆုံးခင် သူက ဖြတ်ပြောလိုက်သည်။

"ဟာ...ရပါတယ်၊ ညီမ တက်...တက်..."

www.burmeseclassic.com

www.burmeseclassic.com

သူရ ပြောပြောဆိုဆိုပင် ကားတံခါးကို ဖွင့်ပေးလိုက်သည်။ သူမတက်ရသည်မှာ ခက်မည်မှန်းသိသည့်အတွက် သူ့လက်ကို ကမ်းပေးလိုက်သည်။ မိန်းမချောလေးက သူ့လက်ကို အားပြုတက်လာပြီး ဘေးတွင် ဝင်ထိုင်လိုက်သည်။

မိန်းမချောလေးထံမှ သင်းပျံ့သည့် အမွှေးရနံ့တစ်မျိုးကလည်း သူ့နှာခေါင်းထဲ တိုးဝင်လာသည်။ သူရက ကားကို ညင်သာစွာမောင်းလာရင်း မိန်းမချောလေးကို မေးကြည့်လိုက်မိသည်။

"ညီမက ဘယ်မှာနေတာလဲ"

"ညီမနေတာက ကြံခင်းစုနားမှာပါ အစ်ကို"

"ကြံခင်းစုနားမှာ ဟုတ်လား ညီမ"

ကြံခင်းစုဟူသည့်စကားကြောင့် သူရစိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။ သည်နေရာက မြို့အဝင် နာမည်ကြီးလွန်းသည့်နေရာ ဖြစ်မှန်း သူသိထားသည်။ ထို့ကြောင့် သူက သေချာစေရန် ထပ်မေးလိုက်သည်။

"ကြံခင်းစု ဘယ်နားမှာနေလဲ ညီမ"

"ဟိုလေ အစ်ကိုရယ် ကြံခင်းစုရပ်ကွက်ထိပ်မှာ ရေနံချေးသုတ်ထားတဲ့ အိမ်မည်းကြီး ရှိတယ်လေ။ အဲ့ဒီ အိမ်မည်းကြီးမှာပါ"

"ဟင်. . . အဲ့ဒီ အိမ်မှာ လူမနေတာ ကြာလှပြီ မဟုတ်လား ညီမ"

"ဟုတ်ပါတယ် အစ်ကို. . . ညီမတို့ ပြောင်းလာတာ တစ်ပတ်လောက်ပဲ ရှိပါသေးတယ်"

"ဪ. . . ဟုတ်လား၊ ဒါကြောင့် ညီမကို အစ်ကို မသိတာပဲ ဖြစ်မယ်၊ ပြီးတော့ အဲ့ဒီ အိမ်မည်းကြီးက. . ."

သူ့စကားမဆုံးမီမှာပင် မိန်းမချောလေး၏ ရယ်သံ ညင်းသွဲ့သွဲ့လေး ထွက်ပေါ်လာသည်။

"ဟင်း. . . ဟင်း. . . ဟင်း အစ်ကိုက သရဲခြောက်တယ်လို့ ပြောမလို့ မဟုတ်လား၊ အဲ့ဒီ အယူအဆတွေက ခေတ်နောက်ပြန်ဆွဲတဲ့အယူအဆတွေပါ၊ ညီမတော့ မယုံပါဘူး အစ်ကိုရယ်"

"ကိုယ့်နာမည်က သူရပါ၊ ညီမနာမည်က ဘယ်လိုခေါ်သလဲဟင်"

"ညီမရဲ့နာမည်က မြပုဏ္ဏမာပါတဲ့ရှင်"

"ဪ. . . မြပုဏ္ဏမာတဲ့လား၊ နာမည်ကလှသလို လူကလည်း ဘာမှ ပြောစရာမရှိအောင် အရမ်းလှလွန်းတယ်"

"ရှင်"

မိန်းမချောလေးက သူ့စကားကြောင့် ခေါင်းလေးငုံ့သွားသည်။ သူရ၏ အတွေးထဲတွင်လည်း သူ့ဘဝတွင် မေ့ထားခဲ့ပြီးဖြစ်သည့် အမည်တစ်ခုကို ပြန်လည် အမှတ်ရလာမိသည်။

"လှဉမ္မာနဲ့ မြပုဏ္ဏမာ အသံထွက်က ခပ်ဆင်ဆင်ပါပဲလား"

လှဉမ္မာဆိုသည်က သူ့ဘဝအတိတ်မြို့ဟောင်းမှ ချစ်သူပင်ဖြစ်သည်။ သို့သော် ယခုမူ သူမ မရှိတော့ပြီ၊ လွန်ခဲ့သည့်လကပင် သူ ပြန်လာခဲ့သည့် ဗဟုရာတည်းခိုခန်း အခန်းအမှတ်၁၃ တွင် သေသွားခဲ့သည်။ ယခုမူ နာမည်ဆင်တူသူနှင့် လာတွေ့နေရလေပြီ၊ နာမည်ချင်းဆင်ရုံသာဖြစ်ပြီး ရုပ်ရည်အသက်အရွယ်က ဘာမှမပတ်သတ်မှန်း သူသိသည်။

မကြာမီ မိန်းမချောလေးပြောသည့် ကြံခင်းစုထိပ်သို့ ရောက်လာသည်။ ခေါင်းငုံ့ထားဆဲဖြစ်သည့်အတွက် မိန်းမချောလေးဘက်သို့ လှည့်ကြည့်ပြီး ပြောလိုက်သည်။

"ညီမ ရောက်ပြီ"

မိန်းမချောလေး ခေါင်းငုံ့ထားရာမှ အသာလေး မော့လာသည်။ မော့ကြည့်လာသည့် မိန်းကလေး၏မျက်နှာကို မြင်လိုက်ရသည့်အခါတွင်တော့ သူရတစ်ယောက် ထိတ်လန့်တကြား အော်ဟစ်လိုက်မိတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"အား. . . နင် နင်. . . စန္ဒာ. . . စန္ဒာပါလား၊ နင်. . . နင် ငါ့ဆီ လာပြီး ကလဲ့စားချေတာလား စန္ဒာ စန္ဒာ. . ."

သူမြင်တွေ့လိုက်ရသည်က သူ့ချစ်သူ မြစန္ဒာ သို့မဟုတ် လှဥမ္မာ၏ ရုပ်ရည်ပင်ဖြစ်သည်၊ ထို့အပြင် မျက်လုံးအစုံက ပြူးထွက်နေသည့်အပြင် လျှာကိုပါ ထုတ်ပြလာသည်။ လျှာက သာမာန်ထက်ပို၍ ရှည်လျားနေပြန်သည် မဟုတ်ရာတည်းနိုရိပ်သာမှ ဝန်ထမ်းများပြောကြသည့် ကြိုးဆွဲချသေသွားခဲ့သည့် လှဥမ္မာ၏ ပုံစံပင် ဖြစ်သည်။ မြစန္ဒာက နီရဲနေသည့် မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေရာမှ လျှာကိုပါးစပ်ထဲသို့ လိပ်သွင်းလိုက်ပြီး ဟားတိုက်ရယ် မောနေလေသည်။

"ဟား. . . ဟား. . . ဟား နင်သိပ်ကြောက်သွားပြီလား သူ့ရှ ဟုတ်တယ်၊ ငါဟာ နင့်ကြောင့် အသေဆိုးနဲ့ သေခဲ့ရတဲ့ လှဥမ္မာဘဲ၊ ဒီမှာ သေသေချာချာ မှတ်ထား၊ နင်လည်း ငါသေသလို မကြာခင် အသေဆိုးနဲ့ သေစေရမယ်၊ ငါဟာ အခုချိန်ကစပြီး နင့်နောက်ကို အရိပ်လိုလိုက်နေမယ် ဆိုတာ မှတ်ထားပေတော့၊ အခုတော့က ပထမဆုံးအနေနဲ့ နင့်ဆီက အငြေ ပြန်တောင်းတာပဲပေါ့"

"နင်. . . နင် သွားစမ်း၊ အခု မျက်မှောင် ငါ့ကားပေါ်က ဆင်းသွားစမ်း စန္ဒာ၊ နင့် နင့်ကို ငါ မမြင်. . . မမြင်ချင်ဘူး။ နင်နဲ့ငါနဲ့ ဘဝခြားသွားပြီ ငါနဲ့ဘာမှ မဆိုင်တော့ဘူး သွား. . . သွား သွားစမ်း"

သူရက ဆိုးဝါးလှသည့် သူမ၏ ရုပ်ရည်ကို မကြည့်ရဲတော့သည့်အတွက် မျက်စိကိုမှိတ်ပြီး အော်ဟစ်မောင်းတုတ်နေသည်။ ကားတံခါးဖွင့်သံကြား လိုက်ရ၍ မျက်စိကိုဖွင့်ကြည့်လိုက်ရာ ကားလမ်းဘေးရှိ သစ်ပင်များကြားသို့ ဝင်ရောက်သွားသည့် လှဥမ္မာ၏ နောက်ကျောကို နှင်းမှုန်များကြားမှ ဝိုးတဝါး မြင်တွေ့လိုက်ရလေတော့သည်။



သူရလည်း ကြောက်ကြောက်နှင့် ကားကို မောင်းလာခဲ့သည်၊ သို့သော် သည်အကြောင်းကို သူငယ်ချင်း ဇင်မင်းအောင်ကို လုံးဝ ထုတ်မပြောခဲ့ပေ။ ပြောသည်ကလည်း အကြောင်းရှိသည်၊ သူက သည်အကြောင်းကို အမှန် အတိုင်းဖွင့်ပြောလိုက်ပါ သူ့ကို ဟားတိုက်ရယ်မောလှောင်ပြောင်မည်ကို တတ်သိသောကြောင့် ဖြစ်သည်။

လှဥမ္မာကို တွေ့ခဲ့ပြီးနောက် မကြာမကြာ သူမကို အိပ်မက်ဖြင့်လည်း ကောင်း၊ အခြားနည်းတစ်မျိုးမျိုးဖြင့်လည်းကောင်း သူ့ကို နှောင့်ယှက်လာခဲ့ သည်မှာ ယခုဆိုလျှင် သုံးလပြည့်ပေတော့မည်။ အအိပ်ပျက်၊ အစားပျက် တ်ဖိစီးမှုကြောင့် ကျန်းမာရေးလည်း ချို့ယွင်းလာသည်၊ ဇင်မင်းအောင်က သူ့ကို သတိပေးလာသည်။

"ဟေ့ကောင်. . . သူရ အိပ်ရေးပျက်ခံပြီး ဟိုင်းဝေးတွေ သိပ်မလိုက်နဲ့၊ င်း ကိုယ့်ရုပ်ရည်ကိုလည်း မှန်ထဲမှာ သေသေချာချာ ကြည့်စမ်းပါဦး"

"အေးပါကွာ. . . ငါသိပါတယ်၊ စီးပွားရေးဆိုတာ ရတုန်းအခါ ရှာထား င်မှ ကောင်းတာကွ"

"ရှာတာလည်း ရှာတာပေါ့ သူရရာ၊ မင်း ဒီလပိုင်းအတွင်းမှာ တော် တော်ကျသွားတယ်၊ အယင်က ရုပ်နဲ့ အခုရုပ်က တခြားစီပဲ သူငယ်ချင်း"

"မင်းစေတနာကို သဘောပေါက်ပါတယ် ဇင်ကြီးရာ၊ ငါ ဆင်ခြင်ပါ့မယ်"

သူရက အဖြစ်မှန်ကို မပြောပြဘဲ စီးပွားရေးကို အကြောင်းပြလိုက်ရသည်၊

"ကဲ. . . ငါပြန်ဦးမယ် ဇင်ကြီးရာ၊ သွားစရာရှိတယ်ကွ"

"အေးကွာ. . . ငါပြောတဲ့အတိုင်း ကိုယ့်ကိုကိုယ်လည်း ဂရုစိုက်ပါဦးကွ"

သူကဘာမှမပြောဘဲ လှည့်ထွက်လာခဲ့သည်၊ နောက်တစ်ပတ်လောက် ကြာတွင် သူရ ခရီးထွက်ရပြန်သည်။ သည်ခရီးက အရေးကြီးသည့်အပြင် ကြေးအရလည်း အကျိုးအမြတ် ရမည်မှန်းသိသည့်အတွက် ထွက်လာခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ ဒိုင်နာကားလေးက ရန်ကုန်-ပြည်လမ်းတလျှောက် တရိပ်ရိပ် ပြေးလွှားနေသည်။ သူရ ကားမောင်းနေရင်းမှ ရှေ့သို့ စူးစူးစိုက်စိုက်လှမ်း ကြည့်မိလိုက်သည်။

သူရှေ့တည့်တည့် ပေတစ်ရာလောက်အကွာမှနေ၍ ကားလမ်းပေါ်သို့ ကားနှစ်စီးကို တွေ့လိုက်ရသည့်အတွက်ကြောင့်ပင် ဖြစ်သည်။

"ဟင်. . . ဘယ်လိုလဲ၊ ဒီနှစ်စီးက ငါရှောင်တဲ့ဘက်ကို လိုက်ရှောင် နေကြပါလား။ ဟာ. . . ဒီဘက်က မြစနွှာ မြစနွှာပါလား၊ ဒုက္ခပါပဲ၊ တိုက် မိတော့မယ်"

သူရက ထိတ်လန့်တကြားပင် ကားချင်းမတိုက်မိစေရန် ကားကို တအားချိုးကွေ့လိုက်သည်။ ထို့နောက်တွင် သူ့ကားက သစ်ပင်ကို ဝင်အောင် လိုတ်သည်ကိုသာ သူရ နောက်ဆုံးသိလိုက်ရသည်။

ဇင်မင်းအောင် သူငယ်ချင်း၏ အဖြစ်ဆိုးကို သိလိုက်ရသည့်အချိန်တွင် နံနက်ဆယ်နာရီထိုးနေပြီ။

"ဟယ်လို. . . ကျွန်တော် ဇင်မင်းအောင်ပါ"

"ဗျာ. . . ဘယ်လို. . . ဘယ်လို သူရရဲ့ကား သစ်ပင်ကို ဝင်တိုက်မိပြီး ပွဲချင်းပြီး ဆုံးသွားပြီ ဟုတ်လား၊ ဟုတ်ကဲ့. . . ကျွန်တော် အခုချက်ချင်း လာခဲ့ပါ့မယ်"

သူရောက်သွားသည့်အခါ ရုပ်ပျက်ဆင်းပျက်သေဆုံးနေသည့် သူရ၏ အလောင်းကို တွေ့လိုက်ရသည်။ သူတို့မြို့မှ မိုင်နှစ်ဆယ်ခန့်ဝေးသည့် နေရာတွင် အခုင်းဖြစ်ကြောင်း သိလိုက်ရသည်။ သူသတိပေးနေသည့်ကြား ထဲမှပင် ကျန်းမာရေးကို ထည့်မတွက်ဘဲ ငွေကိုသာ သဲကြီးမဲကြီး ရှာဖွေ သည့် သူငယ်ချင်း၏အဖြစ်ဆိုးကိုကြည့်ပြီး ရင်ထုမနာ ဖြစ်နေမိပါတော့သည်။

ၾ ၾ ၾ

## အခန်း-(၁၀)

ဇင်မင်းအောင် သူရပြောပြသွားခဲ့သည့် အကြောင်းတို့ကို ပြန်လည် တွေးတောနေရာမှ ပစ္စုပ္ပန်သို့ အသိက ပြန်လည်ရောက်ရှိလာသည်။

"အင်း. . . သူရ လူ့ဘဝမှာ ရှိကတည်းက လှဥမ္မာရဲ့ ကလဲ့စားချေ တာကို ခံခဲ့ရတာပါလား။ ငါ ဒီအကြောင်းတွေကို နည်းနည်းလေးတောင်မှ မရိပ်မိခဲ့ဘူး။ သူက ငါ့အရင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ပြီးမှ လှဥမ္မာရဲ့ ပယောဂကြောင့် သေခဲ့ရရှာတယ်။ ဒါပေမယ့် ဒီကောင် ကားမှောက်တာ မြစနွှာကြောင့်ဆိုတာ ဟုတ်ပါ့မလား၊ ကားနှစ်စီးက ဘယ်လိုမှ ရှောင်လို့ မရအောင် ပေါ်လာတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပြီးတော့ ကားမောင်း လာကြတဲ့နှစ်ယောက်မှာ တစ်ယောက်က မြစနွှာတဲ့။ ဒါလည်း သိပ်ပြီးတော့ ယုတ္တိမရှိဘူး။ သူ့ရဲ့ပေါ့ဆမှုကြောင့် ဘီးချော်ပြီး သစ်ပင်ကို ဝင်တိုက်မိတာပဲ ဖြစ်ရမယ်။ ဒီကောင် စိတ်ထင်ရာ မြင်ရာတွေကို လျှောက်ပြောတာပဲ ဖြစ်ရမယ်"

ဇင်မင်းအောင်လည်း ဖြစ်နိုင်ခြေရှိသည်တို့ကို ဆက်စပ်တွေးတောနေရာမှ သက်ပြင်းကို ချလိုက်မိပြန်သည်။

"ဟင်း. . . သိပ်ခက်ပါလား၊ ငါ အခုမြင်တွေ့ရတဲ့ မြစနွှာတစ်ယော

www.burmeseclassic.com



သရဲတစ္ဆေဆိုတာ ဟုတ်ရဲ့လားမသိဘူး။ တကယ်လို့ မဟုတ်ဘူးဆိုရင် မြစန္ဒာဟာ ဘယ်သူလဲ။ ဘာကြောင့် သရဲတစ္ဆေယောင်ဆောင်ပြီး ငါ့ကို ချောက်ချားအောင် လုပ်နေတာလဲ။ သူ့မှာသာ ဘာရည်ရွယ်ချက်တွေရှိလဲ။ လောကမှာ သရဲတစ္ဆေဆိုတာထက် တကယ်ရှိနေတဲ့လူတွေက ပိုပြီးကြောက်စရာကောင်းတယ်။ သရဲတစ္ဆေဆိုတိုင်း ငါယုံလို့မဖြစ်ဘူး။ ဟုတ်တယ်. . . ဒီကိစ္စကို ငါ သေသေချာချာ လေ့လာမှဖြစ်တော့မယ်"

ဇင်မင်းအောင်လည်း မြစန္ဒာအကြောင်းကို ထောင့်စေ့အောင် လှည့်ပြီး တွေးကြည့်နေရာမှ သူငယ်ချင်းသူရအကြောင်းကို ဆက်ပြီး တွေးတောဆင်ခြင်မိပြန်သည်။

"ငါ ဒိုင်ယာရီစာအုပ်မေ့ကျန်ခဲ့တုန်းက တွေ့ခဲ့ရတဲ့ သူရကကော သရဲဆိုတာ ဟုတ်ပါ့မလား။ ပြီးတော့ မြစန္ဒာနဲ့ လှဥမ္မာဟာ တစ်ယောက်တည်းဆိုတာ ဟုတ်ပါ့မလား။ မြစန္ဒာကို ငါက နာမည်လောက်ပဲ သိခဲ့တာ။ အင်း ဟုတ်ပြီ. . . မြစန္ဒာနဲ့ လှဥမ္မာတစ်ယောက်တည်း ဟုတ်မဟုတ် သိရအောင် မန္တလေးကို ဖုန်းဆက်ပြီး စုံစမ်းကြည့်ရမယ်။ မန္တလေးမှာ တာဝန်ကျနေတဲ့ ငါ့သူငယ်ချင်း ဆားပုလင်းနေဦး ရှိသားပဲဟာ။ ဒီကိစ္စကို စုံစမ်းကြည့်လိုက်ရင် သူရပြောတာ မှန်မမှန်သိရမှာ သေချာတယ်"

ဇင်မင်းအောင် ကြောင်းကျိုးဆက်စပ်ပြီး စဉ်းစားမိသည်နှင့် စိတ်က အနည်းငယ်ပေါ့ပါးသွားသည်။ ထို့နောက် အိပ်ပျော်သွားသည်မှာ မိုးလင်းသည့်အထိပင်ဖြစ်သည်။

ရုံးသို့ရောက်သည်နှင့် မန္တလေးရှိ ဆားပုလင်းကို ဆယ်သွယ်လိုက်သည်။ ဆားပုလင်းနေဦးက သူနှင့်ကျောင်းနေဖက်သူငယ်ချင်းဖြစ်၍ မန္တလေးတွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

"ဟယ်လို. . . နေဦးလား"



"ကိုယ်ပါ. . . ဇင်မင်းအောင်ပါ"

သူက နေဦးကို အကျိုးအကြောင်းပြောပြပြီး စုံစမ်းခိုင်းလိုက်သည်။ ခဏအကြာ သူ့ထံမှ အဖြေရသည်။

"ဘယ်လို. . . မြစန္ဒာနဲ့ လှဥမ္မာက တစ်ယောက်တည်း ဟုတ်လား နေဦး၊ မြစန္ဒာဆိုတာက ငယ်နာမည်နော်။ အေးကွာ. . . ကျေးဇူးပါပဲ"

ဖုန်းကိုင်ထားသည့် သူ့လက်များက တုန်ယင်နေမှန်း သတိထားလိုက်မိသည်။ မြစန္ဒာနှင့် လှဥမ္မာ တစ်ယောက်တည်းဟု သိလိုက်ရကတည်းက သူ့စိတ်တွေ လှုပ်ရှားနေသည်။ ရှေ့ဆက်ပြီး မစဉ်းစားရဲလောက်အောင် ကြောက်စိတ်က ခေါင်းမှခြေဖျားသို့တိုင် ဖုံးလွှမ်းနေသည်။

နေ့လည်သို့ရောက်သည်နှင့် ရုံးမှ နေ့တစ်ဝက်ခွင့်ယူကာ ပြန်လာခဲ့သည်။ တဆက်တည်း တရားဝင်ခွင့်တစ်လယူလိုက်သည်။ မြစန္ဒာနှင့်လှဥမ္မာကို တစ်ယောက်တည်းဟု သိလိုက်ရချိန်မှစ၍ သူ၏မသိစိတ်ထဲတွင် သူရနှင့် လှဥမ္မာတို့ကို သရဲတစ္ဆေဟု အခိုင်အမာ ယူဆထားလိုက်သည်။

စိတ်ဖိစီးမှုများကြောင့် ခန္ဓာကိုယ်က လုံးဝမလှုပ်ချင်တော့ပေ။

ယိုင်နဲ့နဲ့နှင့် အိမ်ပေါ်သို့တက်လာပြီး ဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီးသည်နှင့် ပြတင်းပေါက်မှတဆင့် အပြင်သို့ငေးကြည့်နေမိသည်။ ယခုအချိန်တွင် သူ့စိတ်အစဉ်သည် ကစဉ့်ကလျား ဖြစ်နေလေပြီ။

တင်းထားခဲ့သည့်စိတ်များပြိုကွဲသွားသည့်အတွက် အရာအားလုံး ဆုံးရှုံးသွားသူလို ဖြစ်နေသည်။ အဓိပ္ပါယ်မရှိ ငေးမောကြည့်နေရာမှ အားရဝင်ရ အော်ဟစ်ရယ်မောလိုက်လေတော့သည်။

"ဟား. . . ဟား. . . ဟား နင်တို့နှစ်ယောက်က သရဲတွေပေါ့ ထွက်လာ လာကြလေ. . . ငါ့လိပ်ပြာကို နှုတ်မယ်ဆိုတဲ့ မိစ္ဆာမ. . . [illegible] မကြောက်ဘူးဟေ့. . . နင့်ကို လုံးဝမကြောက်ဘူးဟေ့"

www.burmeseclassic.com

www.burmeseclassic.com

ဇင်မင်းအောင် အော်ဟစ်နေသည်ကို ဘေးအိမ်များမှပင် ကြားရသည်။ ခြံထဲတွင်စိုက်ထားသည့် လူတစ်ရပ်သာသာလောက်ရှိသော သရက်ပင်နှစ်ပင်ကို ကြည့်ပြီး သူ့စိတ်ထဲတွင် သရဲနှစ်ကောင်ဟု ထင်လာသည်။ ထို့ကြောင့် အိမ်ပေါ်မှပြေးဆင်းလာပြီး သရက်ပင်နှစ်ပင်ကို ခဲများဖြင့် ပစ်ပေါက်နေသည်။

"ဟား. . . ဟား. . . ဟား မင်းတို့သရဲနှစ်ကောင်ကို ခဲနဲ့ထုလိုက်တော့ ခေါင်းကွဲသွားပြီ မဟုတ်လား၊ ကိုင်း. . . ဘာများတတ်နိုင်ကြသေးလဲ ဟား . . . ဟား. . . ဟား"

"ဟာ. . . မောင်ဇင်မင်းအောင် ဘယ်လိုဖြစ်နေတာလဲ"

"မောင်လေး ဘာကြောင့် သရက်ပင်ကို ခဲလုံးနဲ့ ပေါက်နေတာလဲကွယ်"

ပင်စင်စားအရာရှိကြီးနှင့် အိမ်ဘေးမှ တစ်ဌာနတည်း လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် အရာရှိကတော်တို့က ခြံထဲသို့ဝင်လာပြီး မေးမြန်းလိုက်တော့မှပင် စိတ်အစဉ်က ပြန်လည် ငြိမ်သက်သွားတော့သည်။

"မသိပါဘူးဗျာ. . . ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်မှန်းကို မသိတော့တာပါ ခင်ဗျာ"

"အိပ်ရေးပျက် သိပ်မခံနဲ့ မောင်ရင်ရေ"

"ဟုတ်တယ်. . . မောင်လေး၊ အနားယူလိုက်ပါလား"

"ကျွန်တော် ရုံးကနေ ခွင့်တစ်လယူထားပါတယ်"

ပုံမှန်စိတ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည့်အတွက် အလိုက်သင့်ပင် ပြန်ပြောလိုက်သည်။ နှစ်ယောက်စလုံး သူ့ကို အကဲခတ်နေကြရာမှ နှုတ်ဆက်ပြီး ပြန်သွားကြတော့သည်။ သူလည်း အိမ်ပေါ်သို့ပြန်တက်လာပြီး အိပ်ယာပေါ်တွင် လဲလျောင်းနေရာမှ သူ၊ သူရ၊ မြစန္ဒာတို့၏ သုံးပွင့်ဆိုင် အတိတ်မှ ဖြစ်ရပ်တို့ကို ပြန်လည် စဉ်းစားနေမိပါတော့သည်။

➤ ➤ ➤



သူရဆိုသည်က ဟိုင်းဝေးကားမောင်းသူ ဖြစ်သည်။ ဟိုင်းဝေးကားနှင့် မန္တလေးသို့ရောက်ခဲ့ရာမှ မြစန္ဒာဆိုသည့် မိန်းကလေးနှင့် ချစ်သူ ဖြစ်ခဲ့ကြသည်။ သူရက ပန္ဒာဟု ခေါ်မှန်းလည်း သူသိထားခဲ့သည်။ အဆင်ပြေသည့် အချိန်တွင် ဘဝခရီးကို အတူတူလက်တွဲ၍ လျှောက်ကြမည်ဟုလည်း ဆုံးဖြတ်ထားခဲ့ကြသည်။ သူရက ငွေကို သဲကြီးမဲကြီးရှာ၍ စုဆောင်းနေသည်။

ထိုသို့ဖြင့် ချစ်သက်တမ်း တစ်နှစ်ကျော်လာခဲ့လေပြီ၊ သူရဆိုသည့် ကောင်က ချစ်သူကိုချစ်သလောက် တစ်ယူသန်သည့်သူ ဖြစ်သည်၊ သူက မြစန္ဒာကို အသည်းနှင့်အောင် ချစ်သလို သူချစ်သည့် မိန်းကလေးကိုလည်း ခြောက်ပစ်ကင်းသဲလဲစင် ဖြစ်စေချင်သည်။ တစ်ရက်တွင် ဖြစ်သည်၊ သူရ တစ်ယောက် မန္တလေးသို့ရောက်သည်နှင့် ချစ်သူနေသည့်အိမ်ကို အခစား ဝင်ရန် ရောက်သွားတော့သည်။

မြစန္ဒာတို့၏အိမ်က ပျဉ်ထောင်ပျဉ်ခင်း တစ်ထပ်အိမ်ဖြစ်သည်၊ သူက အမြဲတမ်းလာရောက်သည့်အခါတိုင်း အသံမပေးဘဲ တိတ်တိတ် အိမ်နားသို့ ကပ်သွားလိုက်သည်။ အိမ်ရှေ့မှတွယ်၍ အထဲသို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ အိမ်ထဲမှ သူနှင့်သက်တူရွယ်တူယောကျ်ားတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။ ယောကျ်ား၏ကိုယ်အထက်ပိုင်းတွင် အကျႌဝတ်

www.burmeseclassic.com

ထားဘဲ သဘက်ကိုသာ ပတ်ထားသည်ကို တွေ့လိုက်ရသည်။

သူ့မျက်စိတွေ ပြာသွားသကဲ့သို့ လူကလည်း မိုက်ကန်း ဖြစ်သွားသည်။ သူက တစ်ကိုယ်လုံးကို လုံအောင်ပုန်းကွယ်လိုက်ပြီး အခြေအနေကို ဆက်ကြည့်နေသည်။ ထိုစဉ် အိမ်ထဲမှ ထပ်ထွက်လာသည့် ချစ်ရသူကို မြင်လိုက်ရသည်။ သူ့ခေါင်းက ချာချာလည်သွားသည်နှင့်အတူ မယုံကြည်ခြင်း၊ အံ့အားသင့်ခြင်းတို့နှင့် ချစ်သူကို ငေးကြည့်နေမိသည်။ သစ္စာမရှိသည့်ချစ်သူကို ကြည့်ပြီး သူ့ရင်ထဲတွင် နာကြည်းမိခဲ့လေပြီ။

ယောကျ်ားက အိမ်ရှေ့ခန်းမှာ ထိုင်နေသည်။ စန္ဒာအိမ်ထဲသို့ ပြန်ဝင်သွားသည်ကို တွေ့လိုက်ရသည်။ ခဏအကြာ ထိုင်နေရာမှ ယောကျ်ားတာ အိမ်ထဲသို့ လိုက်ဝင်သွားသည်ကို မြင်လိုက်ရသည့်အခါတွင် သူ့အဖနေနှင့် ဆက်ပြီး ကြည့်နိုင်သည့်အင်အား မရှိတော့ပေ။ သူတို့နှစ်ယောက် ဝင်သွားသည့် အိမ်ဟဲသို့ နာကြည်းစွာလှည့်ကြည့်ပြီး ချက်ချင်းပင် လှည့်ပြန်လာခဲ့တော့သည်။

သူ ဒုတိယတစ်ခေါက် မန္တလေးသို့ထပ်ရောက်သည့်အခါ တိုက်တိုက်ဆိုင်ဆိုင်ပင် ဈေးချိုထဲတွင် ယောကျ်ားပျိုနှင့် တွဲသွားသည်ကို တွေ့လိုက်ရပြန်သည်။ သူ့ကို ကြိုးရှည်ရှည်လှန်ထားပြီး နောက်ယောကျ်ားတစ်ယောက်နှင့် တွဲသွားနေသည့် မြစန္ဒာကိုကြည့်ပြီး ကားပေါ်မှ တောက်တစ်ချက် ခေါက်လိုက်မိသည်။

"တောက်. . . လုပ်ရက်လိုက်တာ စန္ဒာရယ်၊ သစ္စာမဲ့လှချည်လား၊ ငါက ချစ်ရသလောက် နင်က တန်ဖိုးမထားဘဲ ငါ့အသည်းကို ကြေမွအောင် နင် လုပ်ရက်ပါလား"

သူရ အချစ်ကြီးသလောက် အမုန်းကြီးခဲ့လေပြီ။ မန္တလေးသို့ရောက်သော်လည်း ချစ်သူဆီမသွားတော့ဘဲ အဆက်အသွယ် ဖြတ်လိုက်တော့သည်။



မြစန္ဒာ အလေးပြေးဂိတ်သို့လာပြီး သူ့သတင်းကို လိုက်စုံစမ်းမှန်းသိသော်လည်း အရေးမလုပ်ခဲ့ပေ။ သုံးကြိမ်လောက် မြစန္ဒာနှင့်ဓတွေ့ခဲ့ရသော်လည်း သူက ရှောင်ပြေးနေခဲ့သည်။

သူရက မြစန္ဒာအကြောင်းကို ဇင်မင်းအောင်အား ရင်ဖွင့်ပြောပြခဲ့သည်။

"အဲ့ဒါပါပဲ ဇင်ကြီးရာ တောက်. . . ပြောရင်းဆိုရင်းကတောင် နှစ်ယောက်စလုံးကို နုတ်နုတ်စင်းပစ်ချင်တယ်ကွာ"

ဇင်မင်းအောင်က ချက်ချင်းပြန်မေးလိုက်သည်။

"မင်းကောင်မလေးရဲ့အမည်က မြစန္ဒာ ဟုတ်လားကွ"

"ဟုတ်တယ်လေ. . . ဘာဖြစ်လို့လဲ ဇင်ကြီး"

"အဲ့ဒီမြစန္ဒာက မျက်နှာများတယ်ကွ။ ငါ့ညီတစ်ဝမ်းကွဲတစ်ယောက်နဲ့လည်း ဖြစ်ဖူးတယ်။ ပြီးတော့ ငါ့ညီနဲ့ ပြတ်သွားတော့ နောက်တစ်ယောက်နဲ့ တွဲပြန်တယ်။ ပြောရရင် မင်းကောင်မလေး မြစန္ဒာမှာ အဲ့ဒီလို ဇာတ်လမ်းတွေ အများကြီးရှိခဲ့ဖူးတယ်၊ ငါ့ညီပြောလို့သိရတာပဲ သူရ။ အခုလိုအချိန်မီသိရတာ မင်း သိပ်ပြီး ကံကောင်းတယ် သူငယ်ချင်း"

"ဟင်. . . ဟုတ်လား ဇင်ကြီး၊ ငါ အဲ့ဒီကိစ္စကို လုံးဝမသိခဲ့ဘူး၊ တော်တော်မာယာများပါလား"

"မိန်းမဆိုတဲ့အမျိုးက မာယာများကြတာပဲ သူငယ်ချင်း၊ သတိထားမင်း ဒီမိန်းကလေးနဲ့ အဆက်ဖြတ်လိုက်တာ သိပ်ကောင်းတယ်"

ဇင်မင်းအောင်၏ မီးလောင်ရာလေပင့်စကားတို့ကို ကြားသည့်အခါ ပို၍ပင် နာကြည်းလာတော့သည်။ ယခုဆိုလျှင် မြစန္ဒာကို အဆက်ဖြတ်ထားခဲ့သည်မှာ နှစ်လကျော်ခဲ့လေပြီ၊ တစ်ရက်တွင် သူ့ဆီသို့ လူတစ်ယောက် စာတစ်စောင်လာပို့သည်။ သူက စာအိတ်ကို ဖောက်ပြီး ဖတ်ကြည့်လိုက်သည်။

"မောင်. . .

www.burmeseclassic.com

www.burmeseclassic.com

ရက်စက်လိုက်တာမောင်ရယ်. . . စန္ဒာကို ဘာဖြစ်လို့ သစ်စိမ်းချိုး ချိုးရတာလဲ။ စန္ဒာ့မှာ ဘာအပြစ်ရှိလို့လဲ မောင်။ မောင် မန္တလေးကို ဒီရည် ပိုင်းအတွင်း သုံးလေးခေါက်ထက် မနည်းရောက်လာခဲ့တယ်ဆိုတာ စန္ဒာ သိပြီးပြီ၊ မောင်ဘာမှ ငြင်းဖို့မကြိုးစားနဲ့။ ပြီးတော့ စန္ဒာ့ကိုတွေ့တော့လည်း မောင်ရှောင်နေတယ်။ စန္ဒာ့ရင်ထဲမှာ မချိတော့ဘူး မောင်။ ဘဝခရီးကို နှစ်ကိုယ်တူလျှောက်လှမ်းကြမယ်လို့ ရည်ရွယ်ချက်တွေ ကိုယ်စီရှိထားပြီး မောင် အခုလို ရှောင်ခွာတိမ်းလို့ စိမ်းသွားတာကို စန္ဒာဘယ်လိုမှ နားမလည် နိုင်တော့ဘူး။

မောင် စန္ဒာကို ဘယ်လောက်ချစ်တယ်ဆိုတာ စန္ဒာ့နှလုံးသားက နားလည်သလို စန္ဒာ့ရဲ့ချစ်ခြင်းမေတ္တာအတိမ်အနက်ကိုလည်း မောင်တိုင်း တာနိုင်လိမ့်မယ်လို့ ယုံကြည်ထားခဲ့သမျှတွေဟာ မှားခဲ့ပြီလားဟင်၊ မောင်ရဲ့ ချစ်ခြင်းတွေ သစ္စာတရားတွေက သွေးအေးသွားပြီလား၊ စန္ဒာအနေနဲ့ မောင် အခုလို ရှောင်နေတဲ့ကိစ္စကို ဘယ်လိုမှ နားလည်နိုင်စွမ်းမရှိတော့ဘူး။

အခုက ပြောချင်တာကတော့ စန္ဒာ မနေ့ကပဲ ( )မြို့ကို ရောက် နေတယ်။ အသိအိမ်မှာ တည်းနေတယ်။ မောင် စန္ဒာကိုလာတွေ့ပါနော်။ မောင်နဲ့စန္ဒာတို့နှစ်ယောက် မပြေလည်တာတွေကို ပြေလည်အောင် ကြိုးစား ညှိနှိုင်းရအောင်လား၊ မောင်မလာရင်တော့ စန္ဒာတစ်ခုခု ဖြစ်မှာသေချာတယ်။ အဲဒီတစ်ခုခုဆိုတာက အကောင်းထက် အဆိုးဖြစ်ဖို့ပိုများတယ်။ မောင်ရဲ့ စိမ်းကားရက်စက်မှုကို စန္ဒာအနေနဲ့ ဘယ်လိုနည်းနဲ့မှ ခံနိုင်ရည်စွမ်း မရှိ တော့လို့ပါ မောင်ရယ်. . .

အချစ်များစွာနဲ့ စောင့်ကြိုနေမယ်

စန္ဒာ



စာအဆုံးတွင် လိပ်စာပါသည်ကို တွေ့လိုက်ရသည်။ သူရက တောက် ...စ်ချက်ကို ခေါက်လိုက်မိသလို အံကိုလည်း ကြိတ်ထားမိသည်။

သူ့အနေနှင့် မြစန္ဒာကို လုံးဝတွေ့ချင်စိတ်မရှိတော့ပါ။ သို့သော် သူမ ...တ်ကြီးတာ သူအသိဆုံးဖြစ်သည်။ အကယ်၍ သူမပြောသည့်အတိုင်း ...စ်ခုခုလုပ်လိုက်ပါက ခက်ရောမည်။ ထို့ကြောင့် သူရအနေနှင့် မည်သို့မှ ...တတ်သာဘဲ မြစန္ဒာနှင့် သွားတွေ့ရန်ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ မိုးလင်းသည်နှင့် အဝေးပြေးကားစီးကာ မြစန္ဒာရှိရာ ...ို့သို့ ထွက်လာခဲ့သည်။ မြို့ထဲမှ ကားဂိတ်တွင် စောင့်နေသည့် သူမကို တွေ့လိုက်ရသည်။ အစိမ်းရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားသည့် သူမ၏အလှမှာ ညို့...ငင်နိုင်စွမ်းရှိဆဲဖြစ်သော်လည်း အတော်ပိန်သွားမှန်း သတိပြုလိုက်မိသည်။

သူ့စိတ်ထဲတွင် မြစန္ဒာကိုကြည့်ပြီး ရင်နာနာနှင့် မတွေးဘွာနေမိသည်။

"ဒီအလှအပတွေကို ဗန်းပြပြီး ယောကျ်ားလေးတွေကို ဆော့ကစား နေတာလား မြစန္ဒာ၊ မင်းရဲ့မာယာများတဲ့အလှအပအောက်မှာ ငါ့နှလုံးသား တွေ ကြေမွကုန်ပြီဆိုတာ မင်းမသိလေရောသလား။ နင့်ကို ငါမုန်းတယ် စန္ဒာ. . ."

သူက ငေးကြည့်နေသလို သူမကလည်း သူ့ကို ဆွေးရိပ်သန်းနေသည့် မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်နေသည်။ သူမနှုတ်ဖျားမှ တုန်ယင်လှိုက်လှဲ နေသည့် စကားလုံးလေးတွေ ဖွင့်အံကျလာသည်။

"မောင်. . . မောင်ရောက်လာပြီနော်"

"မင်း အမိန့်ကို မလွန်ဆန်နိုင်လို့ ရောက်လာခဲ့တာပါ။ ဒီမှာ မြစန္ဒာ ဒီနေရာမှာ စကားပြောလို့မကောင်းဘူး။ လူရှင်းတဲ့ဆိုင်တစ်ဆိုင် သွားကြ ရအောင်"

သူမက ခေါင်းကို အသာအယာညိတ်ပြသည်။ သူနှင့်သိနေသည့် အကျ...

www.burmeseclassic.com

www.burmeseclassic.com


ကားသမားများက သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်ရှုနေသည်။ သူတို့နှစ်ယောက် မြို့အနောက်ပိုင်းတွင်ရှိသည့် စားသောက်ဆိုင်သို့ လာခဲ့ကြသည်။ လူရှင်းသည့် စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။

ဆိုင်ထဲတွင် လူရှင်းနေသည်။ တချို့စားပွဲများတွင်သာ တစ်ယောက်စ နှစ်ယောက်စရှိသည့်အတွက် ပတ်ဝန်းကျင်က သတိထားမိကြမည် မဟုတ်ပေ။ စန္ဒာက ရီဝေစွာကြည့်ပြီး စကားစလာသည်။

“မောင်”

“ပြောပါ စန္ဒာ. . . နားထောင်နေပါတယ်”

သူက မှာထားသည့် ကွဲရှိုင်းဗူးကို ပိုက်လေးနှင့်စုပ်ပြီး တစ်ငုံလောက် သောက်လိုက်ပြီးမှ တုန့်ပြန်လိုက်သည်။

“မောင်. . . စန္ဒာကို ဘာဖြစ်လို့ စိမ်းကားရတာလဲဟင်။ စန္ဒာ ဘာမှ နားမလည်နိုင်တော့ဘူး”

သူမ၏စကားကြောင့် သူရင်ထဲက နင့်ခနဲ ခံစားလိုက်ရသည်။ အချစ်ကြီးချစ်ခဲ့ရသော မိန်းလေးတစ်ယောက်က လိမ်လည်ဖုံးကွယ်ဖို့ ကြိုးစားနေခြင်းကိုကြည့်ပြီး မချိပြုံး ပြုံးလိုက်မိသည်။

“အိပ်ချင်ယောင်ဆောင်သူကို နှိုးရခက်တယ် စန္ဒာ”

“ဘယ်လို. . . ဘယ်လို မောင့်စကားက ဘာအဓိပ္ပါယ်လဲ။ ရှင်းရှင်း ပြောပါ မောင်ရယ်။ စန္ဒာနဲ့မောင့်ကြားမှာ သွယ်ဝိုက်ပြီး ပြောစရာလိုသေးလို့လား”

“ကောင်းပြီလေ. . . ဒါဆိုလည်း ပြောရသေးတာပေါ့ စန္ဒာ”

သူရ အတတ်နိုင်ဆုံး စိတ်ကို ချုပ်ထိန်းလိုက်ပြီး ပြောလိုက်ရသည်။ သူ့အာရုံထဲတွင် လွန်ခဲ့သည့် နှစ်လလောက်က မြင်ခဲ့ရသည့် ယောကျ်ားပျို၏ မျက်နှာကို မြင်ယောင်လာသည့်အတွက် အံကိုတင်းတင်းကြိတ်ပြီး ပြောဆိုလိုက်သည်။

“မင်း သိပ်ပြီး ရက်စက်လွန်းတယ်”

သူက လွန်ခဲ့သည့် နှစ်လလောက်က မြင်ကွင်းကို ပြန်လည် ပြောပြလိုက်သည်။

“ဟင်. . . မောင် မောင် စန္ဒာ့ကို အထင်လွဲနေတာပါ”

“အထင်လွဲနေတာ ဟုတ်လား စန္ဒာ။ ကိုယ့်မျက်လုံးတွေ အကောင်းကြီးပါ စန္ဒာ။ ဟောဒီမျက်စိနဲ့ကို တပ်အပ်မြင်ခဲ့ရတာပါ။ ပြီးတော့ မင်းတို့နှစ်ယောက်ကို ဈေးချိုထဲမှာ တစ်ခါထပ်တွေ့ခဲ့ရသေးတယ်။ မင်းဘာပြောချင်သေးလဲ”

“မောင်. . . မောင် စန္ဒာ ပြောပါရစေ”

“ဘာတွေများ ပြောချင်သေးလို့လဲ။ မင်းရဲ့မုသားစကားတွေကို ငါ မကြားချင်တော့ဘူး စန္ဒာ”

“မောင်မြင်တာမှန်ပေမယ့် အဲ့ဒါ အမှန်တရားမဟုတ်ဘူး။ မောင် အိမ်မှာတွေ့ခဲ့ရတဲ့သူက စန္ဒာရဲ့အစ်ကိုပါ”

“ငါ မယုံဘူး စန္ဒာ။ မောင်နှမဆိုရင် အဲ့ဒီလို နေပါ့မလား။ မင်းလိမ်တာ ဒီထက်ပိုပြီး ပိရိဖို့လိုသေးတယ်”

သူ့စကားကြောင့် မျက်ဝန်းတို့တွင် မျက်ရည်များက ဝိုင်းလာသည်။ နွမ်းလျသည့်လေသံလေးနှင့် ပြန်လည်ပြောဆိုလာသည်။

“စန္ဒာလိမ်တာ မဟုတ်ပါဘူး မောင်ရယ်၊ ကျောက်မျက်ရတနာဌာနမှာ အရာရှိတစ်ယောက်ပါ။ ဖားကန့်ကနေခွင့်ယူပြီးတော့ ပြန်လာတဲ့ စန္ဒာ့ အစ်ကိုပါ။ အဲ့ဒီနေ့က ရေချိုးပြီး အိမ်ရှေ့ကိုထွက်လာတာ စန္ဒာက ထမင်းစားဖို့ အိမ်ရှေ့ထွက်ပြီး ခေါ်တာပါ”

“မင်း ဘယ်လိုပြောပြော ငါမယုံတော့ဘူး စန္ဒာ၊ ပြီးတော့ ထပ်ပြော

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်။ မင်းမျက်နှာများတဲ့အကြောင်းတွေလည်း ငါသိခဲ့ရသေးတယ်"

"ဟင်. . .အဲ့ဒါ ဘယ်သူ. . . ဘယ်သူက ပြောတာလဲ"

"ငါ့သူငယ်ချင်းက ပြောတာပဲ စန္ဒာ"

"သူ. . . သူက ဘယ်လိုလုပ်ပြီး သိတာလဲ။ အဲ့ဒီလူနာမည်က ဘယ်သူ ခေါ်လဲ"

"သူ့နာမည်က ဇင်မင်းအောင်တဲ့။ စာရင်းစစ်က အရာရှိတစ်ယောက်ပဲ။ အခု ကိုယ်တို့မြို့မှာ တာဝန်ထမ်းဆောင်နေတယ်။ မြစန္ဒာဆိုတဲ့မင်းဟာ သူ့ညီဝမ်းကွဲတစ်ယောက်နဲ့ ဖြစ်ခဲ့ဖူးသလို တခြားသူတွေနဲ့လည်း ဇာတ်လမ်းတွေရှိခဲ့တယ်လို့ ဇင်မင်းအောင်က ငါ့ကို သေသေချာချာ ပြောပြခဲ့တာ ကဲ. . . မင်းဘာပြောချင်သေးလဲ"

သူရစကားအဆုံးတွင် သူမက ပျာပျာသလဲပင် ရှင်းဖို့ကြိုးစားလာသည်။

"တော်ပြီ စန္ဒာ၊ ဘာမှ ထပ်ရှင်းပြမနေနဲ့တော့။ ငါဘာမှ မကြားချင်တော့ဘူး။ ငါ့ဘဝထဲမှာလည်း မင်းဆိုတာ လုံးဝမရှိတော့ဘူး"

သူမမျက်နှာပေါ်တွင် ကြေကွဲရိပ်များ လွှမ်းနေရာမှ အံကိုတင်းတင်း ကြိတ်လိုက်သည်ကို သူတွေ့လိုက်ရသည်။ သူမက မျက်ရည်စအချို့ကို လက်ကိုင်ပဝါနှင့် သုတ်လိုက်သည်၊

"ကောင်းပါပြီ. . . ကိုယ့်ကို ကိုက်စားမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အမျိုးမျိုး အပြစ်ရှာနေတဲ့ကျားကို ယုန်သူငယ်လို အသနားခံပေမယ့် အလကားပဲ ဖြစ် တော့မယ်ဆိုတာ စန္ဒာသိပါပြီရှင်၊ ဒီမှာ ကိုသူရ. . . ရှင်စွပ်စွဲတာတွေ တစ်ခုမှ မဟုတ်သလို ရှင့်သူငယ်ချင်းပြောတဲ့ မြစန္ဒာဆိုတာလည်း ကျွန်မ မဟုတ်ဘူး အဲ့ဒီ မြစန္ဒာ ဘယ်သူလဲဆိုတာလည်း ကျွန်မ မသိဘူး။ ကျွန်မတစ်ခုတော့ ပြောခဲ့မယ်။ အထောက်အထား မခိုင်လုံပဲနဲ့ တယူသန် စွပ်စွဲတတ်တဲ့ ရှင်နဲ့ အတူ ဇင်မင်းအောင်ဆိုတဲ့ ရှင့်သူငယ်ချင်းကို ကျွန်မအနေနဲ့ ဘယ်ဘဝမျိုး



ရောက်ရောက် ခွင့်လွှတ်မှာ မဟုတ်ဘူး။ ဖြစ်တဲ့နည်းနဲ့ ကလဲ့စားချေမယ် ဆိုတာ မှတ်ထားပါ။ ရှင်တို့နှစ်ယောက်ကို ကျွန်မ အရမ်းမုန်းတယ်။ နာကြည်း တယ်။ ကိုင်း. . . ကျွန်မသွားလိုက်ပါဦးမယ်"

မီးဝင်းဝင်းတောက်နေသည့်မျက်ဝန်းအစုံနှင့် စိုက်ကြည့်နေရာမှ မြစန္ဒာ ဆိုင်ထဲမှ ထွက်သွားတော့သည်။ သူလည်း ထိုမြို့မှ ပြန်လာခဲ့သည်။ နောက် တစ်ရက်တွင် မဟူရာတည်းခိုခန်း အခန်း ၁၃တွင် မြစန္ဒာတစ်ယောက် ကြိုးဆွဲချသေသွားသည့် သတင်းဆိုးကို သူရတစ်ယောက် သိလိုက်ရတော့သည်။

မြစန္ဒာဆိုသည့်အမည်က လှဥမ္မာ၏ ငယ်နာမည်ပင် ဖြစ်သည်။

သူက လှဥမ္မာဆိုသည့်အမည်ကို သိသော်လည်း စန္ဒာဟုပင် မြတ်မြတ် နိုးနိုးခေါ်ခဲ့သည်။ ယခုမူ မြစန္ဒာ ခေါ် လှဥမ္မာတစ်ယောက် သူတို့နှစ်ယောက်ကို အမုန်းအငြိုးကြီးမားစွာနှင့် လူ့ဘဝမှ ထွက်ခွာသွားခဲ့လေပြီ။ ဆိုးဝါးသည့် သေခြင်းတရားနှင့်အတူ တမလွန်အထိ အမုန်းအငြိုးတို့ကို ယူဆောင်မသွား ပါစေနှင့်ဟူ၍သာ သူရတစ်ယောက် ရင်ထဲမှ ကြိတ်ပြီး ဆုတောင်းမိပါလေ တော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၁၁)

သူတို့သုံးယောက်၏ သုံးပွင့်ဆိုင်အတိတ်ဇာတ်လမ်းတို့ကို ပြန်လည်တွေးတောနေရာမှ ဇင်မင်းအောင် ပြန်လည်နိုးထလာသည်။

"အင်း. . . တဆင့်ကြားစကားကို ယုံမှတ်ပြီး သူရကို ချွန်လိုက်မိသည့်အတွက် မြစန္ဒာ သေခဲ့ရတာ။ တကယ်တော့ ဒီကိစ္စမှာ ငါ့အမှားတွေ အများကြီးပါခဲ့တယ်။ အဓိက လူက သူရဆိုပေမယ့် မြစန္ဒာအသေဆိုးနဲ့သေရတဲ့ကိစ္စမှာ ငါ့ပယောဂလည်း ပါတယ်"

သူ ယခုမှ အဖြစ်မှန်ကို ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ မြစန္ဒာနှင့်ပတ်သက်သည့်ကိစ္စတွင် သူရဘက်မှ ပြောဆိုမိသည့်အမှားကို အချိန်မီပြင်ဆင်ခွင့်ရနိုင်ဖို့ ခက်လှသည်။ ပြင်ရခက်သည့် အမှားမျိုးဖြစ်သည်။ မြစန္ဒာတစ်ယောက် ကြိုးဆွဲချသေဆုံးခဲ့ရသည့် အဖြစ်ဆိုးအထိ ဖြစ်ခဲ့ရသည်။

သူ့အမှားကို ပြန်လည်ပေးဆပ်ရတော့မည်။ အချိန်က တဖြည်းဖြည်းညနေစောင်းသို့ပင်တိုင်ခဲ့ပြီ။ ဇင်မင်းအောင် အိမ်ပေါ်မှ ခြံထဲသို့ ဆင်းပြီး လမ်းလျှောက်နေသည်။

ထိုစဉ် ရပ်ကွက်ထဲမှ သူနှင့်ရင်းနှီးသည့် ကိုအောင်မင်းရောက်လာသည်။



သူက ခြံရှေ့သို့ရောက်လာသည့် ကိုအောင်မင်းကို နှုတ်ဆက်လိုက်သည်။

"လာဗျာ. . . ကိုအောင်မင်း ဘာကိစ္စရှိလို့လဲ"

"ဆရာ့ကိုတွေ့ရတာ အတော်ပဲဗျာ။ ကျွန်တော် ဆရာ့ကို ပြောစရာတွေရှိတယ်ဗျ"

"ဆိုစမ်းပါဦး ဘယ်လိုကိစ္စတွေလဲ"

သူကပြန်မေးလိုက်သည်။

"ထူးတော့ တော်တော့်ကိုထူးတယ်ဆရာ"

"ခင်ဗျားစကားကလည်း ကျွန်တော်ဘာကို နားလည်ရမှန်း မသိတော့ဘူး"

"မဆောရီး ဆရာရေ၊ ပြောချင်ဇောအားကြီးသွားလို့ပါ။ ပြောရမယ်ဆိုရင် အခု ကျွန်တော်တို့ရပ်ကွက်ထဲကို ဆရာကြီးတစ်ယောက် ရောက်နေတယ်။ သူ့မှာ အရုပ်ကြီးတစ်ရုပ် ပါလာတယ်"

"ဘယ်လို အရုပ်ကြီးလဲဗျ"

"ဖိုးဝရုပ်ကြီးပဲ ဆရာ"

"နေစမ်းပါဦး. . . အဲ့ဒီဆရာကြီးက ဘယ်ကရောက်လာတာလဲ။ ဘယ်သူနဲ့ပတ်သက်ပြီး ရောက်လာတာလဲဗျ"

"ဆရာ ကျွန်တော်တို့ရပ်ကွက်မှာနေတဲ့ ဦးဇံဝကို သိတယ် မဟုတ်လား"

"သိတယ် ကိုအောင်မင်း၊ လူချင်းသာ မရင်းနှီးပေမယ့် မျက်မှန်းတော့ တန်းမိတယ်။ သူက ဆရာတစ်ပိုင်း၊ ဝိဇ္ဇာနဲ့ ပယောဂဟွေယည်း ကုသတယ်လို့ သိရတယ်"

"ဟုတ်တယ် ဆရာ၊ အဲ့ဒီ ဦးဇံဝပဲဗျ၊ သူ့ဆီရောက်လာတဲ့ဆရာကြီးက ရှမ်းပြည်က. . . သူ့ဆရာလို့ သိရတယ်"

"ကောင်းပါပြီ. . . ဘယ်လို ထူးတယ်ဆိုတာ ပြောပါတော့ဗျာ"

ဇင်မင်းအောင်က လိုရင်းကိုမေးလိုက်သည်။
www.burmeseclassic.com

www.burmeseclassic.com

"ထူးတာကတော့ အဲ့ဒီရှမ်းဆရာကြီးနဲ့ ပါလာတဲ့ ဖိုးဝရုပ်ကြီးပဲဆရာ။ ကျွန်တော်ကြားသိရသလောက်တော့ အဲ့ဒီဖိုးဝရုပ်ကြီးက မှော်ဝင်ရုပ်ကြီးတဲ့ ဆရာ"

"ဘယ်လို. . . မှော်ဝင်ရုပ်ကြီး ဟုတ်လား. . . ကိုအောင်မင်း"

"ဟုတ်ပါတယ် ဆရာ. . . မှော်ဝင်ရုပ်ကြီးတဲ့ဗျ"

"ထားပါတော့. . . အဲဒီမှော်ဝင်ရုပ်ကြီးက ဘယ်လိုထူးခြားလို့လဲ"

"ထူးတာကတော့ မပြောပါနဲ့တော့ ဆရာ။ အဲ့ဒီ မှော်ဝင်ဖိုးဝရုပ်ကြီးက ပစ္စည်းပျောက်တာတွေ ရှာပေးနိုင်တယ်ဗျ"

"ပစ္စည်းပျောက်ကို ရှာပေးတာ ခင်ဗျားကိုယ်တိုင် မြင်လို့လား"

"မြင်ရတယ် ဆရာ၊ မနေ့ကညနေ ကျွန်တော်အိမ်ဘေးက ကလေးမလေးရဲ့ လက်စွပ်ကျပျောက်သွားတာ ဖိုးဝရုပ်ကြီးက လိုက်ရှာပေးခဲ့တယ်"

ဇင်မင်းအောင်အနေနှင့် ကြားရသည့်စကားများကြောင့် အရုပ်ကြီးကို ပိုစိတ်ဝင်စားလာခဲ့သည်။ ကိုအောင်မင်းက ဆက်ပြောသည်။

"ကျွန်တော်တို့လမ်းထဲကလူတွေကော ကလေးမလေးရဲ့မိဘတွေကော ဆရာကြီးနဲ့ ဦးဖဲဝတို့ပါ ဖိုးဝရုပ်သွားရာနောက်ကို လိုက်လာခဲ့ကြတယ်"

ထိုစကားကိုကြားလိုက်သည့်အခါ ဇင်မင်းအောင် အံ့သြမှုက အမြွတ်အထိပ်သို့ရောက်သွားတော့သည်။ သူက ချက်ချင်းပင် ပြန်မေးလိုက်သည်။

"ဖိုးဝရုပ်ကြီးက လမ်းလျှောက်တယ် ဟုတ်လားဗျ"

"ဟုတ်ပါတယ် ဆရာ"

"သက်မဲ့အရုပ်ကြီးက လမ်းလျှောက်တယ်ဆိုတာ တကယ်ကော ဖြစ်နိုင်ပါ့မလား"

"ဟာ. . . ဆရာကလည်းဗျာ. . . လူတွေအများကြီးတွေ့ရတာပါ။ ဒါကြောင့်လည်း မှော်ဝင်ရုပ်လို့ခေါ်တာပေါ့ဆရာ။ ကျွန်တော်သိသလောက် ပြောရရင် ရှမ်းဆရာကြီးက လောကီအတတ်ပညာတွေနဲ့ စီရင်ထားတဲ့ အရုပ်တဲ့ ဆရာရေ"

"ကဲ. . . ယုံတာ မယုံတာ အပထားပြီး ခင်ဗျား မြင်တွေ့ရတာကို အသေးစိတ် ပြောစမ်းပါဦး ကိုအောင်မင်း"

"ဒီလိုဆရာ. . . ခုနက ပြောခဲ့တဲ့အတိုင်း အားလုံးဖိုးဝရုပ်ကြီးသွားတဲ့ နောက်အတိုင်း လိုက်လာခဲ့ကြတယ်။ ကလေးမလေးကိုယ်တိုင် သူ့လက်စွပ် ကျပျောက်သွားတာ ဘယ်နေရာလို့ အတိအကျ မသိပေမယ့် မှော်ဝင်ရုပ်ကြီးက သိနေတယ်။ ဒီလိုနဲ့ လမ်းထိပ်နားရောက်လာတယ်။ ခဏအကြာမှာပဲ လက်စွပ်ကို ပြန်ရခဲ့တယ်။ အဲ့ဒီလို ကျပျောက်သွားတဲ့ ပစ္စည်းတွေကို လိုက်ရှာပေးတာ အခုဆိုရင် လေးငါးကြိမ်ထက်မနည်းတော့ဘူး ဆရာရေ"

ကြားရသည့်သတင်းက အံ့သြစရာကောင်းလွန်းလှသည်။ သူက ကိုအောင်မင်းကို မေးကြည့်လိုက်ပြန်သည်။

"အဲ့ဒီ မှော်ဝင်ရုပ်ကြီးရဲ့ အရွယ်ကကောဗျာ"

"လေးပေနီးပါလောက်မြင့်တယ် ဆရာ"

"ရှမ်းဆရာကြီးက ဦးဖဲဝအိမ်မှာတည်းတာလား"

"ဟုတ်ပါတယ် ဆရာ။ အခု ဆရာ့ကိုလာခေါ်တာက မှော်ဝင်ရုပ်ကြီးက သူ့ခိုးဖမ်းပေးမယ်တဲ့ဗျ၊ အဲ့ဒါ ဆရာလက်တွေ့မြင်ရအောင် လာခေါ်တာပါ"

ထိုသို့ဖြင့် လာခေါ်သည့်နောက်သို့ လိုက်ပါသွားသည်။ သူတို့ရောက်သည့်အခါ ဦးဖဲဝအိမ်ရှေ့၌ ရပ်ကွက်ထဲမှ လူများကို တွေ့လိုက်ရသည်။ ဇင်မင်းအောင် ဖြစ်ကြောင်းကုန်စင် သိလိုက်ရသည်။ ဦးဖဲဝအိမ်နှင့် မျက်စောင်းထိုးအိမ်ကို ညက သူခိုး ခိုးခဲ့ရာ ဗွီစီဒီစက်တစ်လုံးပါသွားသည်။ အိမ်ရှင်ထံ ဦးဖဲဝနှင့် ရင်းနှီးသည့်အတွက် အကူအညီလာတောင်းခြင်းပင် ဖြစ်သည်။

ကိုအောင်မင်းက မိတ်ဆက်ပေးသည်။ ရှမ်းဆရာကြီးက အသက်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်လောက်ရှိမည်ဖြစ်၍ နှုတ်ခမ်းမွေးကားကား အတွင်းခံအကျီဖြူနှင့် ရှမ်းတိုက်ပုံအနက်နှင့် ရှမ်းဘောင်းဘီအနက်တို့ကို ဝတ်ဆင်ထားပြီး ခေါင်းတွင် ခေါင်းပေါင်းနှင့် ဖြစ်သည်။ ခေါင်းရင်းတွင်ထိုင်နေသည့် ဆရာကြီး၏ ဘေးတွင် မော်ဝင်ဖိုးဝရုပ်ကြီးကို တွေ့ရသည်။

ထိုသို့ဖြင့် မှောင်ရီပျိုးသည်နှင့် သူခိုးဖမ်းထွက်ခဲ့သည်။ မထွက်မီ ကတည်းက ရှမ်းဆရာကြီးက ကြိုပြောထားသည်။ ကာယကံရှင်အိမ်ထောင်ဦးစီး၊ ရှမ်းဆရာကြီး၊ ဦးဖံဝ၊ သူနှင့် ကိုအောင်မင်းတို့သာ သူခိုးဖမ်းသွားမည်ဟူ၍ပင် ဖြစ်သည်။ ကိုအောင်မင်းက ရာအိမ်မှူးဖြစ်သည့်အတွက် လိုက်လာခဲ့ခြင်း ဖြစ်သည်။

ဆရာကြီးက မော်ဝင်ဖိုးဝရုပ်ကြီးကို စူးစိုက်ကြည့်ပြီး ရှမ်းဘာသာနှင့် ရှည်လျားစွာ ရွတ်ဖတ်ပြီး အမိန့်တွေပေးနေသည်။ ရွတ်ဖတ်ပြီးသည့်အဆုံး ဆရာကြီးက အရုပ်ကြီးကိုကြည့်ကာ အမိန့်ပေးလိုက်လေသည်။

"တပည့်ကြီး . . . စထွက်ပေတော့"

ဆရာကြီး အမိန့်ပေးသံဆုံးသည်နှင့် စက္ကူကတ်ထူဖြင့်လုပ်ထားသော ဖိုးဝရုပ်ကြီး၏ခြေထောက်များသည် အံ့ဩဖွယ် စတင်လှုပ်ရှားလာလေသည်။ ထို့နောက် လူတစ်ယောက်လမ်းလျှောက်သည့်အတိုင်း တစ်လှမ်းခြင်း ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းသွားပါလေတော့သည်။

သူတို့လူစုလည်း မော်ဝင်ရုပ်ကြီးနောက်သို့ လိုက်လာခဲ့ကြသည်။ ထိုသို့ဖြင့် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်လာခဲ့ကြရာ ရပ်ကွက်အနောက်ပိုင်းသို့ ရောက်လာခဲ့ကြသည်။ လမ်းကြားထဲသို့ ဖိုးဝရုပ်ကြီးက ဝင်ရောက်သွားပြီး အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်တော့သည်။

ကိုအောင်မင်း၊ ဦးဖံဝ၊ ကာယကံရှင်တို့က သိလိုက်ကြသည်။ မော်ဝင်ရုပ်ကြီးရပ်လိုက်သည့်အိမ်သည် ရပ်ကွက်ထဲတွင် ခိုးမှုနှင့် ကျော်စောသူပင် ဖြစ်



သည်။ ဖိုးဝရုပ်ကြီးနှင့် သူတို့ကိုမြင်သည့်အခါ ထိုလူက မျက်နှာပျက်နေသည်။ ဖိုးဝရုပ်ကြီးက မပြောမဆိုပင် အိမ်ထဲသို့ဝင်သွားပြီး ဝှက်ထားသည့် စထ်တို့ ယူလာသည်။ ထိုလူလည်း လက်ပူးလက်ကြပ် မိနေပြီဖြစ်သည့်အတွက် ညည်းသို့မျှ မငြင်းနိုင်တော့ပေ။

ဇင်မင်းအောင်လည်း လောကီပညာရှင်များ၏ ဆန်းကြယ်မှုကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသည်။ ထို့နောက် အားလုံးကို နှုတ်ဆက်ပြီး အိမ်သို့ပြန်လာကာ တစ်နာရီနီးပါးမျှလမ်းလျှောက်ခဲ့ရသည့်အတွက် မောမောနှင့် အိပ်ပျော်သွားလေတော့သည်။

အိပ်မောကျနေရာမှ လူတစ်ယောက်လမ်းလျှောက်သံကို ကြားရသောကြောင့် ဇင်မင်းအောင် လန့်နိုးလာသည်။ အခန်းတံခါးကိုဖွင့်ပြီး အပြင်သို့ ထွက်လာခဲ့သည်။ ခြေသံက ပျောက်သွားပြန်သည်။ မီးမဖွင့်ဘဲ အမှောင်ထဲတွင် ငြိမ်နေလိုက်သည်။

"ဒါ . . . အိမ်ကို သူခိုးကပ်တာပဲ ဖြစ်ရမယ်၊ ဘယ်က သူခိုးလဲ။ ငါတို့ နေတဲ့ ဝန်ထမ်းအိမ်ယာကို သူခိုးကပ်တာလည်း တစ်ခါမှ မကြားခဲ့ရဖူးဘူး ထူးတော့ ထူးဆန်းတာ အမှန်ပဲ"

သူစဉ်းစားနေစဉ် အိမ်ရှေ့ထဲခါးမှ ခြေသံကို ကြားလိုက်ရသည်။

"အင်း . . . ကြားရတဲ့ခြေသံက လူတစ်ယောက်လျှောက်နေတဲ့ ခြေသံမျိုးပဲ။ ဒါပေမယ့် သူခိုးဆိုရင် ခြေသံက ဒီလောက်ထိ ပြင်းမှာ မဟုတ်ဘူး"

ဇင်မင်းအောင်လည်း ပြတင်းပေါက်မှတဆင့် ခြေသံကြားရသည့်ဧည့်ခန်းထဲသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။ ထိုအခါ သူ အရမ်းအံ့အားသင့်သွားသည်။

"ဟာ . . . မော်ဝင်ဖိုးဝရုပ်ကြီးပါလား။ ဒီအရုပ်ကြီးက ငါ့ဆီကို ဘာလာလုပ်တာလဲ။ ရှမ်းဆရာကြီးက လွှတ်လိုက်လို့များလား။ ငါ့ဆီကို ဘာကိစ္စနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူက လွှတ်လိုက်ရတာလဲ”

ဖိုးဝရုပ်ကြီးက လက်နှိပ်ဓာတ်မီးအလင်းရောင်ဝေါ်လာရာသို့ လှည့်ကြည့်လိုက်သည့်အခါ ပြတင်းပေါက်တွင် ရပ်နေသည့် သူ့ကိုမြင်သွားလေသည်၊ သူက ဓာတ်မီးခလုတ်ကို ပိတ်လိုက်သည်။ ထို့နောက် သူ ... ခြံထဲသို့ ဆင်းလာသေအခါ ခြံထဲတွင် ဖိုးဝရုပ်ကြီးကို မတွေ့ရတော့ပေ။

ခြံထဲရှိ ဖိုးဝရုပ်ကြီး မည်သည့်သို့ပျောက်သွားမှန်း သူမစဉ်းစား တတ်တော့ပေ။ သူလည်း ဖိုးဝရုပ်ကြီးရပ်နေသည့် နေရာသို့ ဓာတ်မီးဖြင့် ထိုးထားဆဲမှာပင် အနောက်ဘက်ခပ်လှမ်းလှမ်းမှ ခြေသံကိုကြားလိုက်ရသည့်အတွက် သူက နောက်သို့လှည့်ကြည့်လိုက်သည်။

ခြံဝန်းအနောက်ဘက်တွင် ရပ်ပြီး သူ့ကို စူးစိုက်ကြည့်နေသည့် ဖိုးဝရုပ်ကြီးကို တွေ့လိုက်ရသည်။ ဇင်မင်းအောင်က ဓာတ်မီးထိုးထားရင်း ရှေ့သို့ တရွေ့ရွေ့တိုးလာသည်။ ဖိုးဝရုပ်ကြီးနှင့် လေးငါးပေလောက်အကွာတွင် ရပ်လိုက်ပြီး ခပ်မာမာပင် မေးလိုက်သည်၊ ဖိုးဝရုပ် စကားပြောတတ်လား မပြောတတ်လားဆိုတာကို မစဉ်းစားတော့ဘဲ ဒေါသဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

“ဖိုးဝရုပ်. . . မင်း ငါ့ခြံထဲ ဘာလာလုပ်တာလဲကွ၊ ဘာလဲ. . . ငါ့အိမ်မှာ သူခိုးဖမ်းမလို့ ရောက်လာတာလား”

“ဖိုးဝရုပ်ကြီးက တုံဏှိဘာဝေ ဘာမှပြန်မပြောဘဲ မျက်လုံးကြီး ပြူး၍ စိုက်ကြည့်နေသည်။ ရပ်နေသည့် နေရာမှလည်း တစ်စက်ကလေးမှ မရွေ့ပေ။ သူက ထပ်မေးမိလိုက်ပြန်သည်။

“ဘာလဲ. . . မင်းဆရာကြီးက ခိုင်းလိုက်လို့လား၊ မင်းဆရာကြီးနဲ့ ငါ ကြားမှာ ဘာကိစ္စမှ မရှိပါဘူးကွာ။ ငါတောင် ညနေကမှ မင်းနဲ့ မင်းဆရာကြီးကို တွေ့ဖူးခဲ့တာပါ”



သူဘယ်လိုပင်မေးမေး မှော်ဝင်ရုပ်ကြီးက နှုတ်ဆိတ်ပြီး တေမိလုပ်နေသည်။ သို့သော် ထိုစဉ်မှာပင် ထူးခြားချက်ကို တွေ့လိုက်ရသည်။ ဖိုးဝရုပ်ကြီး၏ မျက်နှာအမူအရာက ပြောင်းလဲသွားပြီး ကြောက်စရာသဏ္ဌာန်ကြီး ပေါ်လာသည်။ လက်ထဲတွင်လည်း တင်းပုတ်ကြီးကို ကိုင်ဆောင်ထားကာ တစ်လှမ်းခြင်း ရှေ့တိုးလာတော့သည်။

သူ့ရင်ထဲသို့ အကြောက်တရားများက ပျံ့နှံ့ဝင်ရောက်လာသည်။ မှော်ဝင်ရုပ်ကြီးက တစ်လှမ်းချင်းလျှောက်လာရာမှ တအားပြေးလာပြီး တင်းပုတ်ကြီးနှင့် သူ့ခေါင်းကို ထုရန်ပြင်လိုက်သည်နှင့် ထိတ်လန့်တကြား အော်ဟစ်လိုက်မိလေတော့သည်။

“အား. . . အား. . . အား”

“ဟင်. . . ငါ ငါဘာဖြစ်လို့ လန့်ပြီးအော်ဟစ်နေတာလဲ။ ငါ့တစ်ကိုယ်လုံးမှာ ချွေးတွေရွှဲနစ်နေပါလား။ ဟုတ်ပြီ. . . ငါညတုန်းက တွေ့ခဲ့တဲ့ ဖိုးဝရုပ်ကြီးကို စွဲလန်းပြီး အိပ်မက် မက်နေတာကိုး၊ ထမင်းလုံးတစ္ဆေအခြောက်ခံရတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ထင်တယ်”

ဇင်မင်းအောင် အိပ်မက်မှလန့်နိုးပြီး တွေးတောနေခြင်းပင်ဖြစ်သည်။ မျက်လုံးများကြောင်ကာ ပြန်အိပ်မရတော့ပေ။ ဆက်အိပ်၍ မရတော့သည့်အဆုံး ခြံထဲသို့ဆင်းလာခဲ့သည်။ ခြံထဲသို့ရောက်သောအခါ မှော်ဝင်ရုပ်တို့ တွေ့ခဲ့ရသည့်နေရာသို့ လျှောက်လာလိုက်သည်။ ခြံထဲတွင် လရောင်ကြောင့် ထင်ထင်ရှားရှား လင်းနေသည်။

ထိုနေရာတွင် သဲမြေပေါ်၌ ခြေရာတစ်စုံကို အမှတ်တမဲ့တွေ့လိုက်ရသည်။ ခြေရာက သဲပေါ်တွင် ထင်ပြီးကျန်နေခဲ့သည်၊ လူ့ခြေရာတဲ့သို့ ခြေချောင်းလေးများကို မတွေ့ရဘဲ ဒုံးတိုကြီးဖြစ်နေသည့်အတွက် သူ့စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . ဒီ. . . ဒီမြေရာက ဖိုးဝရုပ်ကြီးရဲ့ ခြေရာများလား။ ဒါ. . . ဒါဆိုရင် ဒီမှော်ဝင်ရုပ်ကြီး ငါ့ခြံထဲကို တကယ်ပဲ ရောက်လာခဲ့သလား.မသိသူ ကြားရတဲ့ ခြေသံတွေကတော့ တကယ်ကြားရတာလား"

သူ့အနေနှင့် မည်သို့မျှ စဉ်းစားမရဘဲ ခြေရာကြီးကိုသာ စိုက်ကြည့် နေမိသည်။ ထို့နောက် နောက်ဘက်သို့လှည့်ပြီး ခြံအနောက်ဘက်သို့ ပြေး လာခဲ့သည်။ အနောက်ဘက် ခြံစည်းရိုးနားသို့ရောက်သောအခါ သဲမြေပေါ်တွင် ထယမခြေရာနှင့် တစ်ထပ်တည်းတူညီနေသည့် ခြေရာကြီးနှစ်ခုကို တွေ့လိုက် ရပြန်သည်။

ထို့နောက် သဲမြေပေါ်တွင် တုတ်နှင့်ရေးခြစ်ထားသည့် စာကို တွေ့လိုက် ရပြန်သည်။ စာကို သေသေချာချာ ဖတ်လိုက်သောအခါ. . .

"လကွယ်နေ့ည သန်းခေါင်ယံ ဇရပ်ထဲမှ ကလဲ့စားချေပွဲ"

သူက ထိတ်လန့်စွာ ငေးကြည့်နေရာမှ ထစ်ထစ်ငေါ့ငေါ့နှင့် ရေရွတ် လိုက်သည်။

"ဟင်. . . မှော်. . . မှော်ဝင်ရုပ်နဲ့ မိန္ဒာမ လှဥမ္မာ ဘယ်လိုများ ပတ်သတ် နေသလဲ မသိဘူး။ သူ. . . သူ ငါ့ကို လာဖို့ သတိပေးနေတာလား"

သူတစ်ယောက်တည်း ချောက်ချားစွာနှင့် ပြောဆိုနေရာမှ ကောင်းကင်ကို မော့ကြည့်ပြီး ဟားတိုက်ရယ်မောလိုက်လေတော့သည်။

"ဟား. . . ဟား. . . ဟား"

အားရပါးရ ရယ်မောနေရာမှ ခေါင်းငုံ့လိုက်ပြီး ခြေရာတစ်စုံနှင့် စာများကို ကြောင်ပြီး ကြည့်နေပြန်သည်။

"လကွယ်နေ့. . . သန်းခေါင်ယံ"

"လကွယ်နေ့. . . သန်းခေါင်ယံ. . . ဟား. . . ဟား. . . ဟား. . . စိတ်ချ စိတ်ချ. . . ငါလာခဲ့မယ်. . . လာခဲ့မယ်။ နင်လိပ်ပြာ နူတ်လို့ရအောင်



ငါလာခဲ့မယ်ဟေ့. . ."

ဇင်မင်းအောင်၏စိတ်အခြေအနေသည် တခဏအတွင်းမှာပင် ပုံမှန် စိတ်မှ ကစဉ့်ကလျားဖြစ်သွားခဲ့လေပြီ။ အအိပ်ပျက်၊ အစားပျက်နှင့် စိတ်ဖိစီးမှု ဒဏ်ကို အဆုံးစွန်ခံစားလိုက်ရသည့်အတွက် ယခုကဲ့သို့ အခြေအနေဆိုး လာခြင်းပင် ဖြစ်သည်။ တစ်သက်လုံး မယုံကြည်ခဲ့သည့် သရဲတစ္ဆေကို တကယ်တွေ့မြင်ခဲ့ရသည့်အတွက် အကြောက်တရားများနှင့်အတူ စိတ်ဓာတ်များ ယိမ်းယိုင်ပျက်ဆီးသွားခဲ့ရသည်။

➤ ➤ ➤

www.burmeseclassic.com

## အခန်း-(၁၂)

ဇင်မင်းအောင် ခြေရာနှင့်စာကိုတွေ့ရသည့်ရက်မှစ၍ အပြင်သို့ လုံး၀ မထွက်တော့ဘဲ အိမ်ထဲတွင် ငြိမ်ကုတ်နေတော့သည်။ သူ့အတွက် အချိန် မရှိတော့မှန်းသိလိုက်ရသည့်အခါ ခွန်အားများဆုတ်ယုတ်လာသလို စိတ်ဓာတ်များလည်း ဂနာမငြိမ်တော့ပေ။ သို့သော် သူ့စိတ်သည် အချိန်ပြည့် ဖောက်ပြန်နေခြင်းမျိုးမဟုတ်ပေ။ နေ့လည်လောက်တွင် ဇင်မင်းအောင် ဆက်တီပေါ်တွင်ထိုင်ရင်း ငိုင်တွေငေးမောနေသည်။ စီးကရက်ကိုဖွာထုတ် လိုက်ပြီး မီးခိုးများလွင့်ပျံတက် သွားသည်ကိုကြည့်ပြီး ဘာကိုသဘောကျသည် မသိ၊ အဓိပ္ပါယ်မဲ့ ရယ်မောနေလေတော့သည်။

"ဟား. . . ဟား. . . တယ်ဟုတ်ပါလား။ မီးခိုးတွေ မျက်နှာကြက်ကို ပျံပြီးတက်သွားတာ သိပ်ကြည့်ကောင်းပါလား။ ငါလည်း မီးခိုးတွေလို ပျံနိုင်ရင်သိပ်ကောင်းမှာပဲ။ ဒါဆိုရင် မိစ္ဆာမ ငါ့ကိုဘယ်လိုမှ ဒုက္ခပေးလို့မရတော့ဘူး၊ ငါ့ကို သူရှာနိုင်တော့မှာလည်း မဟုတ်တော့ဘူး။ ဟင်း. . . ခက်တယ်၊ **ငါ့ဘ၀ဟာ မကြာခင်ရက်အတွင်းမှာပဲ ဒီမီးခိုးငွေ့တွေလို ပျောက်ကွယ်သွားရတော့မှာလား"**

**သူ့အတွေးထဲသို့** သူရကာ ဝင်ရောက်လာပြန်သည်။

"သူငယ်ချင်း. . . ငါတို့နှစ်ယောက်ရဲ့အဖြစ်က ဆိုးဝါးတယ်ကွာ၊ မင်း



ဘာဖြစ်လို့ လှဥမ္မာကို ချစ်ခဲ့တာလဲ။ မင်းနဲ့လှဥမ္မာသာ ချစ်သူဘ၀ မရောက်ခဲ့ရင် ဒီပြဿနာ ဘယ်လိုလုပ်ပြီး ဖြစ်လာမှာလဲကွာ။

အခုတော့. . . အခုတော့ မင်းရဲ့တဏှာသန်စိတ်တွေနဲ့ ငါ့ရဲ့လွဲမှားတဲ့ စကားတွေကြောင့် မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရပြီ။ ငါလည်း ဘာတွေ ဖြစ်ဦးမလဲ မသိဘူး။ နားလည်မှုလွဲခဲ့လို့ မင်းတို့နှစ်ယောက်စလုံး သရဲတစ္ဆေဘ၀ ရောက်တာကပဲ အမြတ်ထွက်ခဲ့ကြတာမဟုတ်လား။ ဟား. . . ဟား. . . ဟား ရယ်စရာသိပ်ကောင်းပါလားကွာ"

မကြာမီ ကြုံတွေ့ရတော့မည့်အရေးကို တွေးမိသည့်အတွက် ပါးပြင်ထက်သို့ မျက်ရည်များ စီးကျလာသည်။ မျက်ရည်များကို သုတ်ပစ်ပြီး **အော်ဟစ်** ပြောလိုက်ပြန်သည်။

"ဟေ့. . . ငါမငိုဘူးကွ၊ ငါ ဘာဖြစ်လို့ ငိုရမှာလဲ၊ မိစ္ဆာမ လိပ်ပြာနှုတ်ရင် သေမှာပဲ၊ မနှုတ်ရင်လည်း တစ်နေ့ကြရင် သေမှာပဲ၊ ဒါပေမယ့် ငါသေတာ ဘာမှ အဓိပ္ပါယ်မရှိပဲ ဒီလောကကြီးက ထွက်သွားရမှာပါလား။ ငါဘယ်လိုမှ အသေဖြောင့်မှာမဟုတ်သလို ဘ၀ကူးကောင်းမှာလည်း မဟုတ်တော့ဘူး၊ ဒါဆို ငါလည်း နောက်ဘ၀မှာ သရဲတစ္ဆေပြိတ္တာ ဖြစ်ရမှာပါလား။ ဟား. . . ဟား. . . ဟား သရဲဖြစ်ရင် နင်နဲ့ငါ တွေ့ကြသေးတာပေါ့ လှဥမ္မာရယ်"

သူ အာခေါင်တွေခြောက်သွေ့လာကာ ရေသောက်လိုက်ပြန်သည်၊ အာရုံထဲသို့ ဇရပ်ပျက်ကြီးနှင့် ယောဂီမကြီးတို့ဝင်ရောက်လာသောကြောင့် တောက်တစ်ချက်ခေါက်လိုက်မိသည်၊

"တောက်. . . လှဥမ္မာ ငါ့ကို သူတော်ကောင်းယောင်ဆောင်ပြီးတော့ ခြောက်လှန့်သေးတယ်။ အင်း. . . ဘာလိုလိုနဲ့ မနက်ဖြန်ဆိုရင် မိစ္ဆာမ ချိန်းထားတဲ့ လကွယ်နေ့ညကို ရောက်တော့မှာပါလား"

"ငါ ချိန်းထားတဲ့အတိုင်း သွားသင့်သလား။ မသွားရင် ဘာတွေ **ဖြစ်**

www.burmeseclassic.com

www.burmeseclassic.com

လာမလဲ။ ဟာ. . . ရှုပ်ပါတယ်၊ စဉ်းစားရတာ စိတ်ပင်ပန်းလွန်းတယ်။ ယောကျ်ားသိတ္တာတော့ အတျမခံနိုင်ဘူး၊ ငါလာခဲ့မယ်. . . လှဥမ္မာရေး ဆက်ဆတ်သာ စောင့်နေပေတော့"

စိတ်တူးတည့်ရာ စဉ်းစားနေစဉ်မှာပင် အပြင်မှ လှမ်းခေါ်သံကို ကြား လိုက်ရသည်။

"ဇင်မင်းအောင်. . . ဇင်မင်းအောင် ရှိသလားကွဲ့"

ဝင်စင်စားအရာရှိဟောင်းကြီး၏အသံမှန်း သူသိလိုက်သည်။

"ရှိပါတယ်. . . အန်ကယ်"

ဇင်မင်းအောင် ရှေ့သို့ထွက်လာပြီး တံခါးဖွင့်ပေးလိုက်သည်။ အရာရှိ ဟောင်းကြီးက သူ့ကို အကဲခတ်ကြည့်ပြီး အိမ်ထဲသို့ ဝင်လာသည်။

"ထိုင်ပါ. . . အန်ကယ်"

အန်ကယ်ကြီး ဝင်လိုက်သည်နှင့် သူလည်းမျက်နှာချင်းဆိုင်တွင် ဝင်ထိုင် လိုက်သည်။ အန်ကယ်ကြီးက. . .

"မောင်ဇင်မင်းအောင် ခွင့်ယူထားတယ်လို့ ကြားရတယ်"

"ဟုတ်ပါတယ်. . . အန်ကယ်"

"ဘာများဖြစ်လို့လဲကွဲ့. . . မောင့်ရင်ကိုကြည့်ရတာ အခုတလော သိဝ် ထူးခြားနေတယ်လို့ မြင်နေတယ်။ ပြီးတော့ ရုပ်ရည်ကလည်း စိတ်ကျရောဂါ ရနေတဲ့လူလိုပဲ။ အားမရစရာတောင်းလိုက်တာကွယ်"

သူက အရာရှိဟောင်းကြီးကို ငေးကြည့်နေတာ အသက်မပါသလိုပင် ဖြစ်နေသည်။ သူက မေးလိုက်သည်။

"အန်ကယ်အနေနဲ့ သရဲတစ္ဆေဆိုတာ ယုံလား၊ မြင်ကော မြင်ဖူးရဲ့လား ခင်ဗျာ"

"အေးကွယ့်. . . အန်ကယ်လည်း မောင်ဇင်မင်းအောင် သတင်းကို ကြားရပါတယ်။ မောင်ရင့်အိမ်မှာ သရဲခြောက်တယ်ဆိုတာ ဟုတ်သလား။ ပြီးတော့ ဟိုတစ်ခါ လမ်းကြားထဲ ပြေးဝင်သွားတယ်ဆိုတဲ့ တလေးဂလေးတို့ ကော တွေ့ရရဲ့လားကွယ့်"

"ဟုတ်. . . ဟုတ်ပါတယ် အန်ကယ်။ ပြီး. . . ပြီးတော့ ကျွန်တော်ကို ခြောက်နေတဲ့ မိန်းကလေးဟာ အန်ကယ်မေးတဲ့ အမျိုးသမီးပါပဲ၊ ကျွန်တော် အဲဒီတုန်းက အန်ကယ့်ကိုတောင် မေးကြည့်ခဲ့ဖူးတယ်လေ၊ အစိမ်းရောင် ထမ်းဆက်နဲ့ အမျိုးသမီးပါပဲ ခင်ဗျာ"

"ဟေ. . . ဟုတ်လားကွဲ့။ ထူးဆန်းလှပါလား။ မောင်ဇင်မင်းအောင်က ခေတ်ပညာတတ်အရာရှိတစ်ယောက်ပဲကွယ်။ အန်တယ် အမြင်ပြောရရင် ဝိညာဉ်တို့ ပရလောကသားတို့ဆိုတာ လူ့စိတ်က အထင်အမြင်မှားမှုပဲလို့ ထင်တယ်။ ရုပ်ပိုင်း၊ စိတ်ပိုင်းအားနည်းလာတဲ့အခါ ဟိုဟာမြင်ရ ဒီဟာ မြင်ရတို့ ဖြစ်လာတတ်တယ်။ ဝိညာဉ်၊ သရဲတစ္ဆေဆိုတာ အစစ်အမှန်လောက မဟုတ်ဘူး။ အတုအယောင်လောကသာ ဖြစ်တယ်"

"အန်ကယ်အယူအဆကို လက်ခံပါတယ်ခင်ဗျာ"

"အေးကွယ်. . . အဲဒါတွေကို ဘာမှ မစဉ်းစားပဲ ကျန်းမာရေးကိုသာ ဂရုစိုက်ပါ။ ရတနာမြတ်သုံးပါးကိုပဲ အာရုံပြုနေပါ မောင်ရယ်ရယ်။ တဲ. . . လမ်းကြုံလို့ဝင်မေးတာပဲ။ ပြန်လိုက်ဦးမယ်"

"ဟုတ်. . . ဟုတ်ကဲ့ ခင်ဗျာ"

အရာရှိဟောင်းကြီးပြန်သွားသည်နှင့် ဇင်မင်းအောင် ဟားတိုက်ရယ်မော နေလေတော့သည်။

"အလကားလူကြီး ကိုယ်တိုင်မမြင်ဖူးပဲနဲ့ ငါ့ကိုဆရာလုပ်သွားတယ်။ လှဥမ္မာကိုတွေ့လိုက်ရမှ ဒီလူကြီး လိပ်ပြာလွင့်သွားတော့မယ် ဟား. . . ဟား. . . ဟား"


www.burmeseclassic.com

www.burmeseclassic.com



ဇင်မင်းအောင် စေတနာကို ဝေဒနာဟု မြင်သွားလေပြီ။ လက်တွေ့ ဖြစ်နေသည့် ဖြစ်ရပ်တို့ကြောင့် ထိုအမြင်မျိုး မြင်သွားခြင်းဖြစ်သည်။

ထိုသို့ဖြင့် လကွယ်နေ့ညသို့ ရောက်လာခဲ့သည်။ သည်နေ့သည် သူ့ဘဝ၏ နောက်ဆုံးရက်ပင်ဖြစ်ကြောင်း သိနေသည့်အတွက် စိတ်များ လေးလံထိုင်းမှိုင်းနေသည်။ အချိန်က တရွေ့ရွေ့ကုန်ဆုံးလာသည်နှင့်အမျှ အမှောင်ထုက ကြီးစိုးလာသည်။ ဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်လိုက်ပြီး တောင်ခြေရင်း ဇရပ်သို့ ထွက်လာခဲ့သည်။

သူ့ကိုယ်သူ သေလူဟု ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ဘာကိုမှ စိတ်မဝင်စားတော့ဘဲ ဇရပ်နားသို့သာ လျှောက်လာခဲ့သည်။ ဇရပ်ပေါ်သို့ လှမ်းတက်လိုက်သည့်အခါ ဇရပ်ခေါင်းရင်းတွင် သံချိတ်ကောက်ဖြင့် ထွန်းထားသည့် မီးမှန်အိမ်လေးတစ်လုံးကို တွေ့လိုက်ရသည်။ မှန်အိမ်မှ ထွက်သည့် အလင်းကြောင့် ဇရပ်တစ်ခုလုံးကို တွေ့မြင်နေရသည်။

ဇရပ်ပေါ်တွင် မည်သူကိုမှ မတွေ့ရပေ။ ဇင်မင်းအောင်က ပေါက်ကွဲစွာပင် အော်ဟစ်လိုက်သည်။

"ဟေ့. . . ငါ့ကို ချိန်းထားပြီး ဘယ်သူမှ ရောက်မလာကြသေးပါလား။ ဟေ့. . . မိစ္ဆာမ ငါရောက်နေပြီလေ။ လိပ်ပြာနှုတ်မယ်ဆို လာနှုတ်စမ်းပါ။ သူရ. . . သူငယ်ချင်း မင်းရောက်မလာသေးဘူးလားကွ"

သူမည်သို့ပင် အော်ဟစ်နေသော်လည်း တုန့်ပြန်မှုကို မတွေ့ရပေ။ ထိုအချိန်တွင် နာရီသံချောင်းခေါက်သံ ဆယ့်နှစ်ချက်တိတိကို ကြားလိုက်ရပြီး ခဏအတွင်းမှာပင် ခုန်တက်လာသည့် အရိပ်သဏ္ဌာန်နှစ်ခုကို မြင်လိုက်ရသည်။ မိစ္ဆာမလှဥမ္မာနှင့် သူငယ်ချင်းသူရတို့ပင် ဖြစ်သည်။

မိစ္ဆာမက မျက်လုံးစိမ်းကြီးများနှင့် စူးစိုက်ကြည့်နေသည်။ အစိမ်းရောင် ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ဆံပင်ကို ဖားလျားချထားသည်။ သူရကမူ



သခင်မြင်တွေ့နေကျအတိုင်း မျက်လုံးဟောက်ပက်ကြီးနှင့်ပင် ဖြစ်သည်။

"ဟင်း. . . ဟင်း. . . ဟင်း အချိန်တိကျသားပဲကိုး၊ ကောင်းပြီ. . . ကျွန်မဘယ်သူဆိုတာရယ်နဲ့ အဖြစ်မှန်အားလုံးကို သူရပြောပြခဲ့လို့ ရှင်သိသွားပြီဆိုတော့ ရှင်ဘာများစောဒကတက်ချင်သေးလဲ"

"ငါ. . . ငါ ဘာမှ မပြောချင်တော့ပါဘူး"

"ရှင်ဟာ ကျွန်မဘဝပျက်အောင် ပြောခဲ့လို့ အပြစ်ရှိတယ်ဆိုတာကို ဝန်ခံရဲရဲ့လား"

"ငါယောကျ်ားပါ လှဥမ္မာ။ လုပ်ရဲရင် ခံရဲပါတယ်လို့ နင့်ကို ပြောခဲ့ဖူးသားပဲ။ ဘာမှ ထပ်မမေးနဲ့တော့"

"ဟင်း. . . ဟင်း. . . ဟင်း၊ သတ္တိခဲကြီးပါလားရှင်ရယ်၊ လိပ်ပြာနှုတ်ရမှာ သနားလိုက်တာရှင်"

ရက်စက်လွန်းလှသည့် မိစ္ဆာမကိုကြည့်ပြီး သူ့ဘဝနိဂုံးချုပ်ရတော့မည်မှန်း သူရိပ်မိလိုက်သည်။ သူရမျက်နှာပေါ်တွင် စိတ်မကောင်းသည့်အမူအရာကို တွေ့နေရသည်။ သူ့အကူအညီမပေးနိုင်သည့်အတွက် နားလည်ပေးရန် ပြောနေသည်ဟု ထင်မိသည်။

"သူရ. . . မင်းဘာမှ ငါ့အတွက် စိတ်မကောင်းဖြစ်မနေပါနဲ့။ မင်းလည်း ငါ့ကြောင့် မိစ္ဆာမ နှိပ်စက်တာကို ခံရပေါင်းများနေပြီ။ ဒီနေ့ညတနောက်ဆုံးပါပဲကွာ"

သူ့စကားအဆုံးတွင် သူရထံမှ သက်ပြင်းချသံပေါ်လာသည်။ အက်ကွဲနေသံကြီးဖြင့် မိစ္ဆာမကို ပြောဆိုလိုက်သည်။

"ဟင်း. . . စန္ဒာ နင်. . . နင် ဇင်မင်းအောင်ရဲ့ လိပ်ပြာကို မနှုတ်ပါနဲ့လို့ ငါတောင်းပန်ပါတယ်ဟာ"

"တောက်. . . နင် ဒီစကားပြောပြန်ပြီလား။ ပြီးတော့ နင်နဲ့

www.burmeseclassic.com

မထိုက်တန်တော့တဲ့ ခေါ်ပိုင်ခွင့်မရှိတဲ့ စန္ဒာဆိုတာကို မခေါ်ပါနဲ့လို့ ပြော ထားတယ် မဟုတ်လား။ နင်သေချင်ပြီနဲ့တူတယ် ဟုတ်လား။ ငါ့မှာ နာမည် ရှိတယ်။ လှဥမ္မာတဲ့ဟေ့"

"သူရ. . . သူမကြိုက်တဲ့အမည်ကို မခေါ်ပါနဲ့ကွာ။ သူ့မှာ စာနာတတ်တဲ့ နှလုံးသားတို့ အကြင်နာတို့ လုံးဝမရှိတော့ဘူး။ သူဟာ မိစ္ဆာမ လှဥမ္မာ ဖြစ်တယ်"

"ဟုတ်တယ်. . . ငါဟာ မိစ္ဆာမပဲ"

"ကောင်းပါပြီ သူငယ်ချင်း. . . ဒီမယ် လှဥမ္မာ. . . နင့်ဆီက ငါအခွင့် အရေးတစ်ခု တောင်းချင်တယ်"

"ဘာလဲ. . . ပြောစမ်း သူရ"

"နင်. . . နင် ဇင်မင်းအောင်ရဲ့ လိပ်ပြာကိုတော့ မနှုတ်ပါနဲ့ဟာ။ ပြီးတော့ ငါ့ကို နှိပ်စက်သလို ညှင်းဆဲသလို မလုပ်ပါနဲ့။ သူ့ဘာသာ သေဖို့ အခွင့်အရေးပေးလိုက်ပါလို့ ငါတောင်းပန်ပါတယ်"

သူရစကားအဆုံးတွင် မိစ္ဆာမက အသံနက်ကြီးနှင့် အော်ပယ်ပြောဆို တော့သည်။

"ဘာ. . . ဘာပြောတယ် သူရ. . . မဖြစ်ဘူး။ ငါအသေဆိုးနဲ့ သေခဲ့ ရသလို သူလည်း သေစေရမယ်။ သက်တောင့်သက်သာနဲ့ သေမယ့်အခွင့် အရေးမျိုးကို ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူးဟေ့"

"မလုပ်ပါနဲ့ဟာ. . . သူ့ကို လိပ်ပြာမနှုတ်ခင် အမျိုးမျိုးညှင်းဆဲဦးမှာ မဟုတ်လား။ ဥပမာ- ငါ့ကို မျက်လုံးဖောက်သလိုမျိုး. . ."

"တော်. . . တော် ငါဘာမှ မကြားချင်ဘူး သူရ"

"သူငယ်ချင်း သူရ. . . မင်းဘာမှ ပြောမနေနဲ့တော့ကွာ။ ဒီမှာ လှဥမ္မာ ငါတစ်ခုပြောပါရစေ"



"ပြောစမ်း. . . အချိန်သိပ်မရှိတော့ဘူး"

"ငါ့ဘာသာ ငါသတ်သေမယ်ဆိုရင်ကော နင်မကျေနပ်ဘူးလား"

သူ့စကားကိုကြားရသည့်အခါ လှဥမ္မာ၏မျက်လုံးများက ပိုပြီး အရောင် တောက်လာသည်ကို သူသတိထားလိုက်မိသည်။

"နင်က ဘယ်လို သတ်သေမှာလဲ။ နင် ငါတိုက်မယ့် အဆိပ်ကို သောက် ရဲပါ့မလား"

ဇင်မင်းအောင် မိစ္ဆာမစကားကြောင့် တွေးတောနေမိသည်။ အရှင် လတ်လတ် မျက်လုံးအဖောက်ခံရမည်နှင့်စာလျှင် အဆိပ်သောက်သေရသည်က သက်သာမှန်း သူသိလိုက်သည်။

ထို့ကြောင့် ချက်ချင်းပင် အဖြေပေးလိုက်သည်။

"ကောင်းပြီ. . . ပေးစမ်း နင့်အဆိပ် ငါသောက်ပြမယ်"

မိစ္ဆာမ၏လက်ထဲမှ ပုလင်းလေးတစ်လုံးကို မြင်လိုက်ရသည်။ ပုလင်း လေးထဲတွင် အဆိပ်ရည်များ အပြည့်ရှိသည်ကို သူသိလိုက်သည်။

"ရော့. . . သောက်ပေတော့။ ဒီအဆိပ်ဟာ အရောင်အဆင်းမရှိသလို အဝင်လည်းမဆိုးဘူး။ ရှင် သောက်ရဲပါ့မလား"

"သောက်ရဲတယ်ဟေ့. . . ပေးစမ်း"

ပြောပြောဆိုဆို မိစ္ဆာမလက်ထဲမှ ပုလင်းကို ယူလိုက်ပြီး မော့ချလိုက် လေတော့သည်။ ခဏအတွင်းမှာပင် အဆိပ်ကပြင်းထန်လှသည့်အတွက် ဇင်မင်းအောင် ထိုင်နေရာမှ လဲကျသွားလေတော့သည်။

ထို့နောက်တွင်ကား ဇရပ်ပေါ်တွင် အသက်ပျောက်နေသော ဇင်မင်း အောင်၏အလောင်းသာ ကျန်ခဲ့ပြီး သူရနှင့်လှဥမ္မာတို့သည် ပျောက်ခြင်း လှ ပျောက်ကွယ်သွားကြပါလေတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


## အခန်း-(၁၃)

မြို့တစ်မြို့မှာ ဂထတစ်ခုတွင် ဖြစ်သည်။ စုံထောက်မင်းကြီးက သူ့ရှေ့တွင်ထိုင်နေသည့် ဆားပုလင်းနေဦးကိုကြည့်ပြီး အရေးကြီးသည့် ကိစ္စကို ပြောဆိုလိုက်သည်။

"နေဦး. . . မန္တလေးကနေ ဒီကို ပြောင်းလာတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ လူကလေးကို တာဝန်ပေးရမှာတော့မှာပဲ"

"ကျွန်တော့်ကို ပေးမယ့်တာဝန်ကို အမိန့်ရှိပါ"

"လူကလေး မရောက်ခင် တစ်ရက်အလို ဖေဖော်ဝါရီ ၂၅ရက်ည မြန်မာလို လကွယ်နေ့ညမှာ မြို့ပြင်တောင်ခြေက ဇရပ်ထဲမှာ လူတစ်ယောက် အဆိပ်သောက်ပြီး သေဆုံးခဲ့တယ်။ ကျွန်ုပ်တို့ပုလိပ်အဖွဲ့ အလောင်းကိုတွေ့တဲ့အချိန်က မနက် ၇နာရီမှာဖြစ်တယ်။ အလောင်းကို စစ်ဆေးချက်အရ သေဆုံးခဲ့တာ ငါးနာရီ ဒါမှမဟုတ် ခြောက်နာရီလောက်ရှိပြီလို့ သိရတယ်။ ဒီတော့ ခန့်မှန်းကြည့်ရတာ ညဆယ့်နှစ်နာရီနဲ့ တစ်နာရီအတွင်းမှာ သေဆုံးခဲ့တယ်လို့ အနီးစပ်ဆုံး ခန့်မှန်းနိုင်ခဲ့တယ်"

"စုံထောက်မင်းကြီးခင်ဗျာ. . . သေတဲ့လူက ဘယ်သူလဲ။ နာမည်က ဘယ်လိုခေါ်သလဲ"

"ဒီမြို့မှာ တာဝန်ထမ်းဆောင်နေတဲ့ အရာရှိတစ်ယောက်ပါ။ နာမည်က ဇင်မင်းအောင်လို့ခေါ်တယ်"

"ဟင်. . . ဇင်မင်းအောင် ဟုတ်လား ခင်ဗျာ။ သူ. . . သူက ကျွန်တော်နဲ့ သူငယ်ချင်းပါပဲ ခင်ဗျာ"

"ဟုတ်လား. . . ဒါဆို ပိုပြီးကောင်းတယ်။ လူကလေးအနေနဲ့ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ်၊ တာဝန်ရှိတဲ့လူတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် ဒီကိစ္စကို စုံစမ်းဖော်ထုတ်ပါ။ ကျွန်ုပ်တို့ အဓိက သိချင်တာက ဇင်မင်းအောင်သေတာဟာ ရိုးသားရဲ့လား၊ တစ်မြို့လုံးပြောနေကြသလို ဝိညာဉ်အစွဲကြောင့် စိတ်ကစဉ့်ကလျားဖြစ်ရာက အဆိပ်သောက်ပြီး သေသွားတာလား။ ဒါမှမဟုတ် တစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခုရဲ့ ပယောဂကြောင့် သေရတာလားဆိုတာ သိချင်တယ်"

"ဟုတ်ကဲ့ စုံထောက်မင်းကြီး. . . ကျွန်တော် ဇင်မင်းအောင်ကိစ္စကို အမြန်ဆုံးအမှုမှန်ပေါ်လာအောင် ဖော်ထုတ်ပေးပါ့မယ်။ ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပြီ. . . ဆက်လုပ်ပါ"

ဆားပုလင်းနေဦး မင်းကြီးအခန်းထဲမှ ထွက်လာခဲ့သည်။ သူငယ်ချင်းအတွက် စိတ်မကောင်းခြင်းကြီးစွာ ခံစားရသည်။ သည်ကိစ္စကို ယခုမှသာ ကြားရခြင်းဖြစ်သည်။ သူမန္တလေးမှ ပြောင်းလာခဲ့သည်မှာ စာရင်းအရသာ တစ်ပတ်ပြည့်ခဲ့သော်လည်း လူကိုယ်တိုင်ကမူ ညကမှ ရောက်လာခြင်း ဖြစ်သည်။

နေဦးလည်း သူနေရမည့် တစ်ထပ်တိုက်ကလေးရှိရာသို့ ရောက်လာသည်။ တိုက်ပုလေးရှေ့တွင် အိုက်ပီသိန်းဦးကို တွေ့လိုက်ရသည်။

"အိုင်ပီသိန်းဦး. . . ဇင်မင်းအောင်ကိစ္စ ဘာထူးသလဲ၊ အသုဘကော ဘယ်တုန်းက ချသလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com

"မနေ့ကပဲ။ အသုဘက အရမ်းစည်တယ်ဗျ၊ သူတို့ရုံးက အရာရှိတွေ တင်မကဘူး၊ ဒီမြို့က လူတွေအတော်များများလိုက်ပို့ကြတယ်။ ဒီလူ လူချစ်လူခင်တော်တော်ပေါတာပဲ။ ထူးခြားတာကိုပြောရရင် အသုဘလိုက် သူတွေထဲမှာ အစိမ်းရောင်ဝမ်းဆက် ဝတ်ဆင်ထားတဲ့ အမျိုးသမီးတစ် ယောက်ကို တွေ့ရတယ်"

"အစိမ်းရောင်ဝမ်းဆက်နဲ့ ဟုတ်လား။ သူ့နာမည်ကိုကော သိသလား အိုင်ပီသိန်းဦး"

"မြပုဏ္ဏမာလို့ ခေါ်တယ်ခင်ဗျာ၊ ပြောင်းလာတာ မကြာသေးဘူး။ မုဆိုး လေးကလို့ သိရတယ်"

အိုင်ပီသိန်းဦး၏စကားကြောင့် ဆားပုလင်းနေဦး၏ မျက်လုံးအစုံတွင် မျှော်လင့်ချက်ရောင်ခြည် တောက်ပလာသည်။ လွန်ခဲ့သည့် နှစ်ပတ်လောက်က ဇင်မင်းအောင် ဖုန်းဆက်မေးခဲ့သည့် အမည်ကို သူပြန်ပြီး အမှတ်ရလာသည်။

"လာဗျာ. . . အိုင်ပီသိန်းဦး၊ ခင်ဗျားနဲ့ကျွန်တော် တိုင်ပင်စရာ ရှိတယ်ဗျာ"

ဧည့်ခန်းထဲတွင် ဆက်တီတစ်စုံခင်းထားသည်။ သူက အိုင်ပီသိန်းဦးကို ထိုင်ရန် လက်ပြလိုက်ပြီးနောက် သူလည်း ထိုင်လိုက်သည်။

"အိုင်ပီသိန်းဦးကို မေးရဦးမယ်။ လှဥမ္မာဆိုတဲ့နာမည်ကိုကော ကြား ဖူးလား"

"ကြားဖူးပြီလားဗျာ. . . ( )မြို့က မဟူရာတည်းခိုခန်း အခန်း ၁၃မှာ သေသွားတာပဲ။ မန္တလေးကတဲ့။ ပြီးတော့ အဲ့ဒီအခန်းက သရဲခြောက်လွန်းလို့ ပိတ်တောင်ထားလိုက်ရတယ်။ ဒါတွေ ဘာကြောင့်မေးနေတာလဲ"

"ဇင်မင်းအောင်ရဲ့အမှုကို ကိုင်တွယ်ဖို့ စုံထောက်မှူးကြီးက ခုနကပဲ တာဝန်ပေးလိုက်တယ်။ ကဲဗျာ. . . ဒီလောက်သိရတာ အမြတ်ပဲ အိုင်ပီ



သိန်းဦး"

အိုင်ပီသိန်းဦး ပြန်သွားသည်နှင့် သူက အဝတ်အစားလဲလိုက်ပြီး ဒရင်း ခုတင်ပေါ်တွင် အနားယူရင်းက စဉ်းစားနေသည်။

"ဇင်ကြီး ဘာဖြစ်လို့ ကိုယ်ကိုယ့်ကို အဆိပ်သောက်ပြီး သေသွားတာလဲ။ ဟိုကောင်ကြီးမှာ စိတ်ဆင်းရဲစရာ ဘာအကြောင်းတွေ ရှိလို့ပါလိမ့်။ အဲ့ဒီ အချက်ကိုသိအောင် ငါစုံစမ်းရမယ်။ ပြီးတော့ သေတဲ့နေရာကလည်း ဇရပ်ထဲ မှာ ဆိုပါလား။ အရာရှိတစ်ယောက်နဲ့ ဒီနေရာဟာ ဘယ်လို ဆက်စပ်နေလဲ။ စိတ်ဆင်းရဲလို့ သေကြောင်းကြံရင်လည်း အိမ်မှာပဲ သေရမှာ။ အခု ဇရပ်ထဲ ကိုသွားပြီး အဆိပ်သောက်သေတယ်ဆိုကတည်းက ဒီကြားထဲမှာ မြုပ်ကွက်တွေ ထူးခြားတဲ့ဖြစ်စဉ်တွေ ရှိရမယ်။ ပြီးတော့ မြပုဏ္ဏမာ. . ."

ဆားပုလင်းနေဦး၏ ဦးနှောက်ထဲသို့ ဇင်မင်းအောင်နှင့် ပတ်သက်သည့် အဟောင်များက တစ်ခုပြီးတစ်ခု ဝင်ရောက်လာသည်။ သဲလွန်စ ရနိုင်စည့် အကြောင်းအရာတစ်ရပ်က တိုးဝင်လာပြန်သည်။ ထို့ကြောင့် ချက်ချင်းပင် မန္တလေးသို့ သံကြိုးရိုက်လိုက်သည်။ တစ်ဘက်မှ ဖြေကြားသည့်စကားတို့ကို ကြားလိုက်ရသည့်အခါတွင်ကား မျက်နှာပေါ်တွင် ကျေနပ်သည့် အရိပ် အယောင်များပေါ်လာပြီး ခေါင်းကိုပင် ညိတ်လိုက်မိသည်။

"ကျေးဇူးပါပဲ ခင်ဗျာ"

မထင်မှတ်သည့် သဲလွန်စကို သူရရှိလိုက်ခြင်းပင်ဖြစ်သည်။

သာမာန်အရပ်ဝတ်ဖြင့်ပင် ဇင်မင်းအောင်အိမ်သို့ ထွက်လာခဲ့သည်။ သူ့ကို စုံထောက်တစ်ဦးဖြစ်ကြောင်း မည်သူမျှ မသိကြပေ။

ဇင်မင်းအောင်၏အိမ်ရှေ့သို့ရောက်သောအခါ အိမ်တံခါးပိတ်ထား သည်ကို တွေ့လိုက်ရသည်။ ဇင်မင်းအောင်အိမ်နှင့်ကပ်လျက်အိမ်မှ အမျိုးသမီး သူ့ကို အကဲခတ်ကြည့်ပြီး မေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com


"မောင်လေး. . . ဘယ်သူနဲ့တွေ့ချင်လို့လဲကွယ်"

"ကျွန်တော်က သေဆုံးသွားတဲ့ ဇင်မင်းအောင်ရဲ့ သူငယ်ချင်းပါ အစ်မ"

"ဟင်. . . ဟုတ်လား မောင်လေး၊ အေးကွယ်. . . မောင်လေးသူငယ်ချင်းရဲ့အဖြစ်က တကယ့်ကို ရင်နာစရာပါပဲကွယ်၊ မောင်လေးနာမည်က ဘယ်လိုခေါ်သလဲ။ ဘယ်မှာနေသလဲဆိုတာ ပြောစမ်းပါဦး"

"ကျွန်တော့်နာမည်က နေဦးပါ။ မန္တလေးက မနေ့ကမှ ရောက်လာတာပါ အစ်မ"

နေဦးက အလုပ်အကိုင်ကို မပြောသေးဘဲ လျှို့ဝှက်ထားလိုက်သည်။ အမျိုးသမီးတွင် ပြောစရာများရှိမှန်း သူအကဲခတ်မိသည်။ ထို့ကြောင့် ရှေ့တွင်ရပ်နေရာက အမျိုးသမီးဆီသို့ လျှောက်သွားလိုက်သည်။

"လာ. . . လာ မောင်လေး. . . အိမ်ပေါ်ကိုတက်ပါဦး"

"မင်းသူငယ်ချင်းနဲ့ပတ်သက်ပြီး အစ်မမှာ ပြောစရာစကားတွေ အများကြီးရှိတယ်ကွယ့်"

"ဟုတ်ကဲ့အစ်မ"

အိမ်ပေါ်တွင် ဆယ်နှစ်ရွယ်ကလေးတစ်ယောက်နှင့်အတူ အဖွားကြီးတစ်ယောက်ကိုပါ တွေ့လိုက်ရသည်။

"သား. . . ခြံထဲမှာ သွားကစားနေဦး"

"ဟုတ်ကဲ့. . . မာမီ"

"ထိုင်ပါ မောင်လေး. . . ဒါက အစ်မရဲ့ အမေပါ"

သူထိုင်ပြီးသည်နှင့် အမျိုးသမီးက ပြောလာတော့သည်။

"မင်းသူငယ်ချင်းသေရတာဟာ မကောင်းဆိုးဝါး သရဲတစ္ဆေတွေကြောင့်ပဲ မောင်လေး"

"ဗျာ. . . ဟုတ်လား၊ မကောင်းဆိုးဝါးကြောင့် သေရတယ်လို့ အစ်မက ဘာကြောင့် ပြောနိုင်တာလဲ"

'သိပ်ပြောနိုင်တာပေါ့ကွယ်၊ မင်းသူငယ်ချင်းကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး သူ့ဘာသာ သတ်သေချင်စိတ်ပေါက်အောင်လုပ်ခဲ့တာ မကောင်းဆိုးဝါးမတစ်ကောင်ပဲ ဖြစ်တယ်"

အမျိုးသမီး၏စကားကြောင့် နေဦးအံ့အားသင့်သွားသည်။

"မကောင်းဆိုးဝါးလို့ပြောရပေမယ့် အဲဒီဟာမက အစိမ်းရောင်ဝမ်းဆက်ဝတ်ထားတယ်။ အဲဒီဟာမကို အစ်မသားလေးကိုယ်တိုင် မြင်ခဲ့ဖူးတယ်။ ပြီးတော့ မောင်ဇင်မင်းအောင် အိမ်ထဲမှာနေရင်း အော်ဟစ်ပြောဆိုနေတာကို အစ်မတို့အိမ်က အတိုင်းသား ကြားနေရတာမဲ့ မဟုတ်လား"

"ဟုတ်တယ် လူလေး၊ သမီးပြောတာ အမှန်ပဲကွယ့်၊ တစ်ခါတစ်လေဆိုရင် အသံနက်ကြီးနဲ့ အော်သံကိုပါ ကြားရတယ်"

ဆားပုလင်းနေဦးအတွက် ထူးခြားသည့် သတင်းပင် ဖြစ်သည်။ သူ့အတွက် တန်ဖိုးအရှိဆုံးက အစိမ်းရောင်ဝမ်းဆက်ဝတ်ထားသည်ဆိုထည့် သရဲမပင်ဖြစ်သည်။

"အခုလိုပြောပြတာ ကျေးဇူးပါပဲ အစ်မရယ်။ ကျွန်တော် ဇင်မင်းအောင်နေတဲ့ ခြံဝန်းထဲသွားပြီး ကြည့်ချင်လို့ ခွင့်ပြုပါဦး ခင်ဗျာ"

"အေးကွယ်. . . မောင်လေးကို ပြောရဦးမယ်။ တကယ်လို့ လိုအပ်မယ်ဆိုရင် အစ်မဆီမှာ သော့ရှိတယ်။ ယူသွားမလား မောင်လေးရဲ့ ရဲရည်နဲ့ အပြောအဆိုရယ်၊ သူငယ်ချင်းဆိုတာကို ယုံကြည်လို့ အိမ်တံခါးသော့ကို လိုရင် ယူသွားပါ။ ဌာနဆိုင်ရာအကြီးအကဲက သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ထိုင်ရှိလို့ လာရောက်စစ်ဆေးတဲ့အခါ အလွယ်တကူရအောင် အစ်မတို့ဆီ သော့ပေးထားတာလေ။ အစ်မ ခင်ပွန်းက အရာရှိပဲကွယ့်"

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲ။ လိုအပ်ရင် ကျွန်တော်လာယူပါ့မယ် ခွင့်ပြုပါဦး"

www.burmeseclassic.com

"တောင်းပါပြီကွယ်"

နေဦးလည်း ဇင်မင်းအောင်ခြံထဲသို့ ရောက်လာသည်။ မျက်စိလျှင်သည့် နေဦးက သဲမြေပေါ်မှ ခြေရာကြီးနှစ်ခုကို တွေ့လိုက်ရသည်။ သည်ခြေရာကို ထူးခြားသည်ဟု ယူဆထားလိုက်သည်။ တခြားသဲလွန်စများကို တစ်ခြံလုံး ထည့်ပတ်ရှာဖွေကြည့်လိုက်သည်။ ခြံအနောက် သဲမြေပေါ်တွင် ခြေရာကြီး တစ်စုံနှင့်အတူ ရေးခြစ်ထားသည့် စာအချို့ကို တွေ့လိုက်ရသည်။ စာက ဖတ်လို့ရသေးသည်။

"လကွယ်နေ့ည သန်းခေါင်ယံ ဇရပ်ထဲမှ ကလေးစားချေပွဲ"

သည်စာတမ်းကို ဖတ်လိုက်ရသည့်အခါ ဆားပုလင်းနေဦး၏ မျက်လုံး များက ပိုမိုစူးရှလာသည်။ အိမ်ခြံဝန်းထဲမှ အမှုကိစ္စနှင့်ပတ်သက်ပြီး သဲလွန်စ အချို့ကို ရရှိလိုက်သည်။

ဇင်မင်းအောင် ကိုယ်တိုင်အဆိပ်သောက်သေကြောင်းကြံခဲ့သည့် နောက်ကွယ်တွင် သူမသိသေးသည့် လျှို့ဝှက်ချက်များ ကျိန်းသေရှိမည်ဟု သူ ခန့်မှန်းတွက်ဆနိုင်လိုက်သည်။ သဲမြေပေါ်မှစာက မည်သည့်အဓိပ္ပါယ် ဆောင်မှန်း သူရိပ်မိလိုက်သည်။ သည်အတိုင်းဆိုလျှင် ဇင်မင်းအောင် အဆိပ် သောက်သည်က ဝိညာဉ်ကြောင်းလား၊ ကိုယ်ရေးကိုယ်တာ အရေးကိစ္စကြောင့် လားဆိုသည်ကို တွဲကွဲပြားပြားသိအောင် စုံစမ်းဖော်ထုတ်ရမည့် တာဝန်က သူ့အပေါ် ပုံကျလာပြီ ဖြစ်သည်။ နောက်ထပ် သဲလွန်စ တွေ့လိုတွေ့ငြား တစ်ခြံလုံးကို မွှေနှောက်ရှာသော်လည်း ဘာမှမတွေ့ရတော့ပေ။ ထို့ကြောင့် နောက်ဖက်ခြံမှ မိသားစုကို နှုတ်ဆက်ကာ ပြန်လာခဲ့ပါလေတော့သည်။

➤ ➤ ➤



## အခန်း-(၁၄)

ဇင်မင်းအောင် အဆိပ်သောက်သေသွားခဲ့သည့် ဖြစ်ရပ်ကို သူစုံစမ်း ခဲ့သည်မှာ ယခုဆိုလျှင် တစ်ပတ်ရှိခဲ့လေပြီ။ သို့သော် အရေးကြီးသည့် သဲလွန်စ ကိုမူ ရှာ၍ မရသေးပေ။ နေဦးတစ်ယောက် ရထားသမျှ သဲလွန်စတို့ကို ဆက်စပ်စဉ်းစားနေသော်လည်း ကွင်းဆက်တို့က တစ်ခုနှင့်တစ်ခု ပြတ် တောက်နေသည်။

ဇင်မင်းအောင် အဆိပ်သောက်သေဆုံးသည့်ကိစ္စတွင် မိန်းကလေး တစ်ယောက် ပါဝင်နေမှန်း သူသိလိုက်ရသည်။ ထိုမိန်းကလေးသည် အစိမ်း ရောင်ဝတ်စုံကို အမြဲတမ်းဝတ်ဆင်တတ်သည့် မိန်းမချောလား၊ သို့မဟုတ် တခြားတစ်ယောက်လားဆိုသည်ကို သူသိအောင် စုံစမ်းရဦးမည်။

ထို့အပြင် ယခုဖြစ်ရပ်၌ ပရလောကသား သရဲတစ္ဆေတို့၏ လက်ချက်ဟု သတင်းပေးသည့် အမျိုးသမီးကြီး၏ စကားကိုလည်း သူစဉ်းစားနေသည်။

သရဲတစ္ဆေကြောင့် သေဆုံးခဲ့ရသည်ဆိုသည့် စကားကို သူ အနေနှင့် မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ခဲ့ပေ။

သို့သော် ယုံကြည်သော်လည်း လုံးလုံးလျားလျား မဖြစ်ပေ၊ အစိမ်း သဲလွန်စ

www.burmeseclassic.com

ရှိနိုင်သည့်နေရာတို့ကို နေဦးက ဦးနှောက်ထဲမှာ တွက်ချက်ကြည့်နေမိသည်။ ထိုစဉ် သူရှိရာသို့ အိုင်ပီဘမြင့်ရောက်လာပြီး သတင်းပေးလာသည်။

"ကိုနေဦး. . . သတင်းထူးတယ်ဗျ"

"ဘာသတင်းထူးလဲ အိုင်ပီ"

"ဒီလိုဗျ. . . ကိုဇင်မင်းအောင်ရဲ့ အိမ်ခြံထဲကို ညဘက်မှာ လူကပ်တာ တွေ့ရတယ်တဲ့ဗျ"

"ဘယ်သူက ဒီသတင်းကို ပေးတာလဲ"

"ကိုဇင်မင်းအောင် အိမ်ရှေ့က အရာရှိဇနီးမောင်နှံတို့ပဲ။ ပြီးတော့ အရာရှိဟောင်းတစ်ဦးကလည်း သူ ညဘက်ဆယ်နာရီလောက် အဲဒီ အိမ်ရှေ့က ဖြတ်အလာ ခြံထဲက ထွက်ပြေးသွားတဲ့ လူတစ်ယောက်ကို တွေ့ရတယ်တဲ့။ ကျွန်တော့်အမြင့်ကိုပြောရရင် အရာရှိကြီးလင်မယားနဲ့ အရာရှိဟောင်းတို့က သိသွားလို့ ထွက်ပြေးတာပဲ ဖြစ်မယ်ထင်တယ်"

"ဟုတ်တယ်. . . အိုင်ပီပြောတာ ဖြစ်နိုင်တယ်။ အိမ်ကပ်တဲ့သူမှာ ရည်ရွယ်ချက်ရှိရမယ်။ သူ့ရဲ့ရည်ရွယ်ချက်က ဘာဖြစ်နိုင်မလဲ။ အိမ်ထဲ ဝင်ဖို့ ကြိုးစားတာကော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ်၊ အရာရှိဇနီးမောင်နှံပြောပြတာက သူတို့လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တဲ့အခါ အစိမ်းရောင်ဝမ်းဆက်နဲ့ အမျိုးသမီးတစ်ယောက် ထွက်ပြေးသွားတာ တွေ့လိုက်ရတယ်တဲ့"

သည်စကားကိုကြားလိုက်ရသည့်အခါ နေဦးတစ်ယောက် မျက်မှောင်ကုတ်စဉ်းစားနေရင်းမှ လက်ဖျောက်တီးလိုက်သည်။

"ဖျောက်. . . ဟုတ်ပြီ အိုင်ပီ၊ ဒီသတင်းက အရမ်းတန်ဖိုးရှိတယ်။ အခုအတိုင်းသာဆိုရင် အရာရှိဟောင်းကြီးမြင်ရတာက တစ်ယောက်၊ အရာရှိလင်မယားတွေ့လိုက်တာက တစ်ယောက်၊ ဒီနှစ်ယောက်ဟာ အတူတူပဲလား၊



ဒါမှမဟုတ် တခြားတစ်ယောက်လား။ သူတို့မှာ ဘာရည်ရွယ်ချက်တွေ ရှိသလဲဆိုတာ သိအောင်ဖော်ထုတ်ရမယ်။ ကိုင်း. . . အရေးကြီးတယ် အိုင်ပီ၊ ဇင်မင်းအောင်ရဲ့အိမ်ကို ရှာဖွေကြရအောင်၊ ကျွန်တော်တို့သွားကြမယ်"

ဆားပုလင်းနေဦးတို့နှစ်ယောက် ဝန်ထမ်းတန်းလျားဘက်သို့ လာခဲ့ကြသည်။

တိုက်ဆိုင်သည်ဟုပင် ဆိုရမည်။ သူတို့နှစ်ယောက်ရောက်လာသည့် အချိန်တွင် ဇင်မင်းအောင်အိမ်ဘေးမှ အရာရှိကတော်၏အိမ်တွင် အန်ကယ်ကြီးတစ်ယောက်ကိုပါ တွေ့လိုက်ရသည်။

"ဩော်. . . ငါ့မောင်က ဆားပုလင်းတစ်ဦးပဲကိုး"

"ဟုတ်ပါတယ် အစ်မ. . . ကျွန်တော်က ဆားပုလင်းနေဦးပါ"

"အတော်ပဲ မောင်လေး. . . ဒီက အန်ကယ်က အရာရှိဟောင်းကြီးဦးဘမောင်လို့ခေါ်တယ်ကွယ့်"

"ကျွန်တော်နာမည်က နေဦးပါ။ သေဆုံးသွားခဲ့တဲ့ ဇင်မင်းအောင်ရဲ့ သူငယ်ချင်းပါ ခင်ဗျာ"

"အေးကွယ်. . . တူမောင်လို နာမည်ကျော်စုံထောက်တစ်ယောက် အနေနဲ့ သိရလို့ အန်ကယ်ဝမ်းသာပါတယ်။ ပြီးတော့ အန်ကယ်မှာ ပြောစရာတွေလည်းရှိတယ်။ ဇင်မင်းအောင်ရဲ့ သူငယ်ချင်းဆိုတော့ ပိုကောင်းတာပေါ့လေ"

"ဟုတ်ကဲ့. . . ကျွန်တော့်မှာ တာဝန်ဝတ္တရားအပြင် သူငယ်ချင်းဆိုတဲ့ သံယောဇဉ်အရ ဒီကိစ္စကို အမှုမှန်ပေါ်တဲ့အထိ ဖော်ထုတ်နိုင်အောင် ကြိုးစားနေပါတယ် ခင်ဗျာ"

"ဒီလိုကွယ့်. . . မောင်ဇင်မင်းအောင်ကိုကြည့်ရတာ တော်တော်ကြီးတို့ ထိတ်လန့်ချောက်ချားနေပုံရတယ်။ အန်ကယ် မင်းသူငယ်ချင်းနဲ့ နှစ်ခါ

www.burmeseclassic.com



လောက် စကားပြောကြည့်ခဲ့ဖူးတယ်။ ပထမအကြိမ်က လမ်းမှာပါ၊ အဲဒီ တုန်းက အစိမ်းရောင်ဝမ်းဆက်နဲ့ မိန်းကလေးကို သူလိုက်ရှာနေတုန်းတယ်။ အန်ကယ်အနေနဲ့ အကဲခတ်ကြည့်ရတာ သူ့ကို တစ်စုံတစ်ယောက်က စိတ် ဒုက္ခရောက်အောင် နှောင့်ယှက်နေတယ်လို့ ကွက်မိတယ်။ အဲ့ဒီ တစ်စုံတစ် ယောက်ဆိုတာဟာ သူယုံကြည်နေတဲ့ ဝိညာဉ်၊ သရဲတစ္ဆေတော့ မဖြစ်နိုင်ဘူး"

"ကျွန်တော်လည်း အန်ကယ်အယူအဆကို လက်ခံပါတယ်။ ဒါနဲ့ အန်ကယ် ညဘက်မှာတွေ့လိုက်တဲ့လူကိုကော မှတ်မိပါ့မလား"

"ညအမှောင်ထဲမှာဆိုတော့ မမှတ်မိဘူး။ ပြီးတော့ အန်ကယ်ကို မြင် တာနဲ့ ချက်ချင်းထွက်ပြေးသွားတာ မဟုတ်လား"

"ကျေးဇူးပါပဲ အန်ကယ်၊ အခု ကျွန်တော်တို့လာတာက ဇင်မင်းအောင်ရဲ့ အိမ်ကို ရှာဖွေဖို့ပါ။ မကြာခင် ဂိတ်က ပုလိပ်အဖွဲ့တွေလည်း ရောက်လာကြ လိမ့်မယ်။ အန်ကယ်နဲ့ အစ်မတို့လည်း သက်သေအနေနဲ့ လိုက်ခဲ့ပါခင်ဗျာ"

ထိုသို့ဖြင့် တံခါးပိတ်ထားသည့် သော့ခလောက်ကို ဖွင့်ပြီး ဝင်လာခဲ့ ကြသည်။ တစ်အိမ်လုံးကို အနှံ့လိုက်ရှာကြည့်ရာ အခြားသဲလွန်စ အထောက် အထားကို မတွေ့ခဲ့ရသော်လည်း ဇင်မင်းအောင်အိပ်ခန်းထဲမှ ဒိုင်ယာရီ စာအုပ်လေးကို သူ ရခဲ့သည်။ ဒိုင်ယာရီထဲတွင် ဇင်မင်းအောင်က သူ့အတွေ့ အကြုံနှင့် ထူးခြားသည့်ဖြစ်စဉ်၊ ခံစားချက်[illegible] ပွင့်ပွင့်လင်းလင်း ရေးသား ထားသည်ကို ဖတ်ရှုလိုက်ရသည်။

တချို့နေရာများတွင် ရက်စွဲနှင့်တကွ အတိအကျရေးသားထားသည်။ ဆားပုလင်းနေဦးအတွက် အဖိုးတန်သည့် သတင်းအချက်အလက်တို့ကို ဒိုင်ယာရီထဲမှ သိလိုက်ရသည်။ အရေးကြီးသည့်အချက်ကတော့ လှဥမှာ သို့မဟုတ် မြစန္ဒာ၊ သူရနှင့် ဇင်မင်းအောင်တို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းပင် ဖြစ်ပါတော့သည်။



ယခုအခါ သူ့အတွက် တော်တော်များများ ပြတ်နေသည့် ကွင်းဆက် ...ို့ကို ဆက်စပ်တွေးတောနိုင်ခဲ့လေပြီ။ ဒိုင်ယာရီစာအုပ်လေး၏ ကျေးဇူး ...ကြောင့်ပင်ဖြစ်သည်။

သူတင်ပြသည့် အကြောင်းအရာတို့ကို စုံထောက်မင်းကြီးက စိတ်ပါ ...င်စားစွာ နားထောင်နေသည်။

"အဲဒါပါပဲ ခင်ဗျာ။ ဒီကိစ္စမှာ ဇင်မင်းအောင်တင်မကဘဲ သူရ ကားမှောက် ...သရတဲ့အကြောင်းကိုလည်း သိခဲ့ရပါတယ်"

"ဟုတ်ပြီ လူကလေး. ... သူရကားမှောက်ပြီး သေခဲ့တာ အက်ဆီးဒင့် ...ကြောင့်လို့ ယူဆထားခဲ့တာ ဒီအတိုင်းဆိုရင် တစ်စုံတစ်ယောက်ရဲ့ ပယောဂ ...ကြောင့်ဆိုတာ ထင်ရှားနေတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ. . . ဘာဆက်လုပ်ရမလဲဆိုတာ အမိန့်ရှိပါ"

"ရှင်းပါတယ်. . . လူကလေးအနေနဲ့ အမှုကို ခိုင်လုံအောင် တည်ဆောက် ...ပြီးတော့ အစိက တရားခံတွေကို ဖမ်းဆီးနိုင်အောင် ထိုက်သင့်တဲ့ မြစ်ဒက် ...ပးနိုင်အောင် ဆက်ပြီးကြိုးစားဖို့ပါပဲ"

"ကောင်းပါပြီ ခင်ဗျာ"

ဆားပုလင်းနေဦးသည် စုံထောက်မင်းကြီးအား နှုတ်ဆက်ကာ အခန်း ...ထဲမှ ပြန်လည်ထွက်လာခဲ့ပါတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၁၅)

ညက တိတ်ဆိတ်ငြိမ်သက်နေသည်။ ဝန်းကျင်တစ်ခွင်လုံး အမှောင်ထုက ကြီးစိုးနေသည်၊ မြို့ပြင်တောင်ခြေရင်းရှိ ဇရပ်ကြီးဆီသို့ လူတစ်ယောက် တဖြည်းဖြည်း ချဉ်းကပ်လာသည်။

တစ်ကိုယ်လုံး အနက်ရောင်ကို ဝတ်ထားသည့်အတွက် မည်သူကမျှ သူ့ကို မြင်ရမည်မဟုတ်ပေ။ ထိုနေရာသည် နေ့ခင်းဘက်မှာတောင် လူပြတ်သည့်နေရာဖြစ်သည်။ ထို့ပြင် ဒီဇရပ်ကြီးတွင် ဇင်မင်းအောင် အဆိပ်သောက်သေဆုံးခဲ့သည်ကို တစ်မြို့လုံးသိသောကြောင့် မည်သူမှလည်း မလာရဲကြပေ။

မည်သူမှမလာရဲသည့်နေရာသို့ လူတစ်ယောက် ရောက်လာသည်၊ သူက အမှောင်ထဲမှာပင် မျက်စိက ကျင့်သားရနေသည်။ ကြောင်တစ်ကောင်တဲ့သို့ ဇရပ်ပေါ်သို့ ခုန်တက်သွားသည်၊ ထိုသူက ဘေးအိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်၊ အသေးစားလက်နှိပ်ဓာတ်မီးပင်ဖြစ်သည်။

သူက ဇရပ်ပေါ်တွင် သူလိုချင်သည့် ပစ္စည်းကို သဲသဲမဲမဲ လိုက်ရှာဖွေနေသည်၊ သူလိုချင်သည့်ပစ္စည်းကို မတွေ့ရသည့်အတွက် စိတ်ပျက်လက်ပျက်



ညည်းညူလိုက်လေသည်၊

"ဟင်း. . . ဇရပ်ကြီးတစ်ခုလုံးလည်း နှံ့နေပြီ၊ ငါလိုချင်တာတို့ အခုထိ ရှာလို့ မတွေ့သေးပါလား၊ တစ်နေရာရာမှာတော့ ရှိရမယ်၊ စဉ်းစားစမ်း ငါလိုချင်တဲ့ပစ္စည်း ဘယ်နေရာမှာ ရှိနိုင်မလဲ"

သူကတွေးတောနေရင်းမှ မကြာမီ ပစ္စည်းရှိနိုင်မည့် နေရာကို ခန့်မှန်းနိုင်လိုက်သည့်အတွက် ဇရပ်ပေါ်မှ လျင်မြန်စွာ ဆင်းလာပြီး နေရာအနှံ့ ရှာဖွေလိုက်လေသည်၊

တစ်နေရာတွင် သူလိုချင်သည့်ပစ္စည်းကို တွေ့လိုက်ရသည့်အတွက် မြေကြီးပေါ်တွင်ကျနေသည့် ပစ္စည်းလေးကို လက်ကိုင်ပဝါနှင့်အုပ်ပြီး ယူလိုက်သည်။ သူ့ဆန္ဒပြည့်ဝသွားပြီ ဖြစ်သည့်အတွက် သူက အမှောင်ထဲမှာပင် ပြုံးလိုက်သည်။ ထို့နောက် လာလမ်းအတိုင်း အမှောင်ထဲသို့ တိုးဝင်သွားပါလေတော့သည်။

နေဦးတစ်ယောက် သည်နေ့ဘယ်ကိုမှမသွားဘဲ အိမ်ထဲတွင်ထိုင်၍ ဇင်မင်းအောင်အကြောင်းကို တွေးတောစဉ်းစားနေမိသည်။

"ဒီကောင်ကြီး မသေသင့်ဘဲ သေခဲ့ရတာပါလား၊ ငါ့ဆီ သံကြိုးရိုက်ပြီး မေးတုန်းကသာ ဒီအကြောင်းတွေ ဖွင့်ပြောခဲ့မယ်ဆိုရင် ဒီလိုအဖြစ်ဆိုးနဲ့ သေရမှာ မဟုတ်ဘူး။ မင်းဘာကြောင့် ဒီလောက် အယူသီးခဲ့ရတာလဲကွာ၊ သရဲတစ္ဆေကို မင်းလောက်မယုံတဲ့ကောင် ရှိမှာတော့ မဟုတ်ဘူး၊ ယုံတယ် ယုံတော့လည်း တစ်ဖက်စွန်းရောက်အောင် ယုံကြည်ခဲ့တာပါလား၊ ဘာမှ မပြောပလောက်တဲ့အဖြစ်လေးကို ရောမအဖြစ်ကြီးလို့ မင်းဘာကြောင့် ထင်ခဲ့ရတာလဲ ဇင်ကြီးရာ"

ဆားပုလင်းနေဦး၏ စိတ်ထဲတွင် သူငယ်ချင်းအတွက် စိတ်မကောင်းများစွာ ခံစားလိုက်ရသကဲ့သို့ သည်ကိစ္စဖြစ်ပေါ်အောင် ဖန်တီးလုပ်ဆောင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သူများကိုလည်း ထိရောက်သည့် အပြစ်ဒဏ်ကျခံရအောင် ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်လေသည်။ တစ်ဖက်မှ ဖိအားပေးသည့်ဒဏ်ကို မခံနိုင်တော့သည့်အဆုံး အရှုံးပေးလက်မြှောက်ကာ ထွက်ပေါက်ရှာသွားခဲ့သည့် ဇင်မင်းအောင်ကိုယ်စား ခံပြင်းနေမိသည်။

"သိပ်မကြာတော့ပါဘူးလေ၊ ငါ့ကောင်ကြီးသေခဲ့ရသလို မင်းတို့လည်း ဥပဒေရဲ့ ဆုံးမဒဏ်ခတ်တာကို ခံရမယ်ဆိုတာ မှတ်ထားပေတော့"

ဆားပုလင်းနေဦးတစ်ယောက် တိုးတိုးလေး စိတ်ထဲမှ ပြောလိုက်လေသည်။ သူ တစ်နေရာကို သွားဖို့ ဆုံးဖြတ်လိုက်သည်။

မြို့ပြင်ဘက်ဆီသို့ ရောက်လာသည်။ သူရောက်နေသည့်နေရာက ကြံခင်းစုရပ်ကွက်ပင် ဖြစ်သည်။ ကားလမ်းနှင့် မနီးမဝေးတွင် ရေနံချေးသုတ်ထားသည့် မည်းမှောင်နေသော အိမ်မည်းကြီးကို တွေ့လိုက်ရသည်။ ထိုအိမ်မည်းကြီးရှိရာသို့ ဦးတည်လျှောက်လာသည်။ အိမ်ကြီးရှေ့သို့ရောက်လာသည့်အချိန်မှာ ခြံဝသို့ရောက်လာသည့် မိန်းမချောလေးကို မြင်လိုက်ရသည်။

မိန်းမချောလေးက သူ့ကို စူးစိုက်ကြည့်ပြီး အကဲခတ်နေမှန်းသိသော်လည်း သူက ဟန်မပျက်လျှောက်လာသည်။ ခဏအကြာ နောက်မှခြေသံကြားရသည့်အတွက် လှည့်ကြည့်လိုက်ရာ မိန်းမချောလေးကို တွေ့လိုက်ရသည်။ သူမက အနားရောက်သည်နှင့် ချိုသာသည့်အသံလေးနှင့် မေးလာသည်။

"အစ်ကို့ကို အကဲခတ်ကြည့်နေတာ ဘယ်သူ့ကို လိုက်ရှာနေတာလဲ။ ညီမ ဘာအကူအညီများပေးရမလဲ"

"ဩော်. . . ကျေးဇူးပဲ ညီမ။ အသိအိမ်တစ်အိမ်ကို လိုက်ရှာနေတာပါ။ ကိုယ့်နာမည် နေဦးလို့ခေါ်ပါတယ်။ ဒီကိုရောက်တာ မကြာသေးဘူး"

"အသိအိမ်ကို ရှာလို့မတွေ့ဘူးလား အစ်ကို"



"မတွေ့ပါဘူး ညီမ၊ သူပေးထားတဲ့လိပ်စာက မှားနေတယ်"

"ညီမနာမည်က မြပုဏ္ဏမာလို့ခေါ်ပါတယ်။ ခင်မင်တဲ့သူတွေကတော့ မြမြလို့ခေါ်ကြတယ်၊ အစ်ကိုလည်း မြမြလို့ပဲ ခေါ်နိုင်ပါတယ်ရှင်"

"အစ်ကို ညီမနဲ့သိရတာ ဝမ်းသာပါတယ်၊ ညီမက ဒီမြို့ကပဲလား"

"မဟုတ်ပါဘူး အစ်ကို. . . ပြောင်းလာတာ မကြာသေးပါဘူး"

မန္တလေးက ပြောင်းလာတာ လပိုင်းလောက်ပဲရှိပါသေးတယ်ရှင့်၊ ဒါနဲ့ စပ်စုတယ်လို့ မထင်နဲ့နော်၊ အစ်ကိုက ဘာလုပ်လဲဟင်"

"ကိုယ်က အရောင်းအဝယ်လုပ်ပါတယ်"

"ဩော်. . . ဒီမှာအခြေချတာ ကြာပြီလားရှင်"

"ဟင့်အင်း. . . ရက်ပိုင်းလောက်ပဲ ရှိပါသေးတယ်။ ကဲ. . . အစ်ကို သွားဦးမယ်၊ ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီရှင်. . . နောက်ကြုံရင် မြတို့အိမ်ကို ဝင်နိုင်ပါတယ် အစ်ကို"

သူက ခေါင်းညိတ်ပြပြီး ရှေ့ဆက်လျှောက်လာခဲ့သည်။

မြပုဏ္ဏမာက နေဦး၏ နောက်ကျောကို စူးစိုက်ကြည့်ကာ တွေတွေကြီး ရပ်ပြီး စဉ်းစားနေမိသည်။ သူမစိတ်ထဲတွင်လည်း အတွေးများက ဝင်ရောက်နေရာယူနေကြသည်၊ အတန်ကြာ ရပ်ပြီး စဉ်းစားနေရာမှ သက်ပြင်းတို ချလိုက်ပြီး အိမ်မည်းကြီးဆီသို့ ပြန်လျှောက်သွားလေသည်၊

မြို့၏အနောက်ဘက် အစွန်အဖျားတွင် အိမ်ပျက်ကြီးတစ်ခု ရှိသည်။ ဆန်စက်ပျက်ကြီးပင်ဖြစ်သည်၊ ဆန်စက်ပျက်ကြီးနှင့်အတူ ဂိုဒေါင်ဟောင်းများကိုလည်း တွေ့ရသည်။ ပိုင်ရှင်သူဌေး ရန်ကုန်ပြောင်းသွားပြီး သည်အတိုင်း ပစ်ထားခဲ့သည်မှာ ဆယ်စုနှစ်တစ်စု ပြည့်ခဲ့ပြီ ဖြစ်သည်၊

အချိန်က မှောင်စပျိုးနေပြီ ဖြစ်သည်၊ လူနေအိမ်ခြေများနှင့် အလှမ်းသည့်အပြင် ကီစွမရှိဘဲနှင့် မည်သူမျှ သည်နေရာသို့ မလာကြပေ။

www.burmeseclassic.com



ညည်လိုအချိန်အခါမျိုးမှာ မည်သည့်ကိစ္စကြောင့်ဟု မဆိုနိုင်ဘဲ မိန်းကလေး တစ်ယောက် ရောက်လာသည်။ သူမက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး ဝိုဒေါင်ဟောင်းထဲသို့ ဝင်သွားသည်။

သို့သော်ချက်ချင်းပင် ဂိုဒေါင်ရှေ့သို့ပြန်ထွက်လာပြီး အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ သူမ၏အသွင်က တစ်စုံတစ်ယောက်ကို မျှော်နေဟန် ရှိသည်။ မကြာမီ သူမနှင့် ဆန့်ကျင်ဘက်အရပ်ဆီမှ လူတစ်ယောက် ခပ်သွက်သွက် လျှောက်လာသည်။ ထိုသူ၏မျက်ဝန်းအစုံကလည်း ပတ်ဝန်းကျင်ကို အလစ်မပေးဘဲ ကျိုးကန်းတောင်းမျှောက် လိုက်ကြည့်နေသည်။ ဂိုဒေါင်ရှေ့တွင် ရပ်ပြီး သူတို့စောင့်မျှော်နေသည့် မိန်းကလေးကိုတွေ့သည့်အခါမှသာ စိတ်အေးသွားတော့သည်။

ရောက်လာသည့်သူက မိန်းကလေးကိုကြည့်ပြီး မေးလိုက်သည်။

“အခြေအနေထူးလို့လား”

“ထူးတယ်ရှင့် . . . ထူးတာမှ သိပ်ပြီးကို ထူးတာ”

“ပြောစမ်းပါဦး မြမြ . . . ဘယ်လိုထူးတယ်ဆိုတာကို”

“ဒီမြို့ကို လူစိမ်းတစ်ယောက် ရောက်နေတယ်။ အဲ့ဒါ ရှင်သိသလား”

“ဘယ်လိုလုပ်ပြီး သိမှာလဲ မြမြရယ်၊ ငါက ဒီမြို့မှာနေတာမှ မဟုတ်တာ၊ ဒီလူက ငါတို့နဲ့ ပတ်သက်နေလို့လား”

“ပတ်သက်တာပေါ့ ကိုဇော်ထွေးရယ်။ ဒီလူက ဇင်မင်းအောင်ရဲ့ သူငယ်ချင်း၊ ပြီး . . . ပြီးတော့ နာမည်ကျော်ဆားပုလင်းတစ်ယောက်လည်း ဖြစ်တယ်”

“ဟင် . . . ဒါဆို ငါတို့ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခပါပဲ”

“ဟင်း . . . အခုမှ ဒုက္ခဆိုပြီး ညည်းနေလို့ မရတော့ဘူး။ ဒါနဲ့ ရှင့်ကို နှိုင်းလိုက်တဲ့ကိစ္စ အဆင်ပြေရဲ့လား”



“အဆင်မပြေဘူး မြမြ၊ ဇရပ်ပေါ်မှာ ငါ အဆိပ်ပုလင်းကို ရှာတာ အန့်ပဲ၊ ဘယ်မှာမှ ရှာလို့မရဘူး။ နင်ပြောတဲ့လူများ တွေ့သွားပြီလား မသိဘူး”

သည်စကားကိုကြားလိုက်ရသည့်ခဏမှာပင် မိန်းကလေး၏မျက်နှာက ပျက်သွားတော့သည်။

“ရှင် . . . ရှင်ကလည်း ညံ့လိုက်တာ လွန်ပါရော . . . မပြောကောင်း မဆိုကောင်း အဲ့ဒီအဆိပ်ပုလင်းလေးကိုသာ ရှာလို့တွေ့သွားရင် ကျွန်မတို့ နှစ်ယောက်စလုံး ထောင်နန်းစံရမှာ သေချာတယ်”

“နေပါဦး . . . အဲ့ဒီလူနာမည်က ဘယ်လိုခေါ်သလဲ”

“နေဦး တဲ့ရှင့်၊ ပြောစမ်းပါဦး၊ ရှင်ဘာလုပ်မယ် စိတ်ကူးထားလဲ”

“ငါ ဒီလူ့ကို ရှင်းပစ်လိုက်ရမလား မြမြ”

“မဖြစ်ဘူး . . . မဖြစ်ဘူး မလုပ်နဲ့၊ ရှင် အဲ့ဒီလူကို ရှင်းဖို့ဆိုတာ လွယ်မှာ မဟုတ်ဘူး၊ ရှင် လုပ်လုပ်ရှားရှား ဘာမှမလုပ်နဲ့၊ ရှင်လှုပ်ရှားလိုက်မှ ပိုဆိုးသွားဦးမယ်”

မိန်းကလေးက သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး ဆက်ပြောလိုက်သည်။

“အဲ့ဒါ ခက်တာပေါ့ မြမြရယ်၊ ငါ နင့်ကို အစကတည်းက ပြောခဲ့ဖူးပါတယ်။ ပြီးတာတွေ ပြီးပါစေ။ စိတ်ကို လျှော့လိုက်ပါလို့၊ သံသရာရှည်မယ့် ကိစ္စတွေကို မေ့ပစ်လိုက်ပါလို့ သူရကိစ္စမဖြစ်ခင်ကတည်းက ပြောခဲ့တာ မှတ်မိဦးမှာပါ”

“တော် . . . တော်ပါတော့ရှင်၊ အဲ့ဒါတွေ ဘာမှလာပြောမနေနဲ့၊ ဖြစ်သမျှ အကြောင်း အကောင်းလို့သတ်မှတ်ပြီး ရှင်ဆိုင်ကြတာပေါ့ရှင်။ ကျွန်မ လုပ်ရဲ ရင် ခံရဲပါတယ်”

“အေးလေ . . . အခုလို အခြေအနေမျိုးရောက်လာမှတော့ မထူးတော့

www.burmeseclassic.com

www.burmeseclassic.com



ဝါဘူးလေ"

"ကောင်းပြီ. . . ရှင်ပြန်ပေတော့၊ အခြေအနေကို အကဲခတ်ပြီးမှ ပြန်နော် အကြောင်းထူးရင် ကျွန်မဆက်သွယ်လိုက်မယ်။ ဟုတ်ပြီလား. . . ရှင့်ကိုတော့ တော်တော်နဲ့ ခြေရာခံနိုင်မှာ မဟုတ်ပါဘူးရှင်"

"တဲ. . . ဒါဆို ငါပြန်တော့မယ်"

ထိုသို့ပြောဆိုပြီးသည်နှင့် ကိုဇော်ထွေးဆိုသည့်သူက လာရာလမ်းအတိုင်း ပြန်ထွက်သွားသည်။ ခဏအကြာမှာပင် မိန်းကလေးသည်လည်း ဆန့်ကျင်ဘက်အရပ်ဆီသို့ လမ်းခွဲပြီး ပြန်သွားပါတော့သည်။ သူတို့နှစ်ယောက် ဂိုဒေါင်ဟောင်းထဲမှ ထွက်သွားပြီး ဆယ်မိနစ်လောက်အကြာတွင် ဂိုဒေါင်ဘေးသစ်ပုံဟောင်းများကြားမှ လူတစ်ယောက်ထွက်လာသည်ကို မည်သူမျှ မသိလိုက်ကြပေ။

➤ ➤ ➤

BURMESE CLASSIC .com



## အခန်း-(၁၆)

ဆားပုလင်းနေဦးတစ်ယောက် ဇင်မင်းအောင်အဆိပ်သောက်ပြီး သေဆုံးခဲ့သည့် အမှုနှင့်ပတ်သက်သမျှ ကွင်းဆက်အားလုံးကို ဆက်စပ်နိုင်ခဲ့လေပြီ၊ ထို့ကြောင့် သူစုံစမ်းသမျှ သတင်းအချက်အလက်များကို စုံထောက်မင်းကြီးထံ တင်ပြလိုက်သည်။

ညနေလေးနာရီလောက်တွင် အိုင်ပီဘမြင့်ကို ခေါ်ဆောင်ပြီး ဂါတ်တဲမှ ဂျစ်ကားနှင့် ထွက်လာခဲ့သည်။ သူတို့နှစ်ယောက် မြို့ထိပ်ကားလမ်းဘေးတွင် ရှိသည့် အိမ်မည်းကြီးရှေ့သို့ ရောက်လာခဲ့ကြသည်။ ကားပေါ်မှဆင်းလိုက်ပြီး အိမ်ပေါ်သို့ တက်လာခဲ့ကြသည်။ သူတို့နှစ်ယောက်ကိုမြင်သည်နှင့် မြပုဏ္ဏာဓာ တစ်ယောက် မျက်စိမျက်နှာပျက်နေလေပြီ။ သူမက အစိမ်းရောင်ဝမ်းဆက်တို ဝတ်ဆင်ထားပြီး ဆိုဖာပေါ်တွင် ထိုင်နေသည်။

သူမဘေးရှိ ခုံပေါ်တွင်လည်း ခရီးဆောင်အိတ်တစ်လုံးကို တွေ့ရသည်။ ထို့အပြင် သူမက အိမ်ထဲသို့ လှမ်းကြည့်နေသည်ကိုလည်း နေဦး သတိပြု မိလိုက်သည်။

"ဩော်. . . အစ်ကိုက စုံထောက်ကြီးပါလား၊ ဘယ်လိုကိစ္စများရှိလို့လဲရှင်"

www.burmeseclassic.com

www.burmeseclassic.com

"မြမြ ခရီးသွားမလို့ပြင်ဆင်နေတာနဲ့တူတယ်"

"ဟုတ်ပါတယ် အစ်ကို၊ မန္တလေးက အဖွား အသည်းအသန်ဖြစ်နေတယ်။ အမြန်လာပါဆိုတဲ့ သံကြိုးစာရလို့ သွားမလို့ပါ"

"ဟုတ်ရဲ့လား မြပုဏ္ဏမာ ကိုယ်ကတော့ အဲဒီလို မထင်ဘူး"

"ရှင်"

နေဦး၏စကားကြောင့် မြပုဏ္ဏမာမျက်နှာလေးက ဟန်မဆောင်နိုင်လောက်အောင် ပျက်သွားတော့သည်။ ထိုစဉ် နောက်ဖေးဘက်မှ လူတစ်ယောက် ထွက်လာသည်။ သူတို့နှစ်ယောက်ကိုမြင်သည်နှင့် ထိုသူက လှုပ်ရှားရန် ပြင်လိုက်သည်။ ဆားပုလင်းနေဦးက သေနတ်ကိုထုတ်ပြီး ထိုသူကို ချိန်ထားလိုက်ပြီး လေသံမှန်မှန် တည်တည်ငြိမ်ငြိမ်ပင် ပြောဆိုလိုက်သည်။

"ခုခံဖို့ မကြိုးစားပါနဲ့ ကိုဇော်ထွေး၊ အေးအေးဆေးဆေး အဖမ်းခံပါဗျာ"

"ဩော်. . . စုံထောက်ကျော်ကြီးက ကျွန်တော့်နာမည်ကိုတောင် သိနေမှပဲကိုး"

"ခင်ဗျားနာမည်တင်မကပါဘူးဗျာ၊ အားလုံးကို ကျွန်တော်သိပြီးပါပြီ။ မြပုဏ္ဏမာ ခေါ် မြသန္တာကို သူရနဲ့ဇင်မင်းအောင်သတ်မှုနဲ့ ဖမ်းလိုက်ပါပြီ၊ ကိုဇော်ထွေးကောပေါ့လေ"

"ရှင်. . ."

"ဟင်. . ."

"သိပ်ပြီးတော့များ အံ့သြနေသလား မြမြ၊ ညီမနဲ့ မဟူရာတည်းခိုခန်း အခန်း ၁၃မှာ ကြိုးဆွဲချသေသွားတဲ့ လှဥမ္မာ ခေါ် မြစန္ဒာတို့ဟာ အမွှာညီအစ်မဆိုတာလည်း သိပါတယ်"

"မမနဲ့ အမွှာညီအစ်မဖြစ်တာနဲ့ လူသတ်မှုက ဘယ်လိုပတ်သက်နေလို့လဲရှင့်"



သူမက နေဦးကို စူးစိုက်ကြည့်ပြီး မေးလာခြင်းပင်ဖြစ်သည်။ သူက အိုင်ပီဘမြင့်ကို အချက်ပြလိုက်သည်။ အိုင်ပီဘမြင့်က ယူလာသည့် လက်ထိပ်နှစ်ခုဖြင့် ကိုဇော်ထွေးနှင့် မြပုဏ္ဏမာတို့ကို ခတ်လိုက်သည်။ ပြီးမှ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီး သူမကိုကြည့်ကာ ပြောဆိုလိုက်သည်။

"ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့ မြပုဏ္ဏမာ၊ ရော့. . . ဒီပုလင်းလေးကို ကြည့်စမ်းပါ။ ကိုဇော်ထွေး ဒီပုလင်းကို မြင်ဖူးတယ် မဟုတ်လား၊ ကျွန်တော် ဒီအဆိပ်ပုလင်းလေးကို ဇရပ်အောက်က ကောက်လာခဲ့တာပါ။ ပြီးတော့ ဒီထက်ခိုင်လုံတဲ့ အထောက်အထား ကိုပြောရရင်. . ."

ဆားပုလင်းနေဦးက အဆိပ်ပုလင်းလေးကို ပြန်လည်သိမ်းဆည်းလိုက်ပြီး ဆက်လက်၍ ရှင်းပြလိုက်သည်။

"ကိုဇော်ထွေးနဲ့ မြပုဏ္ဏမာတို့နှစ်ယောက် မြို့ပြင်ဂိုဒေါင်ပျက်ထဲမှာ ပြောခဲ့သမျှတွေ အားလုံးကြားပြီးပါပြီ။"

ထိုသို့ပြောပြီးသည်နှင့် တပြိုင်တည်း နှစ်ယောက်စလုံး ခေါင်းငိုက်စိုက် ကျသွားကြပါတော့သည်။ မြပုဏ္ဏမာ တသိမ့်သိမ့်ငိုရှိုက်နေလေသည်၊

"ဟင့်. . . ဟင့်. . . အဟင့်"

"ကျွန်မ. . . ကျွန်မ မမအတွက် မခံနိုင်လွန်းလို့ လက်စားချေခဲ့တာပါပဲရှင်၊ မမစန္ဒာ အခန်း ၁၃မှာ ကြိုးဆွဲချသေခဲ့တုန်းက ညီမက နယ်မှာ ရောက်နေတယ်လေ။ ကိုသူရရဲ့ တယူသန်စိတ်ကြောင့် မမစိတ်ဆင်းရဲပြီး ကြိုးဆွဲချသေသွားမှန်းသိလိုက်ရတဲ့အချိန်မှာ ဒေါသတွေက ဘယ်လိုမှ ထိန်းချုပ်လို့ မရခဲ့ဘူး။ ကိုသူရနဲ့ ကိုဇင်မင်းအောင်တို့ကို အရမ်းမုန်းတီးနာကြည်းခဲ့မိပါတယ်။ အဲဒီ အမုန်းစိတ်ကို အခြေခံပြီးတော့ ဝိညာဉ်ယောင်ဆောင်၊ ဉာဏ်ကိုလှည့်သုံးပြီး ကိုသူရကို ခြောက်လှန့်ခဲ့တယ်။ အားအင်ချိနဲ့ဒင့်ဖြစ်ပြီး သစ်ပင်ကို ဝင်တိုက်အောင် လုပ်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"တုတ်ပါတယ်ဗျာ. . . ကိုဇင်မင်းအောင်လည်း ဒီလိုနည်းတွေသုံးပြေ ချော့ဘော်လှန့်ခဲ့တယ်။ သူအဆိပ်သောက်ပြီး သတ်သေချင်စိတ်ပေါက်လာအောင် ကျွန်တော်နဲ့ မြမြပူးပေါင်းပြီး ကြံစည်ခဲ့ကြတာပါ။ တာဝန်ရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါတော့ဗျာ"

"အေးဗျာ. . . မှုမမှန်တဲ့စိတ်ထားတွေကြောင့် မြစန္ဒာထစ်ယောက် အဓိပ္ပါယ်မရှိသေခဲ့ရသလို သူရနဲ့ဇင်မင်းအောင်လည်း အချည်းနှီးသေဆုံးခဲ့ရတာပါပဲလေ။ ကျွန်တော်စိတ်မကောင်းပါဘူး ကိုဇော်ထွေး၊ ကဲ. . . တရားဥပဒေကပေးတဲ့ အပြစ်ဒဏ်ကိုခံယူရင်း ခင်ဗျားတို့အပြစ်တွေကို ကျေအောင်ဆပ်ဖို့လိုက်ခဲ့ကြပါတော့ဗျာ"

သည့်နောက် ဂျစ်ကားဖြင့် နှစ်ယောက်စလုံးကို ခေါ်ဆောင်ကာ ဂါတ်တဲရှိရာသို့ ဦးတည်ကာ မောင်းလာခဲ့ကြသည်။ နေဦးတစ်ယောက်လည်း မရှုမလှသေပွဲဝင်ခဲ့ကြသည့် မြစန္ဒာ၊ သူရနှင့် ဇင်မင်းအောင်တို့ ကောင်းရာသုဂတိ ဘုံဌာနသို့ ရောက်ရှိပါစေကြောင်း စိတ်ထဲမှ ကြိတ်ဆုတောင်းလိုက်ရပါတော့သည်။

www.burmeseclassic.com